# နယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေး အဖွဲ့ချုပ်ကြီး (TBC)
# နှစ်စဉ်အစီရင်ခံစာ ၂၀၂၂ ခုနှစ်

မာတိကာ


TBC အဖွဲ့၏အကြောင်း

အစီရင်ခံစာ အကျဉ်းချုပ်

အခန်း (၁) နောက်ဆုံး အခြေအနေ ဖော်ပြချက်

- မြန်မာနိုင်ငံ
- ထိုင်းနိုင်ငံ
- ဒုက္ခသည်များ

အခန်း (၂) သမိုင်းကြောင်း နောက်ခံအခြေအနေ

အခန်း (၃) အစီအစဉ်

- မဟာဗျူဟာ လမ်းညွှန် (၁)။ အိုးအိမ်စွန့်ပစ် ထွက်ပြေးကြရသည့် ရပ်ရွာလူထုများ၊ အထူးသဖြင့် မိန်းမများ၊ ကလေး များ၊ အသက်အရွယ် ကြီးရင့်သူများ နှင့် ဖျားနာသူများ၊ သို့မဟုတ် မသန်စွမ်းသူများ၏ လူသားချင်းစာနာမှု လိုအပ် ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်။

- မဟာဗျူဟာ လမ်းညွှန် (၂)။ အာဟာရ ရရှိမှုမြှင့်တင်ပေးခြင်း နှင့် ထုတ်လုပ်နိုင်စွမ်းရှိသော သက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြင့် စားနပ်ရိက္ခာလုံခြုံရေး ကို အားဖြည့်ပေးရေး။

- မဟာဗျူဟာ လမ်းညွှန် (၃)။ ကာကွယ်ပေးမှုရှိသည့် ဝန်းကျင်ကို မြှင့်တင်ပေးရန် နှင့် ရွှေ့ပြောင်းထွက်ပြေးကြရသူ လူထုများ၊ စစ်ပွဲပဋိပက္ခများကြောင့် ထိခိုက်သက်ရောက်ခံရသည့် လူထုများအတွက် လုံခြုံသည့် ဂုဏ်သိက္ခာရှိသည့် အနာဂတ်များကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်။

- မဟာဗျူဟာ လမ်းညွှန် (၄) တာဝန်ယူ တာဝန်ခံမှု၊ မိတ်ဖက်ပြုမှု နှင့် ဒေသခံတို့၏ ပိုင်ဆိုင်မှုကို အားဖြည့်ပေးခြင်း အားဖြင့် တာဝန်ယူမှုရှိသည့် အသွင်ကူးပြောင်းမှု သေချာဖြစ်ပေါ်စေခြင်း။

အခန်း (၄) အသစ်သော မဟာဗျူဟာ အစီအစဉ် ၂၀၂၃-၂၀၂၅

အခန်း (၅) ဘဏ္ဍာရေး

- ၂၀၂၂ ခုနှစ်အတွက် ခြုံငုံသုံးသပ်ချက်
- ရှေ့အလားအလာ ခန့်မှန်းချက်နှင့် ၂၀၂၂ ခုနှစ် ဘတ်ဂျက် လည်ပတ်ဆောင်ရွက်ပုံ

နောက်ဆက်တွဲများ

- CCSDPT ၏ ဖွဲ့စည်းပုံ
- ဘဏ္ဍာရေးဆိုင်ရာ ဇယားများ
- အမည်အတိုကောက်များ
- အစီအစဉ် လမ်းညွှန် ၂၀၂ ခုနှစ်

# နယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေး အဖွဲ့ချုပ်ကြီး

# THE BORDER CONSORTIUM (TBC)

### မျှော်မြင်ချက်

TBC အဖွဲ့ကြီးက အိုးအိမ်စွန့်ပစ် ထွက်ပြေးရသည့် လူထု အသိုက်အဝန်းများအနေဖြင့် လူ့အခွင့်အရေး ပြည့်ဝသည့်၊ လုံခြုံစွာ နှင့် ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်ပြီး၊ ကွဲပြားခြားနားမှုကို လက်ခံနိုင်မည့် အနာဂတ်တခုကို မျှော်မြင်ထားပါသည်။

### ဦးတည်ချက်

TBC အဖွဲ့ကြီးသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ မဟာမိတ်အဖွဲ့တခု ဖြစ်ပြီး၊ မြန်မာ အရှေ့တောင်ပိုင်းဒေသမှ အိုးအိမ် စွန့်ပစ် ထွက်ပြေးလာရသူများ၊ စစ်ပွဲ ပဋိပက္ခ ထိခိုက်ခံစားကြရသူ လူထုများနှင့် အတူတကွ လုပ်ဆောင်ကာ လူသားချင်း စာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရေးအတွက် လူ့အခွင့်အရေး အခြေခံသည့် ပံ့ပိုးမှုများနှင့် ရပ်ရွာက ဦးဆောင် သည့် ချည်းကပ်မှုများဖြင့် တရားမျှတမှု၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်နေသည်။

### တန်ဖိုးထားမှုများ

- ဂုဏ်သိက္ခာ နှင့် လေးစားမှု အဓိပ္ပါယ်ပြည့်ဝသော ပါဝင်မှု နှင့် ခေါင်းဆောင်မှု
- တရားမျှတမှု နှင့် တန်းတူမှု
- ယုံကြည်မှု နှင့် တည်ကြည်မှု
- ခေါင်းဆောင်မှုတွင် အဓိပ္ပါယ်ရှိသော ပါဝင်နိုင်မှု

### အဖွဲ့ဝင် အဖွဲ့အစည်းများ

Christian Aid, United Kingdom (UK) and Ireland; Church World Service, USA; Dan Church Aid, Denmark; Diakonia, Sweden; Cordaid, Netherlands; Inter Pares, Canada; International Rescue Committee (IRC), USA;

the National Council of Churches Australia (NCCA)-Act for Peace, Australia; and Norwegian Church Aid, Norway.

## TBC အဖွဲ့၏အကြောင်း

TBC အဖွဲ့သည် နိုင်ငံ ၉ ခုမှ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း (အိုင်အဲန်ဂျီအို) ၉-ခု ပေါင်းစည်းထားသည့် အသင်းအဖွဲ့ ဖြစ်သည်။ ၎င်းကို အဖွဲ့ဝင် ၇ ဦးပါဝင်သည့် ဒါရိုက်တာဘုတ်အဖွဲ့က စီမံခန့်ခွဲပြီး၊ အမှုဆောင် ဒါရိုက်တာက ဦးဆောင်သည်။ သူက ဘုတ်အဖွဲ့ကို အစီရင်ခံဖြေကြားရသည်။ အဖွဲ့ဝင်များအဖြစ် စိတ်ဝင်စားမှုနှင့် ဦးတည်ချက်တူညီသည့် (အိုင်အဲန်ဂျီအို) များကို ခွင့်ပြုထားသည်။ TBC အဖွဲ့၏ဌာနချုပ်ရုံးကို ဘန်ကောက်မြို့တွင် ထားရှိပြီး၊ ထိုင်းနိုင်ငံတွင် ရှေ့တန်းရုံးခွဲ ၃ ခု ရှိသည်။

TBC အဖွဲ့က ထိုင်းအစိုးရ (RTG) နှင့် ပူးပေါင်းလုပ်ကိုင်၍ ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန (MoI) ၏ စည်းမျဉ်းများကို လိုက် နာသည်။ TBC အဖွဲ့၏ အမှုဆောင်ကော်မီတီ အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံတွင်း အိုးအိမ်စွန့်ပစ် ထွက်ပြေးလာကြရသူများ အပေါ် ဝန်ဆောင်မှုပေးရေး ပူးပေါင်းဆောင်ရွက်မှု ကော်မီတီ (CCSDPT) ၏ အဖွဲ့ဝင်များလည်း ဖြစ်သည်။ ယင်းတွင် အိုင်အဲန် ဂျီအို အဖွဲ့အစည်း ၁၃ ခု ပါဝင်ပြီး၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် ညှိနှိုင်းဆောင်ရွက်သည်။ TBC အဖွဲ့၏ အစီအစဉ်များသည် CCSDPT/UNHCR တို့၏ ရေရှည်တည်တံ့သည့် အဖြေများ ရှာဖွေရေး မဟာဗျူဟာ မူဘောင် များနှင့်လည်း ကိုက်ညီပြီး၊ ဒုက္ခသည်ကော်မီတီများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ (CBOs)၊ အရပ်ဘက်လူမှုအဖွဲ့အစည်း များ (CSOs) ၏ မိတ်ဖက်ပြုမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည်။

TBC အဖွဲ့သည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ၊ ပြည်ထဲရေး ဝန်ကြီးဌာနတွင် အသင်းအဖွဲ့ မှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင် ထားသည့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်း (INGO) တခု ဖြစ်ပြီး ၂၀၂၂ ခုနှစ်ကုန်အထိ သက်တန်းရှိသည်။ TBC အဖွဲ့သည် မြန်မာနိုင်ငံ INGO ဖိုရမ်နှင့် အရှေ့တောင်ဒေသ အလုပ်အဖွဲ့ (South East Working Group) ၏ အဖွဲ့ဝင်လည်း ဖြစ်သည်။

TBC အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု နှင့် ကပ်ဘေးဆိုင်ရာ ကယ်ဆယ်မှုပေးရေး အဲန်ဂျီအို များ၏ ကျင့်ထုံးများ (Code of Conduct) ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းတခု ဖြစ်သည်။ TBC အဖွဲ့က ၎င်း တာဝန်အောက်တွင် ကျရောက်သည့် ကလေးသူငယ်များအပေါ် ကာကွယ်မှုပေးရေးအတွက် ခိုင်မာသည့် သံန္နိဋ္ဌာန် ချမှတ်ကျင့် သုံးသည်။ TBC အဖွဲ့၏ လိုက်နာရမည့် ကျင့်ထုံးများ၊ ကလေးများ လုံခြုံမှုရှိစေရေးနှင့် ကာကွယ်မှုပေးရေး မူဝါဒ၊ လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်မှု၊ ချိုးဖောက်မှုနှင့် ချိုးနှိမ်စော်ကားမှုဆိုင်ရာ (PSEAH) မူဝါဒကို ဝန်ထမ်းအဖွဲ့ဝင်များ၊ ဘုတ်အဖွဲ့ဝင်များ၊ မိတ် ဖက်အဖွဲ့အစည်းများ၊ ကန်ထရိုက်တာများ၊ ဧည့်သည်များ အားလုံးက လိုက်နာကျင့်သုံးရသည်။ TBC အဖွဲ့က ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်နစ်နာရသူ လူထုများအတွက် အချိန်နှင့်တပြေးညီ၊ အရည်အသွေးရှိသည့် ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းနေ ပါသည်။ လုပ်ငန်းနှင့် ပတ်သက်၍ တစုံလုံးဆိုင်ရာ အတွေးအခေါ်မှာ အစီအစဉ်များ ဒီဇိုင်းရေးဆွဲရာ၊ အကောင်အထည်ဖော်ရာ နှင့် စောင့်ကြည့်မှု၊ တုံ့ပြန်ချက် ရယူမှုများတွင် ရပ်ရွာလူထု၏ ပါဝင်ဆောင်ရွက်မှုကို အမြင့်မားဆုံး မြှင့်တင်ပေးရေး ဖြစ်သည်။

TBC အဖွဲ့သည် အင်္ဂလန် နှင့် ဝေလပြည်နယ် (England and Wales) တွင် အာမခံထားသော ကုမ္ပဏီ (Company limited) တခု ဖြစ်သည်။ (ကုမ္ပဏီအမှတ်- 05255598) အလားတူပင် အင်္ဂလန် နှင့် ဝေလပြည်နယ် (England and Wales) တွင် အလှူရှင် ကော်မရှင် (Charity Commission) တခုအဖြစ် မှတ်ပုံတင်ထားသည်။ (အသင်းအဖွဲ့နံပါတ်- 1109476)။ TBC အဖွဲ့၏ ရုံးလိပ်စာမှာ **35 Lower Marsh, London SE1 7RL** ဖြစ်သည်။ အဖွဲ့အစည်းတခုအနေဖြင့် TBC အဖွဲ့သည် ခရစ်ယာန် အေဂျင်စီများ၏ ညွန့်ပေါင်းအဖွဲ့ချုပ်တခု အဖြစ်မှနေ၍ Consortium of Christian Agencies (1984) မြန်မာနိုင်ငံ နယ်စပ် လျှောက် ကူညီစောင့်ရှောက်ပေးရေးဆိုင်ရာ အဖွဲ့ကြီး Burmese Border Consortium (1991)၊ ထို့နောက် Thailand Burma Border Consortium (2004) နှင့် နောက်ဆုံး လက်ရှိအမည် The Border Consortium (2012) သို့ တဖြည်းဖြည်း ဖွံ့ဖြိုးလာခဲ့ခြင်း ဖြစ်သည်။

TBC အဖွဲ့၏ ၂၀၂၂ ခုနှစ် ထိုင်းနိုင်ငံ နှင့် မြန်မာနိုင်ငံဆိုင်ရာ အစီအစဉ်များအတွက် စုစုပေါင်း လည်ပတ်မှု လုပ်ငန်းအသုံး စားရိတ်မှာ ထိုင်းဘတ်ငွေ (THB) ၈၇၅ သန်း (ခန့်မှန်း အမေရိကန်ဒေါ်လာ (USD) ၂၅.၂ သန်း) ရှိပါသည်။ TBC အဖွဲ့ အစည်း၏ ဝက်ဘ်ဆိုဒ် [www.theborderconsortium.Org](http://www.theborderconsortium.Org) မှ တဆင့် လှူဒါန်းမှုများ ပြုနိုင်သည်။ TBC အဖွဲ့အကြောင်းကို လူမှုကွန်ရက် Facebook နှင့် Twitter တို့တွင်လည်း တွေ့ရှိနိုင်သည်။

## အစီရင်ခံစာ အကျဉ်းချုပ်

ယခု အစီရင်ခံစာသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လွှမ်းခြုံပြီး၊ TBC အဖွဲ့၏ မဟာဗျူဟာလမ်းညွှန်များအပေါ် အခြေခံ၍ ၂၀၂၀-၂၀၂၂ ခုနှစ်များအတွင်း ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် TBC အဖွဲ့၏

ဖြစ်ပေါ်တိုးတက်မှုများကို တင်ပြထား ပါသည်။ TBC အဖွဲ့၏ ကူညီပံ့ပိုးမှုများကို စုစုပေါင်း ၄၆၀,၀၀၀ ဦးရှိသည့် ယောက်ျား၊ မိန်းမ၊ ကလေးငယ်များအတွက် ၂၀၂၂ ခုနှစ်အတွင် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ၎င်းတို့တွင် ထိုင်းနိုင်ငံရှိ ဒုက္ခသည် ၁၀၀,၀၀၀ နှင့် (ဒုက္ခသည်စခန်းများ အတွင်းရှိ လူဦးရေ ၈၀,၀၀၀ ဦးနှင့် စခန်းပြင်ပတွင် နောက်ပိုင်းရောက်ရှိလာသူ ၂၀,၀၀၀ ဦး တို့ပါဝင်သည်)။ မြန်မာနိုင်ငံ အရှေ့တောင် ပိုင်းဒေသရှိ ပြည်တွင်းဒုက္ခသည် အနည်းဆုံး ၃၆၀,၀၀၀ ဦး ထံသို့လည်း ကူညီနိုင်ခဲ့သည်။

ထိုင်းနိုင်ငံတွင် စခန်းအများစုတွင် ကာကွယ်ဆေးထိုးနှံပေးမှု ခိုင်ခိုင်မာမာ ဆောင်ရွက်ပြီးသည့် နောက်ပိုင်းတွင်၊ TBC အဖွဲ့က စခန်းများအတွင်း လူကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်သည့် လှုပ်ရှားမှုများကို သတိထား၍ စတင်ခဲ့သည်။ TBC အဖွဲ့က ဒုက္ခသည်စခန်းများအတွင်း လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ပြည့်မီစေရန် ဆက်လက်၍ ဖြည့်ဆည်းပံ့ပိုးပေးနေပြီး စခန်းပြင်ပတွင် မကြာသေးမီက အသစ်ရောက်ရှိလာသူများအတွက် အရေးပေါ်အကူအညီများကိုလည်း ထောက်ပံ့ပေးခဲ့သည်။ မိခင်၊ နို့တိုက်ကလေးနှင့် မွေးကင်းစ ကလေးငယ်များအတွက် အာဟာရ ရရှိမှုဆိုင်ရာ ပံ့ပိုးပေးမှု (MIYCF) လှုပ်ရှားဆောင်ရွက်မှုများကို ဆက်လက်၍ ဆောင်ရွက်နေပြီး၊ TBC အဖွဲ့က တနှစ်လျှင်နှစ်ကြိမ် အာဟာရ ရရှိမှုဆိုင်ရာ စစ်တမ်းကောက်ယူမှု နှင့် နှစ်စဉ် လူဦးရေ စစ်တမ်းကောက်ယူမှုများကို ဆောင်ရွက်ခဲ့သည်။ ပြီးခဲ့သည့်တနှစ်လုံးတွင် စခန်းကော်မီတီများအတွက် နည်း ပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများနှင့် အရည်အသွေးမြှင့်တင်ပေးမှုများ ဆက်လက်၍ ဆောင်ရွက်ခဲ့သည်။ အိမ်ပြန်ရေးနှင့် တတိယ နိုင်ငံသို့ ပြောင်းရွှေ့အခြေချရေး အစီအစဉ်များကို ကာလ အကန့်အသန့်မရှိ ဆိုင်းငံ့ထားသောကြောင့် ဒုက္ခသည်များ၏ ဂုဏ်သိက္ခာရှိသည့် အနာဂတ်များ သေချာလုံခြုံစွာ ရရှိနိုင်ရေးသည် အဓိကကျသည့် အရေးတကြီးတခု ဖြစ်နေပါသေးသည်။

မြန်မာနိုင်ငံတွင် TBC အဖွဲ့၏ ဒေသခံမိတ်ဖက် အဖွဲ့အစည်းများက အကြမ်းဖက်မှုနှင့် အိုးအိမ်ပြောင်းရွှေ့ထွက်ပြေးမှုများ တွေ့ကြုံရသူ လူဦးရေ ၃၆၀,၀၀၀ ဦး၏ ထိခိုက်သက်ရောက်မှုများကို လျှော့နည်းစေရန် ကူညီပံ့ပိုးနိုင်ခဲ့သည်။ အကျိုးခံစားခွင့်ရှိသူ လူတဦးလျှင် ဒေါ်လာ ၂၀ နှုန်းတန်ဖိုးဖြင့် ထောက်ပံ့ပေးခဲ့သည်။ အရေးပေါ်အကူအညီများကို ငွေသားဖြင့် ထောက်ပံ့ပေးမှုများ၊ စားနပ်ရိက္ခာ အကူအညီ၊ စားနပ်ရိက္ခာမဟုတ်သည့် အကူအညီနှင့်/ သို့မဟုတ် ဆေးဝါးအကူအညှများကို လူထု ၂၆၀,၀၀၀ ဦး အတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။ ကျန်လူထု ၁၀၀,၀၀၀ ဦးအတွက် အခြေအနေ တည်ငြိမ်စေရေး နှင့် ပြန်လည် ထူထောင်ရေး ကြိုးပမ်းမှုများကို ပံ့ပိုးပေးခဲ့သည်။ ဤလုပ်ငန်းများတွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့စေခြင်း၊ အာဟာရ ရရှိ မှု မြှင့်တင်ပေးခြင်း၊ လူမှုရေးအရ ကာကွယ်ပေးမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပါဝင်သည်။

## **အခန်း (၁)။ နောက်ဆုံးအခြေအနေ ဖော်ပြချက်**

## ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံ၏ နိုင်ငံရေးအခြေအနေမှာ အကျယ်အပြန့်အားဖြင့် တည်ငြိမ်မှု ရှိပါသည်။ သို့သော်လည်း အစိုးရဆန့်ကျင်ရေး ဆန္ဒ ပြပွဲများ ကြိုကြား ဆက်လက်ဖြစ်ပေါ်နေပြီး၊ အဓိကအားဖြင့် ဘန်ကောက်တွင် ဖြစ်ပွားတတ်သည်။ မီဒီယာ လွတ်လပ်ခွင့်နှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများအပေါ် ဖိနှိပ်မှုများနှင့် စိုးရိမ်ပူပန်မှုများ လျော့ကျသွားခြင်း မရှိသေးပါ။ ၂၀၂၀ ခုနှစ် ဇူလိုင်လ မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံရေးလှုပ်ရှားမှုများနှင့် ပတ်သက်၍ လူပေါင်း ၁,၈၈၈ ဦး အရေးယူခံခဲ့ရသည်။[1]

စစ်အာဏာသိမ်းချိန်မှစ၍ ထိုင်းနိုင်ငံသို့ စစ်ရေးအရ ကျူးကျော်သည့် ဖြစ်ရပ်များ တိုးများလာခဲ့သည်။ ယခုနှစ်အတွင်း ထိုင်း မြေပေါ်တွင် မြန်မာလက်နက်ကိုင် တပ်ဖွဲ့များ၏ လေကြောင်းမှ တိုက်ခိုက်မှု အချို့နှင့် လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများ ဖြစ် ပေါ် ခဲ့ပြီး၊ မြန်မာလေတပ်၏ ဂျက်တိုက်လေယာဉ်များက ထိုင်းလေပိုင်နက်ကို ကျူးကျော် ချိုးဖောက်မှုများ ရှိခဲ့သည်။ သို့တိုင် အောင် ထိုင်းတော်ဝင်အစိုးရက ဤသို့ ကျူးကျော်သည့် ဖြစ်ရပ်များကို အရေးမကြီးသည့်သဖွယ် မှိန်ပစ်ရန် ကြိုးစားခဲ့သည်။

ပြီးခဲ့သည့် တနှစ်လုံးတွင် COVID-19 ကူးစက်ကပ်ဘေး ဆက်လက်၍ ဖြစ်ပေါ်နေခဲ့သည်။ ခရီးသွားလာခွင့် ကန့်သတ်မှုများကို ဆက်လက် ဖြေလျှော့ခဲ့ပြီး၊ အောက်တိုဘာလတွင် COVID-19 ကူးစက်ကပ်ဘေးနှင့် ပတ်သက်၍ အရေးပေါ်အခြေအနေကို ရုပ်သိမ်းခဲ့သည်။ COVID-19 ကူးစက်ကပ်ဘေး အခြေအနေ စီမံအုပ်ချုပ်မှု စင်တာကို ဖျက်သိမ်းခဲ့သည်။ လူထုအများကြားတွင် နှာခေါင်းစည်း ဝတ်ဆင်မှုကို ယေဘုယျအားဖြင့် ဆက်လက်ကျင့်သုံးဆဲ ဖြစ်သည်။ ကာကွယ်ဆေးထိုးပေးသည့် အစီအစဉ်များ ဆက်လက် ဆောင်ရွက်ဆဲ ဖြစ်ပြီး၊ ထပ်မြှင့် ကာကွယ်ဆေး ထိုးနှံမှုကို အကျယ်အပြန့် ရရှိနိုင်သည်။ ဒီဇင်ဘာလကုန်တွင် ထိုင်းလူဦးရေ၏ ၈၀.၄% မှာ အပြည့်အဝ ကာကွယ်ဆေး ထိုးနှံပြီး ဖြစ်သည်။ ယခုနှစ်ကုန်တွင် ထိုင်းလူဦးရေ စုစုပေါင်း ၄.၇၅ သန်း မှတ်တမ်းအရ ကူးစက်ခံခဲ့ရပြီး၊ ၃၄,၆၆၈ ဦး သေဆုံးခဲ့သည်။ [2]

ထိုင်းနိုင်ငံ၏ ဒုက္ခသည်ဆိုင်ရာ မူဝါဒသည် စိန်ခေါ်မှုတရပ်အဖြစ် ဆက်လက်ရှိနေသည်။ ဒုက္ခသည်အဖြစ် ခိုလှုံခွင့် (asylum) လျှောက်ထားမှုကို များသောအားဖြင့် ကန့်သတ်ထားပြီး၊ ယာယီခိုလှုံခွင့်၊ အကူအညီ ရပိုင်ခွင့်နှင့် ရက်သတ္တပတ်အချို့ထက် ပို၍ ကာကွယ်မှုပေးထားရေးကို ယေဘုယျအားဖြင့် ငြင်းပယ်မှု အပါအဝင် ဖြစ်သည်။ အသစ်ရောက်ရှိလာသူများမှာ သတ် မှတ်ထားသည့် ယာယီခိုလှုံရေး ဧရိယာများတွင် နေရာချထားပေးပြီး ထိုသူများမှာ ယေဘုယျအားဖြင့် ကုလသမဂ္ဂ ဒုက္ခသည် များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် နိုင်ငံတကာ အဲန်ဂျီအိုများထံသို့ တိုက်ရိုက်ဆက်သွယ်ခွင့် မရှိကြပါ။ သို့သော်လည်း အကန့်အသတ်ဖြင့် လူသားချင်းဆိုင်ရာ စာနာမှုအကူအညီများ၊ အဓိကအားဖြင့် အစားအစာနှင့် အစာမဟုတ်သည့် ပစ္စည်းများ ကို ဖြန့်ဝေပေးရန် ခွင့်ပြုသည်။ ဒေသခံရှိရင်းစွဲ ထိုင်း လူမှုအသိုက်အဝန်းများအတွင်း

---

[1] လူ့အခွင့်အရေးအတွက် ထိုင်းရှေ့နေများ (Thai Lawyers for Human Rights) အဖွဲ့မှ ရရှိသောကိန်းဂဏန်း ဖြစ်သည်။ https://tlhr2014.com/en/archives/52536

[2] ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်၊ စနစ်များဆိုင်ရာ သိပ္ပံနှင့် အင်ဂျင်နီယာစင်တာ Center for Systems Science and Engineering (CSSE) ထံမှ COVID-19 Data Repository ကိန်းဂဏန်းများကို ရယူပါသည်။

The Border Consortium

ခိုလှုံနေကြသည့်၊ အထူးသဖြင့် ကရင် နှင့် ကရင်နီအများစု လူထုများရှိသည်။ ထိုသူများမှာ တော်ဝင်ထိုင်းတပ်မတော် (RTA) ၏ အာရုံထားမှု ပြင်ပတွင်ရှိနေကြသည်။ ထို့အပြင် မနည်းလှသည့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ အစု (HRD) သည်လည်း နယ်စပ်တလျှောက် မြို့ပြ များ၊ ဥပမာ မဲဆောက်မြို့တွင် ခိုလှုံနေကြသည်။ ဤသို့ HRDs များ၏ လုံခြုံမှုအဆင့်အတန်းမှာ ကွဲပြားလှသည်။ အချို့သူများ မှာ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နေကြပြီး၊ အချို့မှာ မရှိမဖြစ် နေ့စဉ်လိုအပ်ချက်များ ပြည့်မီရန် ခက်ခဲစွာ ရုန်းကန်နေ ကြရသည်။ လက်ရှိ တော်ဝင်ထိုင်းအစိုးရ (RTG) ၏ မူဝါဒအရ အသစ်ရောက်ရှိလာသူများကို ထိုင်းနိုင်ငံအတွင်း ရေရှည်ဒုက္ခ သည်များအဖြစ် ခိုလှုံခွင့်မပြုဘဲ အများစုမှာ မြန်မာနိုင်ငံသို့ ပြန်သွားကြရသည်။ အချို့သော အိမ်ပြန်ကြသူများမှာ သူတို့၏ ဆန္ဒသဘောထားအလျှောက် အိမ်ပြန်ကြသော်လည်း၊ ဤသို့ အိမ်ပြန်ကြရသူများမှာ စိတ်ဖိစီးမှု များစွာ ရှိနေသည်။ တိုက်ပွဲ များ ရပ်စဲပြီးနောက် ထိုင်းနိုင်ငံတွင် သူတို့ကို ဆက်လက်နေထိုင်ခွင့်မပြုကြောင်း သိထားကြသည်။

စခန်းများအတွင်း နေထိုင်ကြသည့် ဒုက္ခသည်များ၏ အခြေအနေမှာ တဖြည်းဖြည်းနှင့် တည်ငြိမ်လာသည်။ မူလက COVID-19 ကူးစက်ကပ်ဘေးကို တုံ့ပြန်မှုအနေဖြင့် ဆောင်ရွက်ခဲ့သည့် ခရီးသွားလာခွင့် များကို ဖြည်းဖြည်းချင်း ဖြေလျှော့ပေးလာသည်။ ဤသို့ ဖြေလျှော့ပေးလာသည်နှင့်အမျှ အချို့သော ဒုက္ခသည်များ၏ သက်မွေးဝမ်းကျောင်းအတွက် အပြုသဘော သက် ရောက်မှု ဖြစ်စေသည်။ စခန်းပြင်ပတွင် ဒေသဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများကို ရှာဖွေလာနိုင်ကြသည်။ သို့သော် လည်း မှတ်ချက်ပြုရန်မှာ တည်ရှိဆဲ ဒုက္ခသည်စခန်း ၉ ခုတွင် ပြင်ပမှ အသစ်ရောက်ရှိလာသူများအတွက် ပိတ်ပင်ထားဆဲ ဖြစ် သည်။

ဤသို့ အခြေအနေများ ရှိနေသော်လည်း၊ စခန်းအတွင်းရှိ ဒုက္ခသည်များမှာ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ပေါင်းစည်းနိုင်ရေး၊ တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချရေး သို့မဟုတ် မြန်မာနိုင်ငံသို့ ဆန္ဒအလျောက် အိမ်ပြန်နိုင်ရေးအတွက် အလားအလာ နည်းပါသည်။ UNHCR က ပံ့ပိုးကူညီနေသည့် မိမိဆန္ဒအလျောက် အိမ်ပြန်ရေးလုပ်ငန်းစဉ်မှာ မြန်မာနိုင်ငံတွင် အန္တရာယ်များ သည့် လူ့အခွင့်အရေး အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် ဆိုင်းငံ့ထားရသည်။ ထို့အပြင် ဒုက္ခသည်များ တရား ဝင် အလုပ်လုပ်ကိုင်နိုင်ရေး လမ်းကြောင်းမှာလည်း ပိတ်ဆို့နေဆဲရှိသည်။ ထိုသူများ၏ မိမိဘာသာ ဖူလုံရေးနှင့် စီးပွားရေးသာယာဝပြောမှုအတွက် သိသာသည့် စိန်ခေါ်မှုများ ဖြစ်ပေါ်နေစေသည်။

၂၀၁၉ ခုနှစ်တွင် ထိုင်းအစိုးရ ဝန်ကြီးအဖွဲ့က အတည်ပြုခဲ့သည့် နိုင်ငံသား စိစစ်ရေးလုပ်ငန်းစဉ်များသည် ဒုက္ခသည်များနှင့် ခိုလှုံခွင့် တောင်းခံလာသူများအပေါ် တိုးမြှင့်၍ ကာကွယ်မှုပေးနိုင်ရေး ရည်ရွယ်သော်လည်း၊ ဒုက္ခသည်များနှင့် ခိုလှုံခွင့် တောင်းခံလာသူများနှင့် စီးပွားရေးအရ ပြောင်းရွှေ့အခြေချလာကြသူများအကြား စိုးရိမ်ပူပန်ဖွယ်အကြောင်း (individuals of concern) တိကျသေချာ ခွဲခြားထားမှု မရှင်းလင်းသောကြောင့် စိန်ခေါ်မှုများဖြင့် ရပ်တန့်နေရသည်။ ဤသို့ မရှင်းလင်းသော ကြောင့် လုပ်ငန်းစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အခက်အခဲများ ဖြစ်ပေါ်စေသည်။ အမှန်ကတယ် လိုအပ်နေသည့် ကာကွယ်မှုလုပ်ငန်းစဉ်များ သေချာ မဆောင်ရွက်နိုင် ဖြစ်စေသည်။

တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချသူ ၈၀၅ ဦး ရှိပြီး၊ စခန်းများအတွင်း ကလေး ၁,၅၈၇ ဦး မွေးဖွားခဲ့သည်။ ဒီဇင်ဘာလ ကုန်တွင် ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်း ၉-ခု၌ ခန့်မှန်း ဒုက္ခသည် ၈၁,၀၅၀ ဦး နေထိုင်နေသည်။ ယခင်နှစ်နှင့် နှိုင်းယှဉ် လျှင် စုစုပေါင်း ၅၈ ဦး တိုးလာသည်။

## မြန်မာနိုင်ငံ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းချိန်မှ စ၍ ၂၀၂၂ ခုနှစ် အကုန်အထိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) က အရပ်သား ၂,၉၀၀ ဦးကျော်ကို သတ်ဖြတ်ခဲ့ပြီး၊ ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူ ၁၇,၀၀၀ ဦးကျော်ကို ထိန်းသိမ်း၊ သို့မဟုတ် အကျဉ်းချထားခဲ့သည်။ အနည်းဆုံး လူ ၁.၅ သန်းခန့်ကို အိုးအိမ်စွန့်ပစ် ထွက်ပြေးစေခဲ့သည်။ သို့သော်လည်း စစ်ကောင်စီ၏ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ကျေးလက်ဒေသတွင် ဝန်ထမ်းများ ထွက်ပြေးကြသောကြောင့် အကျပ်အတည်း ကြုံရသည်။ တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများ (EROs) နှင့် အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) က အနည်းအကျဉ်းအားဖြင့် သူတို့၏ စီမံအုပ်ချုပ်မှု စွမ်းရည်ကို တိုးချဲ့နိုင်ခဲ့သည်။ အထူးသဖြင့် လူမှုရေးဝန်ဆောင်ပေးမှုများ ပေးရာနှင့် ရပ်ရွာ ရဲလုပ်ငန်းများတွင် ဖြစ်သည်။

မြေပြင်ပေါ်တွင် ထိရောက်စွာ ထိန်းချုပ်နိုင်မှု ကျဆင်းလာသည့် အခြေအနေကြောင့် မြန်မာ့တပ်မတော် အနေဖြင့် လေကြောင်းတိုက်ခိုက်မှုနှင့် သူတို့လက်လှမ်းမီနိုင်သည့် လူထုနေထိုင်ရာ ကျေးရွာများသို့ လက်နက်ကြီးများဖြင့်  ပစ်ခတ်တိုက်ခိုက်မှုကို တိုး၍ အသုံးပြုလာသည်။ တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများ (EROs) နှင့် အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) တပ်ဖွဲ့များက ပေါ့ပါးသည့် ခြေလျင် ကင်းလှည့်စစ်ကြောင်းများဖြင့် တန်ပြန်နိုင်ခဲ့သည်။ လေကြောင်းမှ ဗုံးကြဲတိုက် ခိုက်မှုကို တုံ့ပြန်နိုင်ရန် ပို၍ ခက်ခဲသည်။ မြန်မာစစ်တပ်၏ စစ်ရေးမဟာဗျူဟာမှာ စစ်သား-အရပ်သား မခွဲခြားဘဲ တိုက် ခိုက်သည့် သဘောသဘာဝသို့ တိုး၍ ဖြစ်ပေါ်လာနေသည်။ သို့ဖြစ်ရာ အရပ်သားလူထုများအနေဖြင့် ပို၍ အန္တရာယ်ကြီးမား လာပြီး၊ ယင်းသည် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ဆက်လက်၍ ယိုယွင်းကျဆင်းနေပြီး ယခင် စီးပွားရေးတံခါးဖွင့် ပြုပြင်ပြောင်းလဲမှုများကြောင့် သက်ရောက်ခံစားရသည့် အကျိုးရှိမှုများသည်လည်း ပြန်၍ ပြောင်းပြန် ဖြစ်စေသည်။ ဗဟိုဘဏ်နှင့် အခြားသော အဖွဲ့အစည်းများကို စစ်တပ်၍ ပို၍ ထိန်းချုပ်လာခဲ့သည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) ၏ အကဲဖြတ်ချက်အရ ပြီးခဲ့သည့် ၁၅-နှစ်အတွင်း အောင်မြင်မှုများ ပျက်စီးခဲ့ရပြီး၊ နိုင်ငံလူဦးရေ၏ တဝက်ခန့် သို့မဟုတ် လူ ၂၅ သန်းသည် ဆင်းရဲ တွင်းထဲ ကျရောက်နေရသည်။ ဒေသတွင်းရှိ ကျန်နိုင်ငံများသည် COVID-19 ကူးစက်ကပ်ဘေး၏ စီးပွားရေးအရ ထိခိုက်သက်ရောက်မှုများမှ ပြန်၍ နာလံထူလာပြီ ဖြစ်သော်လည်း၊ မြန်မာနိုင်ငံ၏ လူမှု- စီးပွားရေး အလားအလာမှာ ပို၍ဆိုးရွားစွာ ကျဆင်းနေရသည်။ ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် နှစ်စဉ် ငွေကြေးဖောင်းပွမှုနှုန်း ၁၅% ဖြင့် စီးပွားပျက်ကပ် ကြုံနေရကြောင်း ဖော်ပြသည်။ တချိန်တည်းတွင် လျှပ်စစ်မီး ပြတ်တောက်မှုများနှင့် တရားဝင် ငွေလဲနှုန်းနှင့် ပြင်ပပေါက်စျေး နိုင်ငံခြားငွေ လဲ လှယ်နှုန်း ကွာဟမှု ကြီးမြင့်ခြင်းကြောင့် ပြီးခဲ့သည့်နှစ်တွင် နိုင်ငံ၏ ပြည်တွင်းထွက်ကုန်တန်ဖိုး စုစုပေါင်း (GDP) ၁၅% အထိ ကျဆင်းခဲ့ရသည်။

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ရုံး (UNOCHA) ၏ အစီရင်ခံချက်အရ မြန်မာနိုင်ငံတွင် လူ သားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှု အစီအစဉ် (HRP) အတွက် အမေရိကန် ဒေါ်လာ ၂၉၂ သန်းကို ၂၀၂၂ ခုနှစ်အတွင်း ရန်ပုံငွေ ရှာဖွေနိုင်ခဲ့သည်။ စုစုပေါင်း လူဦးရေ ၄.၄ သန်းကို ကူညီနိုင်ခဲ့သည်။ သို့သော် အကျိုးခံစားခွင့်ရှိသူများ၏ ၄၅% မှာ ရန်ကုန် တွင် နေထိုင်ကြပြီး၊ ကျန် ၁၅% မှာ ရခိုင်ပြည်နယ်မှ ဖြစ်သည်။ ယင်းနေရာများတွင် SAC စစ်ကောင်စီက လူသားချင်းစာနာမှု ဆိုင်ရာ အကူအညီပေးခွင့် ပြုထားသည်။ ပုံမှန် လူသားချင်းစာနာမှုဆိုင်ရာ ဖွဲ့စည်းထားပုံ၏ ၁၇% သော အကျိုးခံစားခွင့်ရှိသူ များသည်သာ ပြည်တွင်းဒုက္ခသည် (IDPs) များ ဖြစ်ကြသည်။

နှိုင်းယှဉ်ချက်အရဆိုလျှင် နယ်စပ်တွင်အခြေပြုသည့် ပုံမှန်တရားဝင် မဟုတ်သော အဖွဲ့အစည်းများ၏ စုပေါင်းဆောင်ရွက်မှု များကြောင့် ၂၀၂၂ ခုနှစ်တွင် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှု အစီအစဉ်များ (HRP) အတွက် သတ်မှတ်ထားသော ဘတ်ဂျက် ၁၀% ထက်ပို၍ ပြည်တွင်းဒုက္ခသည် (IDPs) အရေအတွက် နှစ်ဆမျှကို တိုး၍ အကူအညီပေးနိုင်ခဲ့သည်ဟု ခန့်မှန်းနိုင်သည်။ သို့အတွက်ကြောင့် တိုင်းရင်းသားအဖွဲ့အစည်းများ ထိန်းချုပ်ဒေသများတွင် SAC စစ်ကောင်စီက ဆောင်ရွက်နေသည့် ရက်စက်ကြမ်းကြုတ်မှုများကို ရင်ဆိုင်နိုင်ရေး ရပ်ရွာလူမှု အသိုက်အဝန်းများ၏ ကြံ့ကြံ့ခံနိုင်မှုကို ဖြစ်ပေါ်စေသည်။ ဤသို့ ဖြစ်စေရန် တရားဝင်ဖွဲ့စည်းထားသည့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ဖွဲ့စည်းထားပုံများထက်စာလျှင် ဒေသဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သူများ၏ အားဖြည့်ဆောင်ရွက်ပေးမှုကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ရန်ပုံငွေခွဲဝေပေးမှုတွင် အချိုးအစားမျှတ၍ ခွဲဝေပေးနိုင်ခြင်း မရှိခြင်းကြောင့် အထူးဆိုးရွားစွာ လိုအပ်ချက်များရှိနေသည့် ရပ်ရွာလူထုများထံ ရောက် ရှိ ကူညီပေးနိုင်ရေးအတွက် အခက်အခဲများ ဆက်လက်ဖြစ်ပေါ်နေသည်။

နိုင်ငံ၏ နယ်နိမိတ်ကို ဖြတ်ကျော်၍ အိုးအိမ်စွန့်ပစ် ထွက်ပြေးလာကြရသူများအပြင် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ရှုပ်ထွေးခက်ခဲလွန်းသော အရေးပေါ်အခြေအနေများကြောင့် ဒေသဆိုင်ရာကိုပါ မတည်မငြိမ် ဖြစ်စေသည်။ SAC စစ်ကောင်စီ ထိန်းချုပ်ထားသည့် လက်နက်ကိုင်ပြည်သူ့စစ် အဖွဲ့များက မက်သာအမ်ဖီတမင်း စိတ်ကြွဆေး မှောင်ခိုရောင်းဝယ်မှုများသည် စစ်အာဏာသိမ်းချိန်မှစ၍ မြန်မာနိုင်ငံတွင် ထွန်းကားနေသည့် လုပ်ငန်းများအနက် တခု ဖြစ်သည်။ အချို့သော ပြည်သူ့စစ် အဖွဲ့များ သို့မဟုတ် နယ်ခြားစောင့်တပ်များက ကာစီနို လောင်းကစားရုံများ၊ ငွေလိမ်လည်သည့် လုပ်ငန်းများ၊ အရှေ့တောင် အာရှဒေသတဝန်း လူကုန်ကူးမှုများဖြင့် အကျိုးအမြတ်ဖြစ်နေကြသည်။ COVID-19 နှင့် အခြားကူးစက်ရောဂါများ ပျံ့ပွား ကူး စက်နေမှုသည် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ ဖြစ်ပြီး ဤအကြောင်းအချက်များမှာ နိုင်ငံ၏နယ်နိမိတ် များကို အရေးထားမည် မဟုတ်ပါ။

## အခန်း (၂) သမိုင်းကြောင်း နောက်ခံအခြေအနေ

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ဒုက္ခသည်များ စတင်ထွက်ပြေး ဝင်ရောက်လာခြင်းသည် ၁၉၇၅ ခုနှစ်မှ စတင်ဖြစ်ပေါ်လာခဲ့သည်။ မြန်မာစစ်တပ်က ဆောင်ရွက်သည့် သောင်းကျန်းသူ နှိမ်နင်းရေး စစ်ပွဲများကြောင့် ဖြစ်ပေါ်လာရပြီး၊ နိုင်ငံ၏ အရှေ့တောင်ပိုင်း ဒေသရှိ အရပ်သားပြည်သူများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။ ဤအကျပ်အတည်းကို တုံ့ပြန်ဖြေရှင်းနိုင်ရန် ထိုင်းအစိုးရ (RTG) က ၁၉၈၄ ခုနှစ်တွင် ဒုက္ခသည်စခန်းများကို တည်ထောင်ပေးခဲ့ပြီး ယာယီခိုလှုံရေးစခန်းများအဖြစ် အသိအမှတ်ပြုထား ခဲ့သည်။ ဤစခန်းများသည် မြောက်ပိုင်းတွင် မဲဟောင်ဆောင်ခရိုင်မှနေ၍ ဘန်ကောက်၏ အနောက်တောင်ဖက် ရတ်ချ်ဘူရီ ခရိုင်အထိ ကျယ်ပြန့်စွာ နယ်စပ်တလျှောက် တည်ရှိသည်။ လက်ရှိတွင် ဒုက္ခသည်စခန်း ၉ ခု တည်ရှိနေသည်။

နိုင်ငံတကာ အဖွဲ့အစည်းများစွာ တည်ရှိနေခဲ့ကြသည့် ကမ္ဘောဒီးယားနယ်စပ်နှင့် မတူညီသည့် အခြေအနေမှာ ထိုင်းအစိုးရ (RTG) က လူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့ပေးနိုင်ရန် ကုလ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ကို မဖိတ်ကြားရန် ဆုံးဖြတ်ခဲ့သည်။ ဤရလဒ်ကြောင့် လူများ မြန်မာနိုင်ငံမှနေ၍ ထိုင်းနိုင်ငံသို့ ထွက်ပြေးလာကြရာ အစော ပိုင်းကာလများတွင် လက်တွေ့ကွင်းဆင်းဒေသများ၌ UNHCR  က အကန့်အသတ်ဖြင့်သာ ပါဝင်နိုင်သည်။ ယင်းအစား ၁၉၈၄ ခုနှစ်တွင် အေဂျင်စီအဖွဲ့အစည်း အချို့က မိမိတို့၏ဆန္ဒအလျှောက် ပူးပေါင်းဆောင်ရွက်၍ ထိုင်းအစိုးရ (RTG) ၏ မေတ္တာရပ် ခံချက်ကို တုံ့ပြန်၍ ဒုက္ခသည်များအတွက် အခြေခံလူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးအပ်ခဲ့ကြသည်။ ဤအေဂျင် စီ အဖွဲ့အစည်းများက ခရစ်ယာန်အဖွဲ့အစည်းများ၏ ညွန့်ပေါင်းအဖွဲ့ (Consortium of Christian Agencies) အဖြစ် ဖွဲ့စည်း၍  နောက်ပိုင်တွင် ဘာသာရေးနှင့် ကင်းရှင်းသည့် အေဂျင်စီအဖြစ် ဖွဲ့စည်းဖွံ့ဖြိုးလာကြသည်။ယနေ့ကာလတွင် နယ်စပ် တလျှောက် ကူညီစောင့်ရှောက်ရေး ညွန့်ပေါင်းအဖွဲ့ကြီး (The Border Consortium) ဟု ခေါ်တွင်သည်။ ဒုက္ခသည်စခန်းများ အတွင်း တည်ရှိနေသည့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းပုံနှင့် မိတ်ဖက်ပြု၍ ကယ်ဆယ်ကူညီရေး အစီအစဉ်များကို ညှိနှိုင်းဆောင်ရွက်သည်။ မြန်မာနိုင်ငံမှ ယခင်ရွာလူကြီးများနှင့် ခရိုင်ခေါင်းဆောင်များက ကယ်ဆယ်ရေး အစီအစဉ်များကို ကြီးကြပ် ဆောင်ရွက်ကြသည်။ အချိန်ရလာသည်နှင့်အမျှ ဤဖွဲ့စည်းထားပုံများကို စခန်းများ၏ စီမံခန့်ခွဲမှု စနစ်များအတွင်း ပူးပေါင်း ပါဝင်စေသည်။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာ အခြေခံမူများနှင့် စံနှုန်းများက လမ်းညွှန် ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ကြရသည်။ လက်ရှိတွင် စခန်းများအတွင်းရှိ အဓိကကျသည့် ခေါင်းဆောင်မှု၏ အခန်း ကဏ္ဍ ရွေးချယ်တင်မြှောက်ကြသည်။ ရပ်ရွာလူထု၏ ကိုယ်စားပြုမှုနှင့် ပါဝင်ဆောင်ရွက်နိုင်မှုကို သေချာဆောင်ရွက်ပေး သည်။

## စခန်းများ၏ ခြုံငုံအခြေအနေ

ထိုင်း-မြန်မာနယ်စပ်ရှိ စခန်း ၉-ခုတွင် မတူကွဲပြားသည့် လူထုများ နေထိုင်နေကြသည်။ ယင်းလူထုများ၏ ခန့်မှန်း ၉၀% မှာ ကရင်နှင့် ကရင်နီတိုင်းရင်းသား အုပ်စုများမှ ဖြစ်ကြပြီး ကျန် ၁၀% မှာ အခြားသော တိုင်းရင်းသားများ ဖြစ်ကြသည်။ ကရင် ဒုက္ခသည် ကော်မီတီ (KRC) နှင့် ကရင်နီ ဒုက္ခသည်ကော်မီတီ (KnRC) တို့က စခန်းများ စီမံခန့်ခွဲမှု ယန္တယာများနှင့် စခန်းများ အုပ်ချုပ်ရေးအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်ကြသည်။ စခန်းများအလိုက် အများစုတည်ရှိနေသည့် တိုင်းရင်းသား အုပ်စု များကို ကိုယ်စားပြု၍ ဖွဲ့စည်းထားခြင်း ဖြစ်သည်။ (KnRC) ကော်မီတီက မဲဟောင်ဆောင်ခရိုင်ရှိ ဘန့်မဲနန်းဆွယ် **နှင့် ဘန့် မယ်ဆူရင်းစခန်းများ**ကို ကြီးကြပ်ကြပြီး၊ KRC ကော်မီတီကမူ ခရိုင် ၃-ခု ရှိ **မဲလအုန်း၊ မဲရော်မူ (မဲရမတ်လောင်)၊ မဲလ၊ အုန်းဖျံ မိုင်၊ နိုဖိုး၊ ဘန့်တုန့်ယန်း နှင့် ထမ်ဟင်းစခန်းများ**ကို ကြီးကြပ်ကြသည်။

ဤစခန်းများတွင် အတန်အသင့် လူမှုအသိုက်အဝန်းများ တည်ရှိနေကြသည်။ လူဦးရေအားဖြင့် ခန့်မှန်း ဘန့်မဲဆူရင်းတွင် ၂,၂၅၆ ဦးမှနေ၍ မဲလစခန်းတွင် ၂၉,၆၆၅ ဦး နေထိုင်ကြသည်။ စခန်းတခုချင်းစီတွင် ရွေးချယ်တင်မြှောက်ထားသည့် စခန်း ကော်မီတီက စီမံအုပ်ချုပ်၍ ကြီးကြပ်သည့် ကော်မီတီများနှင့် အလုပ်အဖွဲ့များကို ကဏ္ဍအလိုက် ဖွဲ့စည်းထားရှိသည်။ ဥပမာ အားဖြင့် စားနပ်ရိက္ခာ အကူအညီပေးရေး၊ သက်မွေးဝမ်းကျောင်း၊ အမိုးအကာ၊ လူမှုရေးကိစ္စများ နှင့် ရပ်ရွာလုံခြုံရေး စသည် ဖြင့် အကူအညီများနှင့် ပတ်သက်၍ ဖြစ်သည်။ စခန်းတခုချင်းစီတွင် ရပ်ကွက်များ ခွဲခြားထားသည်။ ရပ်ကွက်တခုချင်းကို စီမံခန့်ခွဲရန် ရွေးချယ်တင်မြှောက်ထားသည့် ခေါင်းဆောင် ၂ ဦး ရှိသည်။ စခန်းများအတွင်း

ရွေးကောက်ပွဲများကို KRC နှင့် KnRC တို့က ချမှတ်ထားသည့် လမ်းညွှန်မှုများနှင့်အညီ ကျင်းပကြသည်။ ရွေးကောက်ခံရသူများတွင် အမျိုးသမီးခေါင်းဆောင် အနည်းဆုံး ၃၀% အောင်မြင်စွာ ပါဝင်နိုင်ရန် စီစဉ်ကြသည်။

TBC အဖွဲ့က စခန်းများအားလုံး၏ အုပ်ချုပ်မှုစနစ် ဖွဲ့စည်းပုံနှင့် ယန္တယားလုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစေရန် ဦးစားပေး ကူညီပံ့ပိုးခဲ့သည်။ အဓိကကျသည့် လူသားချင်းစာနာမှုဆိုင်ရာ စံနှုန်းများ နှင့် စဖီးယားစီမံချက် (Sphere Project) တို့ ကဲ့သို့သော နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် တပြေးညီဖြစ်စေရန် ရည်ရွယ်ခြင်း ဖြစ်သည်။ ခေါင်းစဉ်များစွာအပေါ် သင်တန်းများ ပို့ချ ခဲ့ပြီး ယင်းတို့တွင် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု၊ ဆက်သွယ်ရေး၊ ကျား-မတန်းတူမှု၊ လူမှုရေးအရ ပါဝင်နိုင်မှု၊ လိုက်နာရမည့် ကျင့်ထုံးများ၊ ကလေးများကို ကာကွယ်မှုပေးရေး၊ မဟာဗျူဟာမြောက် အစီအစဉ်ချမှတ်ခြင်း၊ လိင်မှုနှင့် ကျား-မခွဲခြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများ၊ ဝန်ထမ်း စီမံခန့်ခွဲမှု.. စသည်တို့ အပါအဝင် ဖြစ်သည်။

ထိုင်းနိုင်ငံတွင်း အိုးအိမ်စွန့်ပစ် ထွက်ပြေးလာကြရသူများ အပေါ် ဝန်ဆောင်မှုပေးရေး ပူးပေါင်းဆောင်ရွက်မှု ခရစ်ယာန် အေဂျင်စီ အဖွဲ့အစည်းများ ကော်မီတီ (CCSDPT) If CCSDPT is The Committee for Coordination of Services to Displaced Persons in Thailand (CCSDPT), then the translation will be ထိုင်းနိုင်ငံရှိ အိုးအိမ်စွန့်ပစ်ထွက်ပေးရသူများအတွက် ဝန်ဆောင်မှုပေးသည့် ညှိနှိုင်းရေးကော်မီတီ (CCSDPT) အဲန်ဂျီအိုအဖွဲ့ ၁၂ ခု ပါဝင်သည့် ကွန်ရက်ဖြစ်ပြီး စခန်းများအတွင်း ကဏ္ဍပေါင်းစုံ၌ အကူအညီပေးရေးနှင့် ဝန်ဆောင်မှုများကို ညှိနှိုင်းဆောင်ရွက်နေသည်။ ဤကွန်ရက်က အဲန်ဂျီအိုများနှင့် ထိုင်း ပြည်ထဲရေးဝန်ကြီးဌာန ရွှေ့ပြောင်းထွက်ပြေးရသူများဆိုင်ရာ လုပ်ငန်းစင်တာ (OCDP) အကြား အဓိက ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေး၍ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများ လုံလောက်စွာ ပံ့ပိုးပေးနိုင်ရန် သေချာဆောင်ရွက်ပေးနေသည်။ TBC အဖွဲ့သည် အခြားသော အေဂျင်စီများနှင့်အတူ၊ အခြေခံစားနပ်ရိက္ခာ ထောက်ပံ့မှုကို (စမတ်ကဒ် Smart card များမှ တဆင့်) ပင်မအခန်းကဏ္ဍက ဆောင်ရွက်နေသည်။ ထို့အပြင် အမိုးအကာ နှင့် အဓိက အာဟာရများ ပံ့ပိုးပေးမှုများနှင့် သက်မွေးဝမ်းကျောင်း အခွင့်အလမ်းများနှင့် အရည်အသွေး မြှင့်တင်ပေးရေး၊ စခန်းစီမံခန့်ခွဲမှုကိစ္စများကို ပံ့ပိုးကူညီနေသည်။ အခြား သော အဖွဲ့အစည်းများက ကျန်းမာရေးစောင့်ရှောက်မှု၊ ရေနှင့် သန့်ရှင်းရေး၊ ပညာရေး၊ ဥပဒေပိုင်း ကူညီပေးမှု၊ ကာကွယ်မှု ပေးရေးနှင့် ရပ်ရွာဝန်ဆောင်မှု လုပ်ငန်းများ ကူညီပေးနေကြသည်။ TBC အဖွဲ့က စခန်းခေါင်းဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက် ၍ တာဝန်ယူတာဝန်ခံမှု နှင့် တုံ့ပြန်ချက် အကြံများရယူမှု လုပ်ငန်းစဉ်ကိုလည်း တည်ထောင်ထားရှိပြီး လူတဦးချင်း၏ အသံကို ကြားနိုင်အောင် ဆောင်ရွက်ပေးသည်။ ပြဿနာများကို တပြေးညီနှင့် ပွင့်လင်းမြင်သာသည့် နည်းလမ်းများဖြင့် ဖြေရှင်းပေး သည်။ အလားတူပင် တာဝန်ယူတာဝန်ခံမှု လုပ်ငန်းစဉ်များကို စခန်းများအတွင်း၌ အခြားသော ဝန်ဆောင်မှုပေးသည့် အဖွဲ့ အစည်းများက ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးပေးနေကြသည်။

ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန (MoI) သည် စခန်း ၉ ခုလုံး၏ ပတ်ဝန်းကျင် လုံခြုံမှု ထိန်းသိမ်းရေး၊ စောင့်ရှောက်ရေး အတွက် တာဝန်ရှိသည်။ ယာယီခိုလှုံရေးစခန်းများသည် ထိုင်း-မြန်မာ နယ်စပ်နှင့် နီးကပ်သည့်အလျောက် ထိုင်းတပ်မတော်၏ လုံခြုံရေးစောင့်ရှောက်မှုအောက်တွင် တည်ရှိသည်။ ထို့အပြင် အချို့သောစခန်းများသည် သဘာဝပတ်ဝန်းကျင် ကာကွယ် စောင့်ရှောက်ထားသော ဧရိယာများအတွင်း ကျရောက်နေသောကြောင့် တော်ဝင်ထိုင်း အစိုးရ သစ်တောဌာန၏ အုပ်ချုပ်မှု အောက်တွင်လည်း ရှိသည်။ ပြည်ထဲရေးဝန်ကြီးဌာန (MoI) က စခန်းများနှင့် ပတ်သက်သည့်ကိစ္စများအားလုံးကို အမျိုးသား လုံခြုံရေးကောင်စီသို့ အစီရင်ခံရသည်။ စခန်းတခုချင်းတွင် ပလဒ် (Palad) ဟုခေါ်ကြသည့် ဒေသခံထိုင်းအစိုးရ

အရာရှိက စခန်းမှူးအဖြစ် တာဝန်ယူပြီး၊ ယင်းစခန်းကို စီမံခန့်ခွဲမှုအတွက် တာဝန်ရှိသည်။ ပလဒ်အရာရှိ (Palad) က ဒေသခံ အာဏာ ပိုင်များက လုံခြုံရေးအစောင့်အဖြစ် ငှားရမ်းထားသည့်၊ အောဆော် (Aw Saw) ဟုခေါ်သော အကူလက်နက်ကိုင် စေတနာ့ ဝန်ထမ်းများနှင့် ညှိနှိုင်းပူးပေါင်းကာ စီမံခန့်ခွဲသည်။ ထိုသူ အများသည် စခန်းတွင်းရှိ နေထိုင်သူဒုက္ခသည်များနှင့်  တိုင်းရင်း သား လူမျိုးချင်း တူညီကြသည်။

ထိုင်းအစိုးရက ကုလ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ကို ၁၉၉၈ ခုနှစ်တွင် တရားဝင် တည်ရှိလုပ်ဆောင်ခွင့် ခွင့်ပြုခဲ့ပြီးချိန်မှစ၍ ၎င်းအေဂျင်စီက ယင်း၏ပင်မလုပ်ငန်းတာဝန်ဖြစ်သော ဒုက္ခသည်များအပေါ် ကာကွယ်မှုပေးရေး ဝန် ဆောင်မှုများကို စခန်းလူထုများအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ မှတ်ချက်ပြုရန် တခုမှာ ထိုင်းအစိုးရက စခန်းတွင်း နေထိုင်သူများကို ဒုက္ခသည်များအဖြစ် တရားဝင် အသိအမှတ်ပြုမထားပါ။ ထိုသူများကို နေရာပြောင်းရွှေ့ထွက်ပြေးလာ ကြရသူများ (displaced persons) အဖြစ်၊ ယာယီခိုလှုံရေးစခန်းများအတွင်း နေထိုင်စေရန်သာ ခွင့်ပြုထားသည်။ ထိုင်း နိုင်ငံသည် ၁၉၅၁ ခုနှစ် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် သို့မဟုတ် ၁၉၆၇ ခုနှစ် ဒုက္ခ သည်များ အဆင့်အတန်းနှင့် ပတ်သက်သည့် ကျင့်ထုံးများကို အသိအမှတ်ပြု လက်မှတ်ရေးထိုးထားခြင်း မရှိပါ။ သို့သော် လည်း ပြီးခဲ့သည့် ဆယ်စုနှစ် ၄ ခုတွင် ထိုင်းအစိုးရက ဒုက္ခသည်အရေးအတွက် များစွာအတွက် အကူအညီများနှင့် ပံ့ပိုးမှုများ ပေးခဲ့ပါသည်။ ယင်းတို့တွင် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများမှ လူထု ခန့်မှန်းအရေအတွက် ၂ သန်း အပါအဝင် ဖြစ်သည်။

## အခန်း (၃) အစီအစဉ်

၂၀၂၂ တနှစ်လုံးတွင် TBC အဖွဲ့က မဟာဗျူဟာလမ်းညွှန်ချက်များ ပြည့်မြောက်စေရန် လုပ်ဆောင်ခဲ့သည်။ ယင်းတို့တွင် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ ပြည့်မီစေရေး၊ စားနပ်ရိက္ခာ လုံခြုံမှုအတွက် ထောက်ပံ့မှုများ၊ ဂုဏ်သိက္ခာရှိသည့် အနာဂတ်များ သေချာဖြစ်ပေါ် နိုင်ရေး နှင့် ဒေသခံတို့၏ ပိုင်ဆိုင်မှုအဖြစ် အားဖြည့်ပေးခြင်းတို့ ဖြစ်သည်။ စိန်ခေါ်မှုပြဿနာ များ ရှိနေသော်လည်း TBC အဖွဲ့က ဒေသခံမိတ်ဖက် အဖွဲ့အစည်းများနှင့်အတူ သိသာထင်ရှားသည့် ဖြည့်ဆည်းဆောင်ရွက် ပေးမှုများ ပြုနိုင်ခဲ့ပြီး၊ ထိုင်းနိုင်ငံရှိ ဒုက္ခသည်များ၏ လူနေမှုဘဝကို တိုးတက်စေခဲ့သည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ တွင် မတန်တဆ တိုးပွားလာနေသည့် လိုအပ်ချက်များနှင့် စစ်ပွဲပဋိပက္ခများကြောင့် ထိခိုက်နစ်နာရသူ ရပ်ရွာလူထုများကို လည်း တုံ့ပြန်ကူညီပေးခဲ့သည်။

**မဟာဗျူဟာ လမ်းညွှန် (၁)။ အိုးအိမ်စွန့်ပစ် ထွက်ပြေးကြရသည့် ရပ်ရွာလူထုများ၊ အထူးသဖြင့် မိန်းမများ၊ ကလေးများ၊ အသက်အရွယ် ကြီးရင့်သူများ နှင့် ဖျားနာသူများ၊ သို့မဟုတ် မသန်စွမ်းသူများ၏ လူသားချင်းစာနာမှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်။**

**အလေးပေးဖော်ပြချက်များ**

**ထိုင်းနိုင်ငံ**

- စခန်းများအတွင်း ဆက်လက်ဆောင်ရွက်နေသည့် COVID-19 ကာကွယ်ဆေးထိုး အစီအစဉ်များဖြင့် ဒုက္ခသည်လူထု များ၏ ကျန်းမာရေးကို စောင့်ရှောက်ပေး၍ သာယာဝပြောမှုကို ဖြစ်စေသည်။
- TBC အဖွဲ့၏အရေးပေါ် တုံ့ပြန်မှု လုပ်ငန်းဆောင်တာများဖြင့် မကြာသေးမီက ရောက်ရှိလာသည့် ဒုက္ခသည်များ၏ လက်ငင်း လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ထိရောက်စွာဖြေရှင်းပေးနိုင်ခဲ့သည်။ မရှိမဖြစ်လိုအပ်သည့် အကူအညီများနှင့် ကာကွယ်ပေးမှုများ သေချာလုပ်ဆောင်ပေးနိုင်သည်။
- နှစ်စဉ် လူဦးရေ စစ်ဆေးမှုလုပ်ငန်းစဉ်ကို ၂၀၁၉ ခုနှစ်မှ စတင်၍ ပထမဦးဆုံးအကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းတွင် အသစ်သော မသန်စွမ်းမှုဆိုင်ရာ စိစစ် စစ်ဆေးခြင်းလုပ်ငန်းစဉ်များလည်း ပါဝင်သည်။ ဤလုပ်ငန်းစဉ်ဖြင့် ဒုက္ခသည်များ လူဦးရေနှင့်ပတ်သက်၍ တိကျ၍ နောက်ဆုံး သတင်းအချက်အလက်များ သေချာရရှိနိုင်ရန် ဖြစ်စေပြီး၊ ပစ်မှတ်ထားသည့် ပံ့ပိုးကူညီမှုများနှင့် ရင်းမြစ် နေရာစီစဉ် ခွဲဝေချထားခြင်းတို့ဆောင်ရွက်နိုင်ရန် ကူညီပေးသည်။

**မြန်မာနိုင်ငံ**

- ပြည်တွင်းဒုက္ခသည် (IDPs) ၂၂၀,၀၀၀ ဦးအတွက် ငွေသား ကူညီထောက်ပံ့ခြင်း၊ စားနပ်ရိက္ခာ နှင့် အစားအစာ မဟုတ်သည့် အရေးပေါ်ကယ်ဆယ်ရေး အကူအညီများ ထောက်ပံ့ပေးခြင်းဖြင့် အကျိုးဖြစ်စေသည်။
- တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများမှတဆင့် လူပေါင်း ၆၆,၀၀၀ ဦးအတွက် ကျန်းမာရေး ဆေးကုသမှုများ ရရှိစေသည်။

**ထိုင်းနိုင်ငံ**

၂၀၂၂ ခုနှစ်အတွင်း အဓိကကျသည့် လူသားချင်းစာနာမှု လုပ်ငန်းဆောင်တာများကို ထိုင်းနိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပါသည်။ စခန်းတွင်းနေထိုင်သူ ခန့်မှန်း ဒုက္ခသည် ၈၀,၀၀၀ အတွက် ပြတ်လပ်မှုမရှိသည့် စားနပ်ရိက္ခာများကို ဒုက္ခသည်များကိုယ်တိုင် ဦးဆောင်သည့် အစီအစဉ်များမှတဆင့်၊ တန်းတူညီမျှစွာ ထောက်ပံ့သည့် စားနပ်ရိက္ခာကဒ် အစီအစဉ်မှတဆင့် ပံ့ပိုးကူညီနိုင်ခဲ့သည်။ စားနပ်ရိက္ခာလုံခြုံရေးအတွက် ဆက်လက်၍ ထောက်ပံ့ပေးနေသော မီးသွေးနှင့် လောင်စာဆီထောက်ပံ့မှုများကိုလည်း စခန်းတွင်းရှိ သိုလှောင်ရုံများတဆင့် ဖြည့်ဆည်းထောက်ပံ့ပေးခဲ့သည်။ ဤသို့ ထောက်ပံ့ပေးရာ၌ ဒုက္ခသည်စခန်းကော်မတီများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ခန့်အပ်ထားသည့် သိုလှောင်ရုံ ဂိုဒေါင်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြပါသည်။ ခရီးသွားလာမှု ကန့်သတ်ထားခြင်းများကြောင့် သက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ အကန့်အသတ်ရှိနေခြင်း နှင့်အတူ၊ ကမ္ဘာတဝန်းတွင် အစားအစာဈေးနှုန်းများ ကြီးမြင့်လာမှုကြောင့် TBC အဖွဲ့က စားနပ်ရိက္ခာကဒ် စနစ်တွင် တန်ဖိုးကိုတိုးမြှင့်၍ ဆက်လက် ထောက်ပံ့ပေးခဲ့သည်။ အလားတူပင် ဒုက္ခသည်များအနေဖြင့် စုံလင်ထွေပြားသည့် အစားအသောက် ရရှိနိုင်ရေး အတွက် နှင့် စားနပ်ရိက္ခာအပေါ် ပူပင်ရမှုလျှော့ကျစေရေးအတွက် မီးသွေးကို တိုးမြှင့် ထောက်ပံ့ခဲ့သည်။ ထို့အပြင် TBC အဖွဲ့ က စခန်းများအတွင်း စားနပ်ရိက္ခာကဒ် တန်ဖိုးအပေါ် အခြေခံ၍ အာဟာရ ရရှိမှုဆိုင်ရာ အကဲဖြတ်မှုကို

၃-လတကြိမ် ဆောင် ရွက်၍ စခန်းများအတွင်း အထူးထိခိုက်နစ်နာဖွယ်ရှိသူများအဖို့ အာဟာရပြည့်ဝသည့် အစားအစာများကို လစဉ် စားနပ်ရိက္ခာ အစုအတွင်း အပြည့်အဝ ရရှိနိုင်ရေး သေချာဆောင်ရွက်ပေးသည်။ ၃-လတကြိမ် ဆောင်ရွက်သည့် ရိက္ခာဖြန့်ဝေပြီးနောက် စောင့်ကြည့်လေ့လာမှု အစီအစဉ်အရ စခန်းများအားလုံးတွင် စားနပ်ရိက္ခာ လုံခြုံမှု အမြဲတစေ မြင့်မားစွာ ရှိနေကြောင်း ပြသ နေပါသည်။

အမိုးအကာ အဖွဲ့များသည် အမိုးအကာဆိုင်ရာ ပစ္စည်းများ ဖြန့်ဝေပေးခဲ့ပြီး ဖြစ်သည်။ အဓိကကျသည့် အဆောက်အဦများ အတွက်လည်း ပစ္စည်းများ သိုလှောင်သိမ်းဆည်းထားသည်။ အမိုးအကာပစ္စည်း ဖြန့်ဝေပြီးနောက်ပိုင်း စောင့်ကြည့်လေ့လာမှု ကို ဆောင်ရွက်ခဲ့ပြီး ၉၇% သော အိုးအိမ်များတွင် လူနေထိုင်နေကြောင်း တွေ့ရှိရသည်။ ၉၀% သော အိမ်ထောင်စုများမှာ အမိုးအကာ လိုအပ်ချက် စံနှုန်းကျ ကိုက်ညီပြီး၊ ၉၀% သော အမိုးအကာများမှာ ဘေးကင်းလုံခြုံကြောင်း တွေ့ရှိရသည်။ ၁၀% သော အဆောက်အဦများကို ပြင်ဆင်ရန်၊ သို့မဟုတ် ဖျက်သိမ်းရန်အတွက် ဖြစ်သည်။

နှစ်စဉ် လူဦးရေ စိစစ်စစ်ဆေးမှု (APV) လုပ်ငန်းစဉ် ၂၀၂၂ ခုနှစ်အတွင်း အောင်မြင်စွာ ပြီးဆုံးခဲ့မှုသည် ထင်ရှားသည့် အောင်မြင်မှုရလဒ် တခု ဖြစ်ပါသည်။ အထူးသဖြင့် COVID-19 ကူးစက်ကပ်ဘေးကြောင့် အကြိမ်ကြိမ် ကြန့်ကြာမှုများ ဖြစ်ခဲ့ရသည်။ ဤလုပ်ငန်းစဉ်ကို ၂၀၁၉ ခုနှစ်မှ စတင်၍ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။ သို့ဖြစ်ရာ အရေးကြီးသည့် ဒေတာ အချက်အလက်များ ရရှိနိုင်ပြီး အစီအစဉ်များ ဒီဇိုင်းရေးဆွဲရာနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် သတင်းအတွက် အထောက်အကူ ဖြစ်စေပါသည်။

နှစ်စဉ် လူဦးရေ စိစစ်စစ်ဆေးမှု (APV) လုပ်ငန်းစဉ်၌ မှတ်ချက်ပြုရန် ဖြစ်ပေါ်တိုးတက်မှုတခုမှာ မသန်စွမ်းသူများ (PwD) ၏ ဒေတာ အချက်အလက်များ ထည့်သွင်းကောက်ယူခဲ့ခြင်း ဖြစ်သည်။ ဝါရှင်တန်အုပ်စုဆိုင်ရာ မေးခွန်းများ Washington Group questions ကို အသုံးပြုခဲ့သည်။ ဤသို့ ထည့်သွင်းဆောင်ရွက်နိုင်ခြင်းကြောင့် ဒုက္ခသည်လူထုများအတွင်း မသန်စွမ်းသူများ၏ မတူခြားနားသည့် လိုအပ် ချက်များ၊ ရင်ဆိုင်နေရသော စိန်ခေါ်မှုများအပေါ် ပို၍ ပြည့်စုံစွာ နားလည်သိရှိနိုင်သည်။ ဤသို့ ကောက်ယူခဲ့သည့် သတင်း အချက်အလက်များသည် TBC အဖွဲ့၏ ဒေတာများကို အခြေခံ၍ ပြုသည့် အစီအစဉ်များ ဒီဇိုင်း ရေးဆွဲမှု၊ လုပ်ငန်းဆောင်တာများနှင့် ကြားဝင် ဆောင်ရွက်ပေးမှုများသည် တိကျသည့် လိုအပ်ချက်များအတိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် အတိအကျ ဖြစ်စေသည်။ အထူးအရေးပါပြီး လူထုများအားလုံး၏ ပါဝင်ဆောင်ရွက်နိုင်ခွင့်ကို ဖြစ် ပေါ်စေသည်။

COVID-19 ကူးစက်ကပ်ဘေးကြောင့် ပြောင်းလဲလာသည့် အခြေအနေများနှင့် လျော်ညီစွာ TBC အဖွဲ့က အစည်းအဝေးများ နှင့် သင်တန်းများကို ချည်းကပ်ပုံ အသစ်ဖြင့် ပြောင်းလဲစီစဉ်ခဲ့သည်။ မျက်နှာချင်းဆိုင် လူတွေ့အစည်းအဝေးများ ဆောင်ရွက် နိုင်ပြီ ဆိုသော်လည်း သိသာထင်ရှားသည့် စုဝေးမှုများ၊ သင်တန်းများကို ဆက်လက်၍ အွန်လိုင်းဖြင့် အဝေးမှတက်ရောက်စေ ပြီး ဆောင်ရွက်နေရဆဲ ဖြစ်သည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် လူအများတက်ရောက်နိုင်ခြင်း နှင့် ပါဝင်နိုင်မှု ပိုတိုးများစွာ ဆောင်ရွက်နိုင်သည်ကို သက်သေပြနေသည်။ အကြောင်းမှာ လူများက ဤအစည်းအဝေး/ သင်တန်းများကို နေရာအမျိုးမျိုးမှ တက်ရောက်နိုင်ပြီး လူကိုယ်တိုင် ခရီးထွက်လာရန် မလိုအပ်ပေ။ ဤသို့ အင်အားစုအများ ပါဝင်နိုင်မှုကြောင့် မတူခြားနား သည့် ဒုက္ခသည်လူထုများ၏ အသံများကို သေခြာကြားနိုင်ပြီး၊ သတင်းများ သေချာသိ၍ ဆုံးဖြတ်ချက်ချရသည့် လုပ်ငန်းစဉ် များတွင် ပါဝင်စေနိုင်သည်။

ယခုနှစ်ကုန်တွင် စခန်းများအတွင်း COVID-19 ကူးစက်ခံရသူ (အတည်ပြုနိုင်သူ) ၇,၁၅၂ ဦးရှိ၍ သေဆုံးရသူ ၄၃ ဦး ရှိခဲ့သည်။ ဗိုင်းရပ်စ်ပိုး ဆက်လက်ရှိနေခြင်းနှင့် ဒုက္ခသည်လူထုများအပေါ် သက်ရောက်နိုင်ခြေကို မီးမောင်းထိုးပြနေသည်။ ကာကွယ် ဆေး ထိုးနှံပေးမှုများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အသက် ၁၈-နှစ်နှင့်အထက်ရှိ ဒုက္ခသည် ၂၆,၄၅၅ ဦးသည် COVID-19 ကာကွယ်ဆေး အနည်းဆုံးတကြိမ် ရရှိခဲ့သည်။ လူပေါင်း ၂၃,၈၈၃ ဦးမှာ အပြည့်အဝ ကာကွယ်ဆေးထိုးနှံပြီး ဖြစ် သည်။ သို့သော်လည်း စခန်းများအလိုက် ကာကွယ်ဆေးထိုးနှံသူ နှုန်း ကွာခြားသည်။ အချို့သော စခန်းများတွင် ကာကွယ် ဆေး ထိုးနှံမှုနှုန်း မြင့်မားသည် (ဥပမာ- ဘန့်မဲဆူရင်းတွင် အရွယ်ရောက်ပြီးသူများ ကာကွယ်ဆေး အနည်းဆုံးတကြိမ် ထိုးနှံ ပြီးမှု ၉၅% ရှိပြီး၊ မဲလအုန်းစခန်းတွင် နှိုင်းယှဉ်ချက်အရ နိမ့်သည်။ ဆေးတကြိမ်ထိုးပြီးသူ ၁၈% သာ ရှိသည်။ အချို့သောစခန်း များတွင် ကာကွယ်ဆေးထိုးရန် တုံ့ဆိုင်းမှုများ ရှိနေသည်။

TBC အဖွဲ့က စခန်းကော်မီတီများ၊ ကျန်းမာရေးအေဂျင်စီများ၊ ရပ်ရွာလူထု ခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်မှုပြု၍ ကာကွယ်ဆေး ထိုးနှံရေးအတွက် တက်ကြွစွာတိုက်တွန်းကြသည်။ စခန်းများအတွင်း ချီတုံချတုံ ဖြစ်နေမှုကို ဖြေရှင်းနိုင်ခဲ့ သည်။ စခန်းရှိ သတင်းပြန်ကြားရေးအဖွဲ့များကလည်း တိကျသော သတင်းပေးရေး၊ အလွဲအမှား ယုံကြည်နေမှုများ ပပျောက် စေရေး နှင့် COVID-19 ကူးစက်ရောဂါနှင့် ပတ်သက်၍ အကောင်းဆုံး ကျင့်သုံးမှုများ ဆောင်ရွက်ရန် စည်းရုံးတိုက်တွန်းရာ၌ အရေးပါသော အခန်းကဏ္ဍက ပါဝင်ခဲ့ကြသည်။ ဤကြိုးပမ်းချက်များတွင် ရုပ်ရှင်ပြသခြင်း၊ အိမ်များသို့ လည်ပတ် ဆွေးနွေး ခြင်းနှင့် အွန်လိုင်းမှ သတင်းဖြန့်ဝေပေးခြင်းတို့ ပါဝင်သည်။

၂၀၂၁ ခုနှစ်အတွင်း ကရင်နှင့် ကရင်နီပြည်နယ်အတွင်း တနှစ်ပတ်လုံး တိုက်ပွဲများ ဆက်လက်ဖြစ်ပေါ်နေပြီးနောက် အိုးအိမ် စွန့်ပစ် ထွက်ပြေးမှုများ ဆက်လက်ဖြစ်ပေါ်နေသည်ကို မြင်ကြရသည်။ TBC အဖွဲ့က ဆက်လက်၍ မိမိတို့၏ အရေးပေါ်တုံ့ပြန် မှု အစီအစဉ်များအတိုင်း အသစ်ရောက်ရှိလာသူ ဒုက္ခသည်များအတွက် အကောင်အထည်ဖော်ပေးနေသည်။ TBC အဖွဲ့က အနီးစပ်ဆုံး အနာဂတ်ကာလများအထိ အသစ်ရောက်ရှိလာသူ ဒုက္ခသည်များကို အကူအညီများ ပံ့ပိုးပေးနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။

**မြန်မာနိုင်ငံ**

ရန်လို အန္တရာယ်ရှိသည့် ပတ်ဝန်းကျင် အခြေအနေရှိနေသော်လည်း၊ TBC အဖွဲ့နှင့် မိတ်ဖက်များက သိပ်မမြင်မသိသာစေဘဲ၊ ရပ်ရွာဦးဆောင်သည့် အရေးပေါ်တုံ့ပြန်မှု အစီအစဉ်များကို တိုးမြှင့်ပေးနိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ်အတွင်း ထိခိုက်နစ်နာရသူ လူ ဦးရေ ၂၆၀,၀၀၀ ၏ ဒုက္ခများကို လျှော့နည်းကျဆင်းစေနိုင်ခဲ့သည်။ အကူအညီများကို မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း (CSOs) နှင့် တိုင်းရင်းသား ဝန်ဆောင်မှုပေးရေး အဖွဲ့များ ၃၀ ပါဝင်သည့် ကွန်ရက်မှတဆင့် ဖြန့် ဝေပေးနိုင်ခဲ့သည်။

၃-လစာ စားနပ်ရိက္ခာ ထောက်ပံ့မှုနှင့် ညီမျှသည့် ငွေသားထောက်ပံ့ပေးမှုကို ပြည်တွင်းဒုက္ခသည် ၁၈၀,၀၀၀ ဦး အတွက် ဖြန့်ဝေပေးနိုင်ခဲ့သည်။ အစားအစာ အနည်းငယ်၊ ငွေသားထောက်ပံ့မှု နှင့် ယာယီ အမိုးအကာ၊ အစားအစာမဟုတ်သည့် ထောက်ပံ့ပစ္စည်းများကို အလားတူ စစ်ဆင်ရေးထိုးစစ်များကြောင့် ဒုက္ခရောက်ရသူ လူ ၄၀,၀၀၀ ဦးအတွက် ဖြန့်ဝေထောက်ပံ့ ပေးခဲ့သည်။ ဤထောက်ပံ့မှုများနှင့်အတူ ဝေးလံသည့် ကျေးရွာများရှိ လူပေါင်း ၆၆,၀၀၀ ဦးကို

အရေးပါသည့် ကျန်းမာရေး ထောက်ပံ့မှုများ ပေးနိုင်ခဲ့သည်။ အထူးသဖြင့် အဖြစ်များရောဂါများ ကုသပေးခြင်းနှင့် COVID-19 ကူးစက်ပြန့်ပွားမှု လျှော့နည်း ကျဆင်းစေခြင်း ဖြစ်သည်။

အဓိက အကျိုးခံစားခွင့် ရှိသူများမှာ ကရင်ပြည်နယ် မြောက်ပိုင်း၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်ရှိ စစ်တပ်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများ၏ ပစ်မှတ်ဖြစ်သည့် အရပ်သားလူထုများ ဖြစ်ကြသည်။ အကူအညီများကို နိုင်ငံရေးအရ ဖိနှိပ်ချိုးနှိမ်မှုများ ခြိမ်းခြောက်မှုများကြောင့် တိုင်းရင်းသားဒေသများသို့ ထွက်ပြေးလာကြရသည့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးနေသူများ၊ အစိုးရဝန်ထမ်းများနှင့် ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူများ၏ လိုအပ်ချက်များအပေါ်တွင်လည်း တုံ့ပြန်ထောက်ပံ့ ပေးခဲ့သည်။

ပြီးခဲ့သည့် ဆယ်စုနှစ် ၃-ခုအတွင်း ဒေသခံမိတ်ဖက် အဖွဲ့အစည်းများတွင် အကူအညီများ ပစ်မှတ်ထားပေးမှု နှင့် ဖြန့်ဝေမှုဆိုင် ရာ အခြေခံမှုများ၊ လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်လာခဲ့ရာ စိန်ခေါ်မှုပြဿနာမှာ ဒေသခံများ၏ အရည်အသွေး မြှင့်တင်ပေး ရေး မဟုတ်တော့ပေ။ ယင်းအစား အဓိကစိန်ခေါ်မှုမှာ အလှူရှင်အစိုးရများ၏ နိုင်ငံရေးအရ ဆန္ဒရှိမှုနှင့် အရင်းအမြစ်များ ထောက်ပံ့ပေးမှုကို လှုံ့ဆော်တိုက်တွန်းရန် ဖြစ်နေသည်။

**သင်ခန်းစာများ**

**ထိုင်းနိုင်ငံ**

- စခန်းခေါင်းဆောင်များက ရပ်ရွာစခန်းများအတွင်း အရေးပါသည့်အခန်းကဏ္ဍက ဆောင်ရွက်နိုင်ပြီး၊ COVID-19 ကူးစက်ဘေးနှင့် ပတ်သက်၍ သတင်းစကားပေးနိုင်မှု နှင့် ကာကွယ်ဆေး ထိုးနှံရေးလှုံ့ဆော်မှုများက အထင်အရှား ပြသနေသည်။
- စခန်းပြင်ပတွင် အရေးပေါ်တုံ့ပြန် ကူညီမှုများ ပြုနိုင်ခဲ့သည်။ TBC အဖွဲ့၏ ဒေသခံ အဖွဲ့အစည်းများ၊ ဒေသခံ ထိုင်း အာဏာပိုင်များနှင့် မိတ်ဖက်ပြုထားမှုက အကူအညီများ ဖြန့်ဖြူးပေးရာတွင် အထူးအရေးပါသည်ကို ပြသနေသည်။
- TBC အဖွဲ့၏ အရေးပေါ်တုံ့ပြန် ဆောင်ရွက်မှု အစီအစဉ်များကို အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ထောက်ပို့ဆိုင်ရာ အစီအစဉ် ရေးဆွဲခြင်းနှင့် ပြင်ဆင်မှုများကြောင့် အကျိုးဖြစ်ထွန်းရမှုက အလေးထားစရာ ဖြစ်သည်။

**မြန်မာနိုင်ငံ**

- အခြားသော အရပ်ဘက်လူ့အဖွဲ့အစည်းများက ကယ်ဆယ်ရေး အကူအညီပေးမှုကို တတိယသူတဦးက စိစစ် စစ်ဆေးခြင်းကို သေချာအားကောင်းအောင် ဆောင်ရွက်နိုင်သည်။ အဝေးမှနေ၍ စောင့်ကြည့်လေ့လာသည့် လုပ်ငန်းစဉ်ရော၊ အဂျေင်စီများအတွင်း ပူးပေါင်းဆောင်ရွက်မှုအတွက်ပါ အားဖြည့်ပေးနိုင်ခဲ့သည်။
- ငွေကြေးဆိုင်ရာ စွန့်စားရမှုများအပေါ် အလှူရှင်များက မလိုလားမှုများ တိုး၍ဖြစ်ပေါ်နေရာ၊ ဒေသခံမိတ်ဖက် အဖွဲ့အစည်းများ၏ ကိုယ်ကာယဆိုင်ရာ လုံခြုံရေးအန္တရာယ် စွန့်စားရမှုများ လျှော့ချနိုင်ခြင်းသည် ဤအချက်အတွက် သောချက် ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးများ၏ ကျန်းမာရေးစနစ်များတွင် ရင်းနှီးမြှုပ်နှံမှုပြုခြင်းဖြင့် ရေတို

နှင့် ရေရှည်အတွက်ပါ ပြည်သူ့ကျန်းမာရေး ကိစ္စများနှင့် လူမှုရေးအရ ညီညွတ်ချစ်ကြည်စေခြင်းတို့အတွက် အကျိုး ရလဒ်များ ဆောင်ကျဉ်းပေးပါသည်။

**မဟာဗျူဟာ လမ်းညွှန် (၂)။ အာဟာရ ရရှိမှုမြှင့်တင်ပေးခြင်း နှင့် ထုတ်လုပ်နိုင်စွမ်းရှိသော သက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြင့် စားနပ်ရိက္ခာလုံခြုံရေး ကို အားဖြည့်ပေးရေး။**

**အလေးပေး ဖော်ပြချက်များ**

**ထိုင်းနိုင်ငံ**

- တနှစ်လျှင် ၂-ကြိမ် အာဟာရ ရရှိမှုဆိုင်ရာ စစ်တမ်းကောက်ယူမှုကို ၂၀၁၉ ခုနှစ်မှစတင်၍ ပထမဦးဆုံးအကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။
- ရပ်ရွာဈေးငွေ့ အစီအစဉ်ဖြင့် အိမ်ထောင်စု ၁,၁၆၀ ခုအတွက် ပံ့ပိုးနိုင်ခဲ့ပြီး၊ ဝင်ငွေ ရှာဖွေဖန်တီးနိုင်ရေးနှင့် သက်မွေး ဝမ်းကျောင်းမှု လုပ်ငန်းများ ဆောင်ရွက်စေနိုင်ခဲ့သည်။
- ရပ်ရွာပိုင် ဥယျာဉ်များဖြင့် ဒုက္ခသည်များကို ဖြည့်စွက်အစာ ရရှိနိုင်ရေး ဆက်လက်၍ ပံ့ပိုးကူညီနိုင်သည်။ ဒေသထွက်ကုန် လတ်ဆပ်သည့်ဟင်းသီးဟင်းရွက်များ ရရှိစေသည်။

**မြန်မာနိုင်ငံ**

- အရေအတွက် ၈,၀၀၀ ခန့်ရှိမည့် မိမိဘာသာ ရပ်တည်ဖူလုံရေး လယ်သမားတို့အတွက် စိုက်ပျိုးရေးထုတ်လုပ်မှု အထွက်တိုးစေခဲ့သည်။
- စစ်ပွဲ ပဋိပက္ခဖြစ်ပွားရာဒေသရှိ ရပ်ရွာလူထုများအတွက် ရေရရှိရေး၊ မိလ္လာနှင့် တကိုယ်ရေသန့်ရှင်းရေးကိစ္စများကို လူထု ၃၇,၀၀၀ အတွက် ရရှိစေနိုင်ခဲ့သည်။
- ရေတိုပြင်းထန် နှင့်/သို့မဟုတ် နာတာရှည် အာဟာရချို့တဲ့မှုကို တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများမှ တဆင့် ကလေးသူငယ် ၄၀,၀၀၀ ဦးအတွက် လျှော့ချ ကျဆင်းစေခဲ့သည်။

**ထိုင်းနိုင်ငံ**

စခန်း ၉-ခုလုံးတွင် တနှစ်လျှင် ၂-ကြိမ် ဆောင်ရွက်သည့် အာဟာရ ရရှိမှုဆိုင်ရာ စစ်တမ်းကောက်ယူနိုင်ခဲ့သည်။ ဤသည်မှာ COVID-19 ကူးစက်ကပ်ဘေး ဖြစ်ပွားပြီးနောက် ၂၀၁၉ ခုနှစ်မှ စတင်၍ ပထမအကြိမ် ဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။ ဤစစ် တမ်း၏ ရလဒ်များကို ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် ထုတ်ပြန်နိုင်မည်ဟု မျှော်လင့်ရသည်။

၃-လတကြိမ် စားနပ်ရိက္ခာ လုံခြုံမှု- ဖြန့်ဝေပြီးနောက် စောင့်ကြည့်လေ့လာမှု (PDM) စစ်တမ်းကို သတ်မှတ်ကာလတွင် ဆောင်ရွက်နိုင်ခဲ့သည်။ သို့အတွက်ကြောင့် ဒုက္ခသည်လူထုများအတွင်း စားနပ်ရိက္ခာလုံခြုံမှုနှင့် ပတ်သက်၍ တန်ဖိုးရှိသော

အတွင်းကျကျ သိမြင်မှု ရရှိနိုင်ခဲ့သည်။ နှစ်စဉ် PDM စစ်တမ်းဖြင့် ၃-လတကြိမ် စစ်တမ်းများမှ ရရှိသည့် ဒေတာ သုံးသပ်ချက် များကို အနှစ်ချုပ်ခဲ့ရာ၊ ၉၂% သော အိမ်ထောင်စုများက လက်ခံနိုင်ဖွယ် စုံလင်ထွေပြားသည့် အစားအစာများ ရရှိကြသည်ဟု ဖော်ပြကြသည်။ အပြုသဘော တိုးတက်မှုကို ပြသနေသည်။

PDM စစ်တမ်းများက အလေးပေးဖော်ပြနေသည်မှာ စားနပ်ရိက္ခာကဒ်များကိုသုံး၍ အဓိကအားဖြင့် မရှိမဖြစ်လိုအပ်သည့် ဆန် နှင့် ဆီကို ဝယ်ယူကြသည်။ အိမ်ထောင်စုတခုအတွက် အမြင့်မားဆုံး ကုန်ကျစားရိတ်လည်း ဖြစ်သည်။ သူတို့၏ ဖြည့်စွက်စာ အတွက် အိမ်ထောင်စုများက လတ်ဆပ်သည့် ဟင်းသီးဟင်းရွက်များရရှိရန် သူတို့၏ အိမ်နှင့် ရပ်ရွာဥယျာဉ်များကို အားထား ကြရသည်။ ဤချည်းကပ်နည်းဖြင့် အာဟာရ ရရှိမှု အရည်အသွေးကို မြှင့်တင်ပေးပြီး၊ တချိန်တည်းတွင် မိမိဘာသာ ဖူလုံရေး နှင့် စခန်းများ၏ ရေရှည်တည်တံ့စေမှုကိုလည်း မြှင့်တင်ထိန်းသိမ်းရာ ရောက်စေသည်။

အစားအစာဈေးနှုန်းများ ကမ္ဘာတဝန်း မြင့်မားနေခြင်းသည်လည်း စခန်းများကို သက်ရောက်မှု ရှိသည်။ သို့သော်လည်း ရိက္ခာကဒ်တန်ဖိုးသည် လတစ်လ၏ နောက်ဆုံးအပတ်တွင် ကုန်စေရန် လျာထားသည်။ ယင်းသည် တန်းတူညီမျှမှုရှိသော အစီအစဉ် ဒီဇိုင်းရေးဆွဲမှုနှင့်လည်း ကိုက်ညီ ဆောင်ရွက်ထားခြင်း ဖြစ်သည်။ ဤနည်းအားဖြင့် အိမ်ထောင်စုများက တလ လုံးတွင် လုံလောက်သည့် အစားအစာများကို သေချာ ရရှိစေနိုင်သည်။ မှတ်ချက်ပြုရန်မှာ စားနပ်ရိက္ခာကဒ်အပြင် အိမ် ထောင်စုများက တလလျှင် အသုံးစားရိတ် ၆၈၁ ဘတ် ကုန်ကျနေသည်။ ၂၀၂၁ ခုနှစ်တွင် ၅၁၃ ဘတ်/တလ သုံးစွဲနေရမှုထက် စာလျှင် တိုးများလာသည်။

ယခုတွေ့ရှိချက်များက အလေးပေး ဖော်ပြသည်မှာ TBC အဖွဲ့၏ စားနပ်ရိက္ခာ ထောက်ပံ့ပေးရေး အစီအစဉ် ထိရောက် ကြောင်း၊ အိမ်ထောင်စုများကို စုံလင်ထွေပြား၍ အာဟာရ ဖြစ်နိုင်သော အစားအသောက်များကို ရွေးချယ်နိုင်ကြောင်း ဖော်ပြ နေသည်။ စားနပ်ရိက္ခာကဒ် စနစ်၏ တန်းတူညီမျှသည့် ဒီဇိုင်းနှင့် အိမ်နှင့် ရပ်ရွာဥယျာဉ်များမှ အပိုဆောင်းဖြည့်စွက်စာ ရရှိနိုင် ရာ စားနပ်ရိက္ခာ လုံခြုံမှုကို မြင့်မားစေသည်။ ဒုက္ခသည်လူထုများအဖို့ စားနပ်ရိက္ခာ ဈေးကြီးမြင့်လာမှုကြောင့် သက်ရောက် ရိုက်ခတ်မှုများကို လျှော့နည်းကျဆင်းစေသည်။

တောက်ပသည့် ကလေးငယ်များ အနာဂတ်အစီအစဉ် (The Healthy Babies Bright Futures) ကို ဆက်လက်၍ ဆောင်ရွက် နေပြီး၊ ဘေဘီဘရိုက် (BabyBRIGHT) အားဖြည့် ဖြည့်စွက်စာကို ထောက်ပံ့ပေးသည်။ IYFC ပညာပေးနှင့် လှုပ်ရှားမှုအစီအစဉ် တွင် ပါဝင်ကြသူများကို ဆွဲဆောင်မှု မက်လုံးအနေဖြင့် ထောက်ပံ့ပေးခြင်း ဖြစ်သည်။ လစဉ်တွင် အသက် ၆-၂၄ လရှိ ခန့်မှန်း ကလေးသူငယ် ၂,၀၀၀ အတွက် သူတို့ကို ပြုစုစောင့်ရှောက်နေကြသူများက ပညာပေးအစီအစဉ်များတွင် ပါဝင်တက်ရောက် နေကြသည်။

စားနပ်ရိက္ခာ လုံခြုံရေးနှင့် အာဟာရ ရရှိမှုဆိုင်ရာ ပုံမှန်လုပ်ငန်းဆောင်တာများအတွက် သက်မွေးဝမ်းကျောင်းနှင့် ရပ်ရွာ ဥယျာဉ်များမှ ဆက်လက်၍ ပံ့ပိုးမှုများ ပြုနေသည်။ ဒုက္ခသည်များအတွက် သက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ အကန့် အသတ်ရှိနေသောကြောင့် ရပ်ရွာဥယျာဉ်များက ဒုက္ခသည်များအတွက် သူတို့ဝင်ငွေ-ထွက်ငွေ မျှတဖူလုံစေရန်၊ စုံလင်ထွေ

ပြားသည့် အစားအစာ ရရှိနိုင်ရန် အားကိုးအားထားနေကြရသည်။ ဟင်းသီးဟင်းရွက် မျိုးစေ့များကို စားနပ်ရိက္ခာကဒ်ဖြင့် ရောင်းချပေးသည့် အစီအစဉ်ကို စခန်း ၅ ခုသို့ တိုးချဲ့ခဲ့သည်။ ၂၀၂၃ ခုနှစ်အတွင်း ဆက်လက်တိုးချဲ့သွားမည် ဖြစ်သည်။

TBC အဖွဲ့၏ ရပ်ရွာချေးငွေအစီအစဉ်ကိုလည်း ဆက်လက်၍ ဆောင်ရွက်နေပြီး၊ ဒုက္ခသည်များအတွက် မွေးမြူရေး၊ ကုန်သွယ် မှု၊ အစားအစာ ရောင်းချခြင်း၊ ယက်ကန်းလုပ်ငန်း နှင့် စိုက်ပျိုးရေးကဲ့သို့သော အပို ဝင်ငွေဖန်တီးပေးရေး လုပ်ငန်းများအတွက် ငွေချေးပေးသည်။ ယင်းအစီအစဉ် စတင်ချိန် ၂၀၁၇ ခုနှစ်မှနေ၍ ထိုင်းဘတ်ငွေ ၅.၂ သန်း ဖြန့်ဝေ အသုံးပြုထားပြီး၊ ၂၀၂၂ ခုနှစ် ကုန်တွင် လက်ကျန်ရန်ပုံငွေ ဘတ်ငွေ ၄.၉ သန်း ရှိနေသည်။ အိမ်ထောင်စု ၁,၁၆၀ ကျော် ပါဝင်ဆောင်ရွက်နေကြသည်။ ပါဝင် ဆောင်ရွက်နေသည့် အိမ်ထောင်စု အနည်းဆုံး ၁၀% က ရပ်ရွာက ဦးဆောင်စီမံ ပစ်မှတ်ထားသူများအနက် 'အထူးထိခိုက် နစ်နာဖွယ်' နှင့် 'ထိခိုက်နစ်နာနိုင်သူ' အုပ်စု အမျိုးအစားဝင်များ ဖြစ်ကြသည်။

## မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သည့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုကို ကျေးရွာလူထု ၁၈,၀၀၀ ဦးနှင့်အတူ ပူးပေါင်းဆောင်ရွက် ၍ မြှင့်တင်နိုင်ခဲ့သည်။ မိမိဘာသာ ဖူလုံရေးစိုက်ပျိုးနေသူ လယ်သမား ၈,၀၀၀ ကျော်၏ စိုက်ပျိုးရေး ထုတ်လုပ်မှုကို ယခုနှစ် အတွင်း မြှင့်တင်ပေးနိုင်ခဲ့သည်။ မြေယာ နယ်နိမိတ်သတ်မှတ်မှု၊ မြေမှတ်ပုံတင် ထုတ်ပေးမှုများအတွက် ရင်းနှီးမြှုပ်နှံမှုများကို တိုင်းရင်းသား ဒေသများတွင် ဆောင်ရွက်ခဲ့ပြီး တန်းတူညီမျှသည့် ရင်းမြစ်ခွဲဝေမှုကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ တချိန်တည်းတွင် ဒေသအလိုက် စီမံခန့်ခွဲကြသည့် ရပ်ရွာပိုင်သစ်တောများ နှင့် ငါးအရင်းအမြစ်ရှိရာ ဇုန်များကို ဒေသလူထုက စီမံခန့်ခွဲခြင်းအပေါ် အားဖြည့်ပေးနိုင်ခဲ့ပြီး ဇီဝမျိုးကွဲ စုံလင်ထွေပြားမှုကို ကာကွယ်ပေးနိုင်စေသည်။ စိုက်ပျိုးရေးတိုးချဲ့မှု ကြားဝင် ဆောင်ရွက်ပေးမှုလုပ်ငန်းများတွင် မော်တော်ဆိုင်ကယ် ပြုပြင်ခြင်း၊ ဈေးကွက်များသို့ တိုး၍ ဆက်စပ်နိုင်စေရေး အတွက် တံတားများကို အဆင့်မြှင့်ပေးခြင်း၊ စုပေါင်းလယ်ယာကွက်များအတွက် စက်ဖြင့်ထွန်ယက်ပေးခြင်း၊ ရေသွင်းတူး မြောင်းများ ချဲ့ထွင်ပေးခြင်း နှင့် ရေလှောင်ဆည် အငယ်စားများ ဆောင်ရွက်ပေးခြင်း လုပ်ငန်းများလည်း ပါဝင်ကြသည်။ ထို့ အပြင် အော်ဂင်းနစ်ဉယျာဉ် စိုက်ပျိုးမှုများ၊ တိရစ္ဆာန်ငယ်မွေးမြူရေးအတွက် အရည်အသွေးမြှင့် သင်တန်းပေးခြင်းများ လည်း ပါဝင်သည်။

အာဟာရချို့တဲ့မှုကို လူ ၄၀,၀၀၀ ကျော်အတွက် လျှော့ချပေးနိုင်ခဲ့သည်။ သန့်ရှင်းသော သောက်သုံးရေ ရစေခြင်း၊ မိလ္လာ နှင့် တကိုယ်ရေသန့်ရှင်းရေး အစီအစဉ်များကို စစ်ပွဲပဋိပက္ခကြောင့် ထိခိုက်နစ်နာရသူ ရပ်ရွာလူထု ၃၇,၀၀၀ အတွက် ကူညီပံ့ပိုး ပေးနိုင်ခဲ့သည်။ အသက် ၅-နှစ်အောက် ကလေး ၈,၈၄၀ ဦးကို ပြင်းထန်သည့် အာဟာရချို့တဲ့မှု ရှိ-မရှိ ယခုနှစ်အတွင်း စစ် ဆေးပေးနိုင်ပြီး ယင်းတို့အနက် ၃၈၆ ဦး (၄.၄%) ကို အသင့်အတင့် သို့မဟုတ် ပြင်းထန်သည့် အာဟာရချို့တဲ့မှု ရှိနေသည်ဟု ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ဖြည့်စွက်စာ ကျွေးမွေးရေး၊ သို့မဟုတ် ကုသရေး အစာကျွေးမွေးရေး အစီအစဉ်များသို့ လွှဲပြောင်း ကုသစေနိုင်ခဲ့သည်။

မိခင်နို့တိုက်ကျွေးရေး မြှင့်တင်ပေးရန် နှင့် ရေရှည်အာဟာရ ချို့တဲ့မှု ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ရပ်ရွာလူထုနှင့် ထိ တွေ့၍ ကမ်ပိန်းစည်းရုံးမှုများ လုပ်ဆောင်ခဲ့သည်။ မိခင်နှင့် ကလေးများအတွက် ငွေသားပြန်ပေးသည့် အစီအစဉ်ဖြင့် တက် ရောက်ချင်လာအောင် ဆွဲဆောင်မှု ပြုခဲ့သည်။တချိန်တည်းတွင် နိုင်းယှဉ်ချက်အရ တစုံတရာတည်ငြိမ်သည့် ဒေသများတွင် သောက်သုံးရေ ရရှိရေး နှင့် သိုလှောင်ရုံ အခြေခံ အဆောက်အဦများကို တည်ဆောက်ပေးခြင်း၊ ယင်လုံအိမ်သာများ

ဆောက် လုပ်ပေးခြင်းဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ပုန်းလျှိုးနေထိုင်ကြရသည့် အိုးအိမ်စွန့်ပစ် ပြောင်းရွှေ့ထွက်ပြေးနေကြရ သည့် လူထုများအတွက် ရွှေ့ပြောင်းနိုင်သည့် ရေသန့်စင်စက်များလည်း စတင်ထောက်ပံ့ပေးခဲ့သည်။

**သင်ခန်းစာများ**

**ထိုင်းနိုင်ငံ**

- သတင်း ပုံပြကားချပ်များ (Infographics) နှင့် မိမိဘာသာ သင်ယူလေ့လာနိုင်မည့် သင်ခန်းစာများသည် မိခင်၊ မွေးကင်းစကလေး နှင့် ကလေးသူငယ်များ ကျွေးမွေးရေး အလေ့အထများ (MIYFC) နှင့် အာဟာရ ရရှိမှုဆိုင်ရာ ပညာပေးခြင်းအတွက် ဆက်လက်၍ ထိရောက်သည့် သင်ထောက်ကူများအဖြစ် ဆက်ရှိနေပါသည်။
- ကာလကြာရှည်စွာကပင် မျှော်လင့်ခဲ့ရသည့် တနှစ်လျှင် ၂-ကြိမ် အာဟာရ ရရှိမှုဆိုင်ရာ စစ်တမ်းကောက်ယူနိုင်ခြင်း ကြောင့် စခန်းများအတွင်း အရေးပါသည့် ဒေတာအချက်အလက်များ ရရှိနိုင်ခဲ့သည်။ အထူးသဖြင့် COVID-19 ကူး စက်ကပ်ဘေးကြောင့် ပိတ်ဆို့ရမှုများ နှင့် ရောဂါမကူးစက်စေရေး ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ လုပ်ငန်းများ၏ သက်ရောက်မှုများကို သိရှိနိုင်သည်။

**မြန်မာနိုင်ငံ**

- ဖွံ့ဖြိုးရေးကိစ္စများ ရည်သန်သည့် အလှူရှင်များက ရန်ပုံငွေစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ပို၍ ပျော့ပြောင်းညင်သာရှိကြပြီး၊ လူသားချင်းစာနာမှု အလေးပေး ထောက်ပံ့သူ အလှူရှင်များထက်စာလျှင် ရှုပ်ထွေးခက်ခဲသည့် အရေးပေါ် အခြေ အနေများအပေါ် ပို၍ တုံ့ပြန်ဆောင်ရွက်နိုင်ခွင့်ပေးသည်။ ရက်စက်ကြမ်းကြုတ်မှုများ အကျယ်အပြန့် ဖြစ်ပွားနေပြီး လူအများထိခိုက်နစ်နာနိုင်မှု ကြီးမားနေသည့် အခြေအနေတွင် ရပ်ရွာက ဦးဆောင်သည့် ချဉ်းကပ်မှုများကြောင့် အရေးပေါ် ကယ်ဆယ်ရေးအကူအညီများဖြင့် ပြန်လည်နာလံထူစေပြီး၊ ကြံ့ကြံ့ခံနိုင်မှုကို အားဖြည့်ပေးရာ ရောက် သည်။

**မဟာဗျူဟာ လမ်းညွှန် (၃)။ ကာကွယ်ပေးမှုရှိသည့် ဝန်းကျင်ကို မြှင့်တင်ပေးရန် နှင့် ရွှေ့ပြောင်းထွက်ပြေးကြရသူ လူထုများ၊ စစ်ပွဲပဋိပက္ခများကြောင့် ထိခိုက်သက်ရောက်ခံရသည့် လူထုများအတွက် လုံခြုံသည့် ဂုဏ်သိက္ခာရှိသည့် အနာဂတ်များကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်။**

**အလေးပေး ဖော်ပြချက်များ**

**ထိုင်းနိုင်ငံ**

- ဒုက္ခသည်များက တက်ကြွစွာ ထိတွေ့ဆောင်ရွက်မှုကို ဆက်လက်လုပ်ဆောင်နေကြပြီး လှုပ်ရှားမှုများ၊ သင်တန်းများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လိုကြသည့် ဆန္ဒရှိကြသည်။ သို့အတွက်ကြောင့် သူတို့၏ အရည်အသွေးမြင့်မားစေပြီး ရပ်ရွာအတွင်း သိသာအရေးပါသည့် အခန်းကဏ္ဍမှ ဆောင်ရွက်နိုင်သည်။

- လက်ရှိတွင် မြန်မာနိုင်ငံသို့ အိမ်ပြန်သည့် ရွေးချယ်မှု မဖြစ်နိုင်သေးသော်လည်း ဒုက္ခသည်များက သူတို့ရပ်ရွာ၏ လုပ် ငန်းဆောင်တာများနှင့် စီမံခန့်ခွဲမှုများတွင် တက်ကြွစွာ၊ သံန္နိဋ္ဌာန်ရှိစွာ ဆက်လက်ဆောင်ရွက်နေကြသည်။

**မြန်မာနိုင်ငံ**

- လူမှုရေးအရ ကာကွယ်ပေးမှု လုပ်ငန်းစဉ်များကို အားဖြည့်ပေးခြင်းဖြင့် နစ်နာဖွယ်အကြောင်းရှိသည့် လူထု ၂၀,၀၀၀ ကျော်ကို တိုက်ရိုက် အကျိုးရှိစေခဲ့သည်။
- ရပ်ရွာ သတင်းမီဒီယာအုပ်စုများက စောစီးစွာ အန္တရာယ်သတိပေးသည့် စနစ်များကို အားကောင်းခိုင်မာစေပြီး၊ အင် တာနက် အခြေပြုသတင်းပေးမှုများ၊ တိုင်းရင်းသားများ ထိန်းချုပ်ရာဒေသများတွင် အက်ဖ်အမ် ရေဒီယိုကွန်ရက်များ ဖြင့် သတင်းရရှိနိုင်မှုကို ချဲ့ထွင်ပေးခဲ့သည်။

**ထိုင်းနိုင်ငံ**

စခန်းများအတွင် လူဦးရေသည် ယခင်နှစ်က ၈၀,၉၀၂ ဦးမှ ၈၁,၀၅၀ ဦး ဖြစ်လာရာ ၅၈ ဦး ပိုများလာသည်။ ဤအပြောင်းအလဲ မှာ ကလေးမွေးဖွားခြင်းနှင့် လူများ စခန်းသို့ ပြန်လာကြခြင်းကြောင့် ဖြစ်သည်။ COVID-19 ကူးစက်ကပ်ဘေးကြောင့် စခန်းမှ လူအနည်းငယ်သာ ထွက်ခွာ၍ ထိုင်းနိုင်ငံအတွင်း အလုပ်ရှာဖွေခဲ့ကြသည်။

မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှုနှင့် ဆိုးရွားလာသည့် လူသားဆိုင်ရာ လုံခြုံမှုအခြေအနေများကြောင့် ဒုက္ခသည်များ အိမ်ပြန်ရေး အစီအစဉ်များမှာ များသောအားဖြင့် ဆိုင်းငံ့ထားရသည်။ မြန်မာနိုင်ငံ နယ်စပ်များသည် ကုန်သွယ်မှုအတွက် ဆက်လက်ဖွင့်ထားဆဲ ဖြစ်သော်လည်း၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် စစ်ပွဲ ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေမှုကြောင့် မြန်မာနိုင်ငံသို့ ပြန်သွားသည့် လူပ်ရှားမှု နည်းပါသည်။ ဒေသဆိုင်ရာ လုပ်ငန်းအခွင့်အလမ်းများတွင် ဒုက္ခသည်များ တရားဝင် လုပ်ကိုင်ခွင့်ရရေးအတွက် ၂၀၂၂ ခုနှစ် တနှစ်လုံးတွင် ဆက်လက်၍ ညှိနှိုင်းပြောဆိုနေကြဆဲ၊ စမ်းသပ်စီမံချက်များကို ပြောဆို နေဆဲ ဖြစ်သည်။ ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းလုပ်သားများကို ဆက်လက်၍ လိုအပ်နေဆဲ ဖြစ်သောကြောင့် ဒုက္ခသည်များကို ဒေသဆိုင်ရာ အလုပ်အကိုင်များ၌ တရားဝင်၊ ကြားခံအဆင့်တခုအနေဖြင့် လုပ်ခွင့်ပေးရေးသည် ဒုက္ခသည်စခန်းများမှ လွန် မြောက်၍ အနာဂတ်အသစ်အတွက် ဦးစားပေး အစီအစဉ်တခု ဖြစ်သည်။ ၂၀၂၂ ခုနှစ် တနှစ်လုံးတွင် TBC အဖွဲ့က အေဂျင်စီ အဖွဲ့အစည်းများ၊ သံရုံးများနှင့် ထိုင်းအစိုးရထံ ဒုက္ခသည်များအတွက် ပြောင်းရွှေ့အခြေချသည့် အစီအစဉ်များ ပွင့်လင်းလာ စေရန်၊ ဒေသတွင်း ပေါင်းစည်းနေထိုင်ခွင့်ပြုရန် တိုက်တွန်းစည်းရုံး နေခဲ့သည်။ ဤသို့ လုပ်ငန်းများ ရှိနေသော်လည်း ၂၀၂၂ ခုနှစ်အတွင်း ထူးခြားသည့် အပြောင်းအလဲတစုံတရာ မဖြစ်ပေါ် နိုင်ခဲ့ပါ။ ဤအချက်များသည် ၂၀၂၃ ခုနှစ် အတွက်လည်း ဆောင်ရွက်ရမည့် ခေါင်းစဉ်များဖြစ်ပြီး ဆက်လက်၍ စည်းရုံးတိုက်တွန်းမှုများ ပြုသွားမည် ဖြစ်သည်။ TBC အဖွဲ့၏ ရပ်ရွာ လူထု စီမံခန့်ခွဲမှုနှင့် အိမ်ပြန်မှု အဆင်သင့်ဖြစ်စေရေး ပြင်ဆင်မှု အစီအစဉ်များ (CMPP) ၏ လုပ်ငန်း အစီအစဉ်များဖြင့် ပံ့ပိုးသွားမည် ဖြစ်သည်။

အိမ်ပြန်ရေး အခွင့်အလမ်းမှာ အကန့်အသတ်ကြီးနေဆဲ ဖြစ်သော်လည်း TBC အဖွဲ့က ဆက်လက်၍ ဒုက္ခသည်များအတွက် အရည်အသွေး မြှင့်တင်ပေးရေး အစီအစဉ်များ၊ အုပ်ချုပ်မှုစနစ် သင်တန်းများကို ဆက်လက်၍ ဦးဆောင်နေဆဲ ဖြစ်သည်။ သို့မှသာ သူတို့၏ စခန်းတွင်းရှိ ရပ်ရွာလူထုနှင့် အနာဂတ်တွင် စခန်းပြင်ပရှိ လူထုများကို ဦးဆောင်ရန် အရည်အသွေး တိုး တက်နိုင်မည် ဖြစ်သည်။ ထောက်ပံ့ကြေး ခံစားရမည့် အသစ်သော ဒုက္ခသည်ဝန်ထမ်းများကို လိုက်နာရမည့်ကျင့်ထုံးများ၊ ကလေးများအပေါ် ကာကွယ်မှုပေးရေး နှင့် လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်မှု၊ ချိုးဖောက်မှုနှင့် ချိုးနှိမ်စော်ကားမှုဆိုင်ရာ (PSEAH) သင်တန်းများ၊ လက်ရှိဝန်ထမ်းများအတွက် မွမ်းမံသင်တန်းများ ဆောင်ရွက်ခဲ့သည်။

## မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် လူမှု-စီးပွား အခြေအနေများ ယိုယွင်းကျဆင်းလာနေခြင်း အကျိုးဆက်များကြောင့် အပြင်၊ အကျယ်အပြန့်သော ရက်စက်ဖိနှိပ်မှုများ ပိုမိုဆိုးရွားလာခြင်းကြောင့်၊ အစိုးရက စီမံခန့်ခွဲနေသည့် လူမှုဖူလုံရေး ပိုက်ကွန် ပြိုပျက်ကျဆင်းလာ နေသည်။ TBC အဖွဲ့၏ ဒေသခံမိတ်ဖက်များက ရပ်ရွာက ဦးဆောင်သည့် လူမှု ကာကွယ်ပေးရေး လုပ်ငန်းစဉ်များဖြင့် ကျား ကန် အားဖြည့်နေရပြီး၊ အထူးထိခိုက်နစ်နာဖွယ် ရှိနေသည့် လူ ၂၀,၀၀၀ ၏ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများကို လျှော့နည်း ကျဆင်းစေရန် ဆောင်ရွက်ပေးနေသည်။

အမျိုးသမီးအုပ်စုများက လိင်မှုဆိုင်ရာ နှင့် ကျား-မ ကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများ နစ်နာခံစားရ၍ ရှင်ကျန် ရစ်သူများအတွက် ခိုလှုံရာဂေဟာများနှင့် လွှဲပြောင်းကုသ ခံယူစေစေခြင်းများ ကူညီပေးခဲ့ကြသည်။ အိမ်တွင်း အကြမ်းဖက်မှု အဆုံးသတ်စေရန် လူအများအကြား စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။ ပဋိပက္ခဖြစ်ပွားနေရာ ဒေသတွင်းရှိ မူကြို နေ့ကလေးထိန်း ကျောင်း ၄၅ ခုတွင် စောစီးစွာ ကလေးဖွံ့ဖြိုးမှု အစီအစဉ်များကို မြှင့်တင်ဆောင်ရွက်ခဲ့သည်။ ဆရာများ အဆင့်မြင့်သင်တန်း များပေးခြင်း နှင့် ကလေး ၂,၆၀၀ ဦးအတွက် နေ့လည်စာ စီစဉ်ပေးခြင်းဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

စစ်ရေးအရ တိုက်ခိုက်မှုများအတွက် စောစီးစွာ တင်ကြိုသတိပေးစနစ်များ (Early warning systems) ကို အားဖြည့်ပေးနိုင်ခဲ့ သည်။ “ကျေးရွာ အဖွဲ့အစည်းများ” ဆွေးနွေးပွဲများကို ဒေသခံလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးသူများက ရှေ့ဆောင် ကျင်းပ၍ မိမိဘာသာ ကာကွယ်နိုင်ရေး မဟာဗျူဟာများကို ရေးဆွဲနိုင်ခဲ့သည်။ တချိန်တည်းတွင် ရပ်ရွာသတင်းမီဒီ ယာ အုပ်စုများက အင်တာနက်ရရှိနိုင်မှုကို ချဲ့ထွင်၍ အက်ဖ်အမ်ရေဒီယို ကွန်ရက်များကို တိုင်းရင်းသားများ ထိန်းချုပ်ရာဒေသ များတွင် ထုတ်လွှင့်ပေးနိုင်ခဲ့သည်။

ရပ်ရွာက စီမံခန့်ခွဲသည့် စပါးနှင့် မျိုးစေ့ဘဏ်များကို စည်းရုံးထူထောင်ပြီး စားနပ်ရိက္ခာ မလုံခြုံမှုကို လျှော့ချပေးနိုင်သည်။ ဤ လုပ်ငန်းများတွင် ကျွမ်းကျင်မှု မြှင့်တင်ပေးခြင်း၊ လူအားလုံးပါဝင်နိုင်၍ အများပါဝင်မှုရှိသည့် စီမံခန့်ခွဲမှုကော်မီတီများ၊ မျိုးစေ့ သိုလှောင်ထိန်းသိမ်းရန် နေရာများ၊ ပစ်မှတ်ထားသည့် ချေးငွေထုတ်ပေးမှုများ၊ လူအများတတ်နိုင်သည့် အတိုးနှုန်းများ သတ် မှတ်ခြင်းနှင့် ရေရှည်တည်တံ့သည့် စီးပွားရေးလုပ်ငန်း ကျွမ်းကျင်မှုများ ပါဝင်သည်။

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများက အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ မှတ်တမ်းများပြုစု ပံ့ပိုးနိုင်ခဲ့သည်။ အာဏာချုပ်ကိုင်ထားသည့် လက်ရှိစစ်ကောင်စီက အဓိကကျူးလွန်ချိုးဖောက်သူဖြစ်နေရာ ၁၀၀ ကျော်သော လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ သုံးသပ်မှုများ၊ ဖြစ်စဉ်လားရာများကို သက်သေအဖြစ် အများပြည်သူသို့ ထုတ်ပြန်နိုင်ခဲ့ သည်။ စစ်ဗိုလ်ချုပ်များကို တာဝန်ခံတာဝန်ယူမှု ရှိလာစေရေးအတွက် နိုင်ငံတကာမိသားစုထံသို့ သက်သေအဖြစ် တင်ပြနိုင်ခဲ့ သည်။

**သင်ခန်းစာများ**

**ထိုင်းနိုင်ငံ**

- မြန်မာနိုင်ငံတွင် ဒုက္ခသည်များ၏ အနာဂတ်အတွက် ရှာဖွေ အသွင်ကူးပြောင်းစေခြင်း အစီအစဉ်များသည် ယခုအခါ မြန်မာနိုင်ငံတွင် ပဋိပက္ခများ ဆက်လက်၍ ဖြစ်ပွားနေခြင်းကြောင့် ထည့်သွင်းစဉ်းစား၍ မရနိုင်အောင် ရှိပါသည်။
- အသစ်ရောက်ရှိလာသူများကို လက်ခံရန် ဆက်လက်၍ ငြင်းပယ်ထားခြင်းကြောင့် အသစ်ရောက်ရှိလာသည့် ဒုက္ခသည်များ၏ ကာကွယ်ပေးမှုဆိုင်ရာ သုံးသပ်မှုပြုလုပ်ရန် ခက်ခဲနေပါသည်။
- စခန်းများအတွင်း နေထိုင်နေကြသည့် ဒုက္ခသည် ၈၀,၀၀၀ ကျော်၏ လိုအပ်ချက်များကို အရေးပေးဆောင်ရွက်ရန် ဆက်လက်၍ အရေးပါနေဆဲ ဖြစ်သည်။ အလားတူပင် စခန်းပြင်ပတွင် အသစ်ရောက်ရှိလာသူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးလည်း အရေးကြီးပါသည်။

**မြန်မာနိုင်ငံ**

- လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းပြုစုနိုင်ရေးအတွက် ဖက်စုံ လူ့အခွင့်အရေးပညာပေးမှုများနှင့် ဖြည့်ဆည်း ဆောင်ရွက်သင့်ပါသည်။ သို့မှသာ လူ့အခွင့်အရေး ချိုးဖောက်မှုများကို နေသားကျ ရိုးနေသည့်သဖွယ် မဖြစ်စေဘဲ လူသားဂုဏ်သိက္ခာကို ပြန်၍ ဆောင်ကျဉ်းပေးနိုင်ပါမည်။ မိမိကိုယ်ကို ခုခံကာကွယ်နိုင်ရေး မဟာဗျူဟာများကိုလည်း မြှင့်တင်ပေးနိုင်ပါမည်။
- စပါးနှင့် မျိုးစေ့ဘဏ် ကွန်ရက်များကို အောင်မြင်စွာ ထူထောင်နိုင်ရန်အတွက် ရပ်ရွာလူထုများအဖို့ သိရှိနားလည်စေ ရန် အချိန်ယူဆောင်ရွက်ရသည်။ လုပ်ငန်းစဉ်နှင့် စည်းမျဉ်းများအတွက် ထိတွေ့ဆောင်ရွက်မှုများ လုပ်ကြရသည်။
- ရပ်ရွာပိုင် ရေဒီယိုများက အိုးအိမ်စွန့်ပစ် ထွက်ပြေးရသူများ နှင့် ဝေးလံခေါင်သီသည့် ဒေသများရှိ ရပ်ရွာလူထုများအတွက် ဆက်လက်၍ နောက်ဆုံးအခြေအနေ သတင်းများပေးနိုင်သည်။ လက်ရှိ မတည်ငြိမ်သည့် အခြေအနေတွင် အထူး အရေးပါသည်။

**မဟာဗျူဟာ လမ်းညွှန် (၄)။ တာဝန်ယူ တာဝန်ခံမှု၊ မိတ်ဖက်ပြုမှု နှင့် ဒေသခံတို့၏ ပိုင်ဆိုင်မှုကို အားဖြည့်ပေးခြင်းအားဖြင့် တာဝန်ယူမှုရှိသည့် အသွင်ကူးပြောင်းမှု သေချာဖြစ်ပေါ်စေခြင်း။**

**အလေးပေး ဖော်ပြချက်များ**

**ထိုင်းနိုင်ငံ**

- နယ်စပ်တလျှောက်တွင် အစည်းအဝေးများကို အွန်လိုင်းစနစ်ဖြင့် အဝေးမှတက်ရောက်စေပြီး အောင်မြင်စွာ ဆောင် ရွက်နိုင်ခဲ့သည်။
- သတင်းအချက်အလက် မျှဝေပေးရေးတွင် အဝေးမှ အွန်လိုင်းဖြင့် ဆက်သွယ်ခြင်းသည်၊ ရေရှည်အကျိုး ဖြစ်ထွန်းစေ ရာ ဆက်လက်၍ တွန်းအားပေးသင့်သည်။
- စခန်းကော်မီတီများ ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

**မြန်မာနိုင်ငံ**

- ရှုပ်ထွေးခက်ခဲသည့် အရေးပေါ်အခြေအနေကို တုံ့ပြန်ကူညီနိုင်ရန် မိတ်ဖက်အဖွဲ့အစည်း ၃၀ ခန့်က ကူညီပံ့ပိုးခဲ့ကြ သည်။
- TBC ၏ မိတ်ဖက်အဖွဲ့အစည်းများက ပုံမှန်ဘဏ်စနစ်အတွင်း အကြီးအကျယ် ကမောက်ကမဖြစ်ရမှု ဆိုးကျိုးများကို လျှော့နည်းအောင် စီမံနိုင်ခဲ့ကြသည်။
- အုပ်ချုပ်မှုစနစ်နှင့် ပြည်သူ့အုပ်ချုပ်ရေး ဒီပလိုမာ သင်တန်းများမှ ကျောင်းသား ၆၀ ဦး အောင်မြင် ပြီးဆုံးခဲ့သည်။

**ထိုင်းနိုင်ငံ**

ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်း ၉-ခုကို ရွေးချယ်တင်မြှောက်ထားသည့် ဒုက္ခသည်စခန်းကော်မီတီများက ဦးဆောင် လည်ပတ်နေပြီး၊ TBC အဖွဲ့၏ CMPP အစီအစဉ်မှတဆင့် ပံ့ပိုးကူညီနေသည်။ ဤအစီအစဉ်မှာ ဒေသခံများက ဦးဆောင်စီမံ သည့် အစီအစဉ်ဖြစ်၍ အမျိုးသမီးများနှင့် လူငယ်အုပ်စုများ၊ ပညာရေးကဏ္ဍ ဝန်ဆောင်မှုပေးနေသူများ၊ လူ့အခွင့်အရေး တက် ကြွလှုပ်ရှားသူများ ကဲ့သို့သော မတူကွဲပြားသည့် အရေးပါသည့်အင်အားစုများလည်း ပါဝင်နိုင်ကြသည်။ စခန်းများတွင် လိုက်နာရမည့်ကျင့်ထုံးများကို ဒုက္ခသည်များနှင့် စခန်းကော်မီတီများကိုယ်တိုင်က ချမှတ်ကျင့်သုံးနေပါသည်။ ဤအချက် က ဖော်ပြနေသည်မှာ ဒုက္ခသည်များကိုယ်တိုင် ဒီဇိုင်းရေးဆွဲထားသည့် ကျင့်ထုံးများမှနေ၍ ကာကွယ်မှုပေးရေး နှင့် လုံခြုံရေး ဆိုင်ရာ သက်ရောက်မှုများကို ဖော်ပြနေသည်။ ဤအစီအစဉ်ကို အချိန်နှင့်အမျှ ရေးဆွဲပြင်ဆင် ဖွံ့ဖြိုးစေပြီး TBC အဖွဲ့က နည်း ပညာပိုင်ရာ ပံ့ပိုးမှုများပေးခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်ခဲ့ပြီး တစုံလုံးဆိုင်ရာအဆင့်တွင် ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရေး ရည်ရွယ်ချက်နှင့်လည်း ကိုက်ညီမှုရှိသည်။ COVID-19 ကူးစက်ကပ်ဘေးနှင့် မကြာသေးမီ က မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှုကြောင့် စိန်ခေါ်မှု ပြဿနာများကြုံခဲ့သော်လည်း စခန်းကော်မီတီများက အများစုသော စိန်ခေါ်မှုများကို တည်ရှိနေသည့် စီမံအုပ်ချုပ်မှုစနစ်ဘောင်အတွင်းမှနေ၍ သူတို့ဘာသာ ဖြေရှင်းကိုင်တွယ်နိုင်ခဲ့ကြသည်။

၂၀၂၂ ခုနှစ်တွင် ဒေသခံတို့၏ ပိုင်ဆိုင်မှုသဘော မြင့်မားလာသည်ကို တွေ့ရပြီး၊ COVID-19 ကူးစက်ကပ်ဘေး ဖြစ်ပွားချိန်မှ စတင်၍ အွန်လိုင်းမှတဆင့် အဝေးဆက်သွယ်မှုများ မြှင့်တင်ဆောင်ရွက်ခဲ့ရသည်။ ၂၀၂၂ ခုနှစ် ဒုတိယနှစ်ဝက်မှ စတင်၍ TBC အဖွဲ့၏ ဝန်ထမ်းများက လူကိုယ်တိုင်ကိုယ်ကျ သင်တန်းများနှင့် လှုပ်ရှားမှုများ ဆောင်ရွက်နိုင်ခဲ့သည်။ သို့သော်လည်း အွန် လိုင်းမှတဆင့် အဝေးမှဆက်သွယ် ဆောင်ရွက်မှုသည် အရေးပါသည့်အခန်းကဏ္ဍတွင် ရှိနေဆဲ ဖြစ်သည်။ ဆက်သွယ်ရေးနှင့် သတင်းများ ဖလှယ်ရေးအတွက် အခွင့်အလမ်းများ တိုးတက်ဆောင်ရွက်နိုင်သည်။ အဝေးမှ အွန်လိုင်းဆက်သွယ်မှုများသည် အထူးသဖြင့် နယ်စပ်တလျှောက်လုံး အစည်းအဝေးများ ကျင်းပခြင်း၊ မတူခြားနားသည့် အုပ်စုများရှိ ပါဝင်သူများတက်ရောက် နိုင်ခြင်း နှင့် တက်ရောက်သူများ၏ လိုအပ်ချက်များ နည်းစေခြင်းတို့ကြောင့် အရေးပါသည်။ TBC အဖွဲ့က နယ်စပ်တလျှောက် ပါဝင်နိုင်သည့် အစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ယင်းတွင် စခန်းစီမံခန့်ခွဲမှု အလုပ်အဖွဲ့ အစည်းအဝေး များ၊ အမိုးအကာကိစ္စ ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးများ၊ KRC နှင့် စခန်းကော်မီတီများ ညှိနှိုင်းအစည်းအဝေးများ၊ အရေးပါသည့်အင်အားစုများ၏ အစည်းအဝေးများ၊ စခန်းသတင်းပြန်ကြားရေး အဖွဲ့များ ပူးပေါင်းညှိနှိုင်းမှု အစည်းအဝေးများ အပါအဝင်ဖြစ်ပြီး အဝေးမှဆက်သွယ်နိုင်သည့် အွန်လိုင်းပလက်ဖောင်းကို အသုံးပြုခဲ့ကြသည်။ အဝေးမှဆက်သွယ်နိုင်သည့် အွန်လိုင်းစနစ်ကို အသုံးပြု၍ နယ်စပ်တလျှောက်လုံးဆိုင်ရာ ပြဿနာများ အဖြေရှာခြင်းအတွက် ကောင်းစွာစီမံ အကျိုးဖြစ် စေနိုင်ခဲ့သည်။ အခြား အောင်မြင်မှုတခုမှာ မျက်နှာကိုမှတ်မိသိရှိနိုင်မည့် နည်းပညာကိုသုံး၍ လိမ်လည်မှုနှင့် အကျင့်ပျက် ခြစားမှုကို လျှော့ချနိုင်ခဲ့သည်။

TBC အဖွဲ့က ဒုက္ခသည်များနှင့် ဒေသခံ မိတ်ဖက်အဖွဲ့အစည်းများအတွက် အရည်အသွေးမြှင့်တင်ခြင်းကို သင်တန်းများပေး ခြင်း၊ ဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် ဆက်လက်ဆောင်ရွက်နေသည်။ ၂၀၂၂ ခုနှစ်အတွင်း TBC အဖွဲ့က စုစုပေါင်း အရည် အသွေးမြှင့်သင်တန်း ၁၁၇ ကြိမ် ဆောင်ရွက်ခဲ့သည်။ ဤသင်တန်းများတွင် လိမ်လည်မှု ဖော်ထုတ်ခြင်း၊ ကောင်းမွန်သည့် အုပ် ချုပ်မှုစနစ်၊ ရုံးစီမံခန့်ခွဲမှုနှင့် အခြားသော ခေါင်းစဉ်များ ပါဝင်သည်။

TBC အဖွဲ့အနေဖြင့် စုစုပေါင်း အဖွဲ့အစည်း၏ အကျိုးခံစားခွင့်ရှိသူများထံမှ တိုင်ကြားစာနှင့် တုံ့ပြန်ပေးရေးလုပ်ငန်းစဉ် (BCRM) မှတဆင့် စာ ၈- စောင် လက်ခံရရှိခဲ့သည်။ ဤတိုင်ကြားစာများတွင် စားနပ်ရိက္ခာကဒ်ဖြင့် ဝယ်ယူသည့် ဆန်အရည် အသွေး၊ ရိက္ခာကဒ် ဈေးနှုန်းများ၊ ရိက္ခာကဒ် ထောက်ပံ့ပေးမှု အဆင့်အတန်း၊ အမိုးအကာ ဖြန့်ဖြူးပေးမှု နှင့် နှစ်စဉ် လူဦးရေ စိစစ်စစ်ဆေးမှု (APV) လုပ်ငန်းစဉ် များနှင့် ပတ်သက်၍ ပါဝင်သည်။ တိုင်ကြားစာ အားလုံးကို ရက် ၃၀ အတွင်း တုံ့ပြန်ဖြေ ကြားပေးခဲ့သည်။

## မြန်မာနိုင်ငံ

TBC အဖွဲ့၏ အဖွဲ့အစည်းဆိုင်ရာနှင့် နည်းနာပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် လူကိုယ်တိုင်တက်ရောက်နိုင်သည့် သင်တန်းများ နှင့် အွန်လိုင်းသင်တန်းများ ရောစပ်၍ ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။ သို့အတွက်ကြောင့် TBC အဖွဲ့က ဒေသခံ မိတ်ဖက်

အဖွဲ့အစည်း ၃၀ ကျော်နှင့် ရပ်ရွာကိုယ်စားလှယ် ၃,၀၀၀ ကျော်ကို အဖွဲ့အစည်းဆိုင်ရာနှင့် နည်းပညာ အရည်အသွေးမြှင့်တင် ပေးမှုများအတွက် ကူညီပေးနိုင်ခဲ့သည်။ ယင်းသင်တန်းများတွင် ထိခိုက်နစ်နာလွယ်သည့် လူအုပ်စုများအပေါ် ကာကွယ်မှုပေး ရေး အသိပညာပေးသင်တန်းများ၊ ရပ်ရွာအခြေပြု ကာကွယ်မှုပေးရေး မဟာဗျူဟာများ၊ ကျား-မတန်းတူရေး မြှင့်တင်ပေးမှု၊ လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှုကို စုံစမ်းစစ်ဆေးရေးနှင့် ဒေသဆိုင်ရာ တိုင်ကြားမှုလုပ်ငန်းစဉ်များကို အားကောင်းစေခြင်း သင်တန်းစဉ်များ ပါဝင်သည်။

ကျွမ်းကျင်မှု မြှင့်တင်ပေးခြင်းကို ဒေသဆိုင်ရာမိတ်ဖက် အဖွဲ့အစည်းများအတွက် အရင်းအမြစ်များကို စုဆောင်းရရှိစေခြင်း ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ အမေရိကန်ပြည်ထောင်စု၊ ယူနိုက်တက် ကင်းဒမ်း၊ ဩစတြေးလျ၊ ဥရောပသမဂ္ဂ နှင့် နိုင်ငံစုံ အလှူရှင်အဖွဲ့အစည်းတခုဖြစ်သည့် သက်မွေးဝမ်းကျောင်း နှင့် စားနပ်ရိက္ခာ လုံခြုံရေးအလှူရှင် အဖွဲ့ (LIFT) တို့ထံမှ အသစ်သော ရန်ပုံငွေကတိပြုချက်များ ရရှိခဲ့သည်။ ငွေကြေးဆိုင်ရာ စွန့်စားရမှုအန္တရာယ်အပေါ် အလှူရှင်များက လိုလားချက် များ မြင့်မားလာခြင်းအတွက် TBC အဖွဲ့က ဆွေးနွေးညှိနှိုင်း၍ ငွေကြေးဆိုင်ရာ စွန့်စားရမှုကို လျှော့ချပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံအတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ပေါ်ထွန်းလာစေရေး ရေရှည်မျှော်မြင်ချက်နှင့် ပတ်သက်၍ ပဏာမသဘော အဆင့်များကို ချမှတ်နိုင်ခဲ့သည်။ TBC အဖွဲ့က ဒေသဆိုင်ရာ အုပ်ချုပ်မှုစနစ် ကျွမ်းကျင်မှုများ မြှင့်တင်ပေးရန် ကြိုးပမ်းမှုအသစ်တခုကို အစပြုခဲ့ပြီး၊ တိုင်းနှင့်ပြည်နယ် အသီးသီးမှ သင်တန်းသား ၆၀ ဦးအတွက် သင်ရိုးညွှန်းများရေးဆွဲ ပို့ချ ပေးခဲ့သည်။ အုပ်ချုပ်မှုစနစ်နှင့် ပြည်သူ့အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ၆-လကြာ ဒီပလိုမာ သင်တန်းပြီးဆုံး အောင်မြင်ခဲ့ကြပြီ ဖြစ်သည်။

**သင်ခန်းစာများ**
**ထိုင်းနိုင်ငံ**

- မျက်နှာချင်းဆိုင် လူတွေ့အစည်းအဝေးများ တဖြည်းဖြည်း ပြန်လည်စတင်လာနိုင်ခြင်းကြောင့် TBC အဖွဲ့ အတွက် ဒေသခံမိတ်ဖက် အဖွဲ့များနှင့် ဆက်ဆံရေး ထိန်းသိမ်းရန်၊ အားကောင်းစေရန် ကူညီပံ့ပိုးပေးပါသည်။ ပူးပေါင်း ဆောင်ရွက်မှု နှင့် နားလည်မှုကို တိုးမြှင့်စေသည်။
- စခန်းကော်မီတီများရွေးချယ်ရေးအတွက် ရွေးကောက်ပွဲများ ဆောင်ရွက်နိုင်ခြင်းကြောင့် စခန်းရှိဒုက္ခသည်များ၏ ရပ်ရွာအရေးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လိုကြသည့် ဆန္ဒကို ဖော်ပြနေပါသည်။ ဒေသတွင်း အခွင့်အလမ်း များကို ရယူနိုင်ရေး၌ ချို့တဲ့အားနည်းမှုများ ရှိနေသော်လည်း၊ ထိုသူတို့၏ ကြံ့ကြံ့ခံနိုင်မှု၊ သံန္နိဋ္ဌာန်ထားရှိမှုတို့ကို ဖော်ပြနေပါသည်။

**မြန်မာနိုင်ငံ**

- ကုလသမဂ္ဂ လုပ်ငန်းလည်ပတ်မှုစနစ် (UNOPS) ၏ ချွင်းချက်ကိစ္စများမှလွဲ၍ နိုင်ငံစုံ လုပ်ဆောင်ရသည့်စနစ်များ သည် ရှုပ်ထွေးခက်ခဲသည့် အရေးပေါ်အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရာ၌ ယေဘုယျအားဖြင့်

နေ့းကွေးလေး လံပါသည်။ နှစ်ဖွဲ့ချင်း ဆောင်ရွက်သည့် အလှူရှင်များထက်စာလျှင် ပျော့ပြောင်းမှုလည်း နည်း၍ လုပ်ငန်းဆောင် တာ အကန့်အသတ်များသည်။

- ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြုပြင်ပြောင်းလဲရေးနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ အခြေခံအုတ်မြစ်များတွင် အစိုးရဝန်ထမ်းများကို လူ့အခွင့်အရေး အခြေခံ သင်တန်းများ ပေးရေးလည်း အပါအဝင် ဖြစ်သည်။ ထို့အပြင် ဒေသဆိုင်ရာ နိုင်ငံရေး သမားများအတွက် ဘဏ္ဍာရေးအရ ဖြစ်နိုင်လျော်ကန်သည့်၊ ဂေဟဗေဒအရ ရေရှည်တည်တံ့မည့် အကြံဉာဏ်များ ပေး နိုင်ရေးလည်း အရေးကြီးသည်။

## အခန်း (၄) အသစ်သော မဟာဗျူဟာ အစီအစဉ် ၂၀၂၃-၂၀၂၅

၂၀၂၂ ခုနှစ် တနှစ်လုံးတွင် TBC အဖွဲ့က ၂၀၂၃-၂၅ ခုနှစ်များအတွက် မဟာဗျူဟာအစီအစဉ်များကို ပြင်ဆင်ရေးသားနေခဲ့ သည်။ မဟာဗျူဟာအစီအစဉ်၏ အကျဉ်းချုပ် ခြုံငုံဖော်ပြချက်ကို အောက်တွင် ဖော်ပြထားပါသည်။ TBC အဖွဲ့၏ မဟာ ဗျူဟာအစီအစဉ်အသစ် မှတ်တမ်းအပြည့်အစုံကို TBC အဖွဲ့၏ ဝက်ဘ်ဆိုဒ်တွင် ရယူနိုင်ပါသည်။

### မဟာဗျူဟာ လမ်းညွှန်များ (၂၀၂၃-၂၀၂၅)

### ၁။ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဦးစားပေးခြင်း။

အထူးထိခိုက်နစ်နာဖွယ်ရှိသည့် လူထုများကို အလေးပေး၍ စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်နစ်နာရသူ နှင့် အိုးအိမ်စွန့်ပစ် ထွက်ပြေးရသူ လူထုများ၏ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းပေးရန်။ အိုးအိမ်စွန့်ပစ် ထွက်ပြေးရသူ လူထုများအတွက် အစားအစာ၊ အမိုးအကာနှင့် အစားအစာမဟုတ်သည့် ပစ္စည်းများကို တန်းတူညီမျှစွာ ထောက်ပံ့ပေးနိုင်ရန်။

၁။ ၁။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် စောင့်ကြည့်လေ့လာခြင်း အပါအဝင်၊ သက်သေ အထောက်အထားအခြေပြု တီထွင်ဖန်တီး မှုများဖြင့် အာဟာရပြည့်ဝသည့် အစာများ၊ မီးထိုးဆီ နှင့် အမိုးအကာများကို ထိုင်းနိုင်ငံတွင်းရှိ ဒုက္ခသည်များ လုံလောက်စွာ ညီတူညီမျှ ရရှိစေရေးကို တိုးတက်ဆောင်ရွက်ရန် ကူညီပေးရန်။
၁။ ၂။ စခန်းများအတွင်း ဈေးကွက်အခြေပြု ရိက္ခာကဒ်စနစ်ကို စောင့်ကြည့်လေ့လာ၍ စုံလင်ထွေပြားသည့်၊ အာဟာရပြည့်ဝ သော၊ အရည်အသွေးမြင့် အစားအစာများ သေချာ ရရှိနိုင်ရေး စည်းမျဉ်းထိန်းသိမ်းသွားရန်၊ အလားတူပင် ရေရှည်တည်တံ့ သည့် ရင်းမြစ်များမှ မီးသွေးကို သင့်တော်သည့်ဈေးနှုန်းဖြင့် ရရှိနိုင်ရေးအတွက် စခန်းနေလူထုများနှင့် ပုံမှန်သတင်းများမျှဝေ စောင့်ကြည့် ဆောင်ရွက်သွားရန်။
၁။ ၃။ စခန်းများအတွင်း အိမ်ဆောက်ပစ္စည်းများကို ထိရောက်စွာ စီမံ၍ မလိုအပ်တော့သည့်အခါ အိမ်များကို ဖျက်သိမ်းခြင်း။

၁။ ၄။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် အိုးအိမ်စွန့်ပစ် ထွက်ပြေးရသည့်၊ စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်နစ်နာ ရသည့်သူများ ထိုင်းနိုင်ငံတွင် စားနပ်ရိက္ခာ၊ အမိုးအကာနှင့် အစားအစာမဟုတ်သည့် ထောက်ပံ့ပစ္စည်းများ အရေးပေါ်အခြေ အနေတွင် လျှင်မြန်စွာ ရရှိနိုင်ရေး။
၁။ ၅။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အိုးအိမ်စွန့်ပစ် ထွက်ပြေးရသည့်၊ စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်နစ်နာရ သည့်သူများအတွက် အရေးပေါ်အခြေအနေကာလတွင် ကျန်းမာရေးစောင့် ရှောက်ပေးမှုနှင့် ပညာရေး ရရှိစေခြင်း။
၁။ ၆။ လူများက ဖန်တီးသည့် သို့မဟုတ် သဘာဝကပ်ဘေး အန္တရာယ်များအတွက် အရပ်ဘက်လူမှု အဖွဲ့အစည်းများ၏ ပြင် ဆင်မှု ရှိနေစေရေးကို အားဖြည့်ပေးခြင်းကို ပစ်မှတ်ထားသည့်၊ တီထွင်ဖန်တီးမှုရှိသော ကပ်ဘေးအန္တရာယ် လျှော့ချရေး (DRR) ဆောင်ရွက်ချက်များဖြင့် နယ်စပ်နှစ်ဖက်စလုံးတွင် ဆောင်ရွက်ပေးခြင်း။

## ၂။ ကြံ့ကြံ့ခံနိုင်မှုနှင့် ပြန်လည် နာလံထမှုကို အားဖြည့်ပေးခြင်း

ရေရှည် အိုးအိမ်စွန့်ပစ် ထွက်ပြေးနေရခြင်းကြောင့် စားနပ်ရိက္ခာ လုံခြုံမှု နှင့် အာဟာရ ရရှိမှုဆိုင်ရာ ထိခိုက်သက်ရောက်မှုများ ကို လျှော့ချပေးခြင်း။ အိုးအိမ်စွန့်ပစ် ထွက်ပြေးရသည့်၊ စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်နစ်နာရသည့် ရပ်ရွာလူထုများ အတွက် အာဟာရ ရရှိမှု၊ သဘာဝပတ်ဝန်းကျင် သန့်ရှင်းမှု၊ ဥတုဖောက်ပြန်ပြောင်းလဲမှုအပေါ် သိမြင်သည့် စိုက်ပျိုးရေး၊ အငယ်စား စီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင်ရရှိရေးကို မြှင့်တင်ပေးခြင်း။

၂။ ၁။ အိုးအိမ်စွန့်ပစ် ထွက်ပြေးရသည့်၊ စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်နစ်နာရသည့် ရပ်ရွာလူထုများအကြား ကျန်းမာသည့် မိခင်၊ မွေးကင်းစကလေး၊ ကလေးသူငယ်များ ကျွေးမွေးရေး အလေ့အထများ (MIYCF) ကို ချမှတ်ကျင့်သုံး ရေရှည်ထိန်းသိမ်း သွားရန်၊ အထူးသဖြင့် မွေးကင်းစဘဝ ရက် ၁,၀၀၀ အတွက် အလေးပေးဆောင်ရွက်ရန်။
၂။ ၂။ အိုးအိမ်စွန့်ပစ် ထွက်ပြေးရသည့်၊ စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်နစ်နာရသည့် လူထုများ၏ အာဟာရ ရရှိမှုဆိုင်ရာ အခြေအနေကို စောင့်ကြည့်လေ့လာ၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ၏ ဖြည့်စွက်စာ ကျွေးမွေးမှုကို အလေး ပေးဆောင်ရွက်သွားရန်၊ အသက်- ၅ နှစ်အောက် ကလေးများကို အလေးပေး ကျွေးမွေးရန်။
၂။ ၃။ ဥတုဖောက်ပြန် ပြောင်းလဲမှုအပေါ် သိမြင်လုပ်ဆောင်သည့်၊ အာဟာရ ရရှိရေး အလေးထားသည့် စိုက်ပျိုးရေးကျင့်ထုံး များကို တိုးတက်ချမှတ် ကျင့်သုံးရန်၊ ထုတ်လုပ်နိုင်စွမ်း၊ ဝင်ငွေနှင့် စားနပ်ရိက္ခာ လုံခြုံမှု မြင့်မားလာစေရန်။
၂။ ၄။ ရေရှည်တည်တံ့သည့် စွန့်ဦးတီထွင် စီးပွားရေး အလေ့အထများ ဖွံ့ဖြိုးလာစေရန် နှင့် စီးပွားရေးအရ ခွန်အားအာဏာ မြင့်မားလာစေရန်၊ အမျိုးသမီးများ၊ ဒေသဆိုင်ရာ ဈေးကွက်များ အားကောင်းခိုင်မာစေရေး၊ ထိုင်းနိုင်ငံအတွင်း တရားဝင် အလုပ်အကိုင် အခွင့်အလမ်းများအတွက် ထိတွေ့ဆောင်ရွက်မှုတို့ကို အလေးပေးဆောင်ရွက်ရန်။

၂။ ၅။ နယ်စပ်နှစ်ဖက်စလုံးတွင် စိုက်ပျိုးရေး ထုတ်လုပ်မှု တိုးမြင့်စေရေးနှင့် သဘာဝ ရင်းမြစ်များ ရေရှည်တည်တံ့စေအောင် စီမံခန့်ခွဲမှုကို မြှင့်တင်ပေးခြင်း၊ တချိန်တည်းတွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် မြေယာပိုင်ဆိုင်မှုကို ခိုင်မာလုံခြုံ စေခြင်း။

၂။ ၆။ အိမ်ထောင်စုများအနေဖြင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် သန့်ရှင်းသည့် သောက်သုံးရေ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သန့်ရှင်းမှုကို တိုးမြှင့်ရရှိစေရေး။

## ၃။ ကာကွယ်မှုပေးရေး နှင့် ပိုမိုလုံခြုံသည့် အနာဂတ်များအတွက် မြှင့်တင်ပေးခြင်း

အိုးအိမ်စွန့်ပစ် ထွက်ပြေးရသည့်၊ စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်နစ်နာရသည့် ရပ်ရွာလူထုများအနေဖြင့် ဘေးအန္တရာယ် ဆက်လက်ထိတွေ့ကျရောက်မှု လျှော့နည်းစေ၍ လုံခြုံ ဂုဏ်သိက္ခာရှိသည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန်။ မြန်မာနိုင်ငံတွင် လူသားလုံခြုံမှု ရရှိနိုင်ရေး အပါအဝင် လူ့အခွင့်အရေးများကို ခုခံကာကွယ်ပေးရန်။ ယာယီအမိုးအကာနှင့် ထိုင်းနိုင်ငံ အလုပ်လုပ်ကိုင်ခွင့် နှင့် တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချခွင့် ရရှိနိုင်စေရန်။

၃။ ၁။ ရပ်ရွာလူထု ခေါင်းဆောင်များနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများက ကာကွယ်ပေးမှုရှိသည့် ကျား-မကွဲပြားမှုကို အကဲ ဆတ်သိမြင်သည့် ပတ်ဝန်းကျင်ဖြစ်စေရေး တွန်းအားပေး ဆောင်ရွက်ခြင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လူမှုရေးအရ ပါဝင် ဆောင်ရွက်နိုင်ခွင့်ရှိခြင်း၊ တန်းတူညီမျှမှု နှင့် တာဝန်ယူတာဝန်ခံမှုရှိသော ခေါင်းဆောင်မှုတို့ကို ကျင့်သုံး၍ ဆောင်ရွက်သည်။

၃။ ၂။ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုတို့ကို မှတ်တမ်းတင်ထားခြင်းအားဖြင့် ရပ်ရွာအခြေပြု ကာကွယ်ပေးမှုကို မြှင့်တင် ဆောင်ရွက်ရန်၊ လူ့အခွင့်အရေးများနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများ မြှင့်တင်ဆောင်ရွက်ရေး စည်းရုံးတိုက်တွန်းရန်။

၃။ ၃။ စိတ်ပိုင်း-လူမှု ပံ့ပိုးမှုများ၊ ရပ်ရွာက ပိုင်ဆိုင်သည့် စပါးဘဏ်..စသည်တို့ ပါဝင်သည့် လူမှု ကာကွယ်မှုပေးရေး လုပ်ငန်း စဉ်များကို အားဖြည့်ပေးခြင်း၊ အထူးထိခိုက်နစ်နာဖွယ်ရှိသည့် လူအုပ်စုများအတွက် အပါအဝင် ဖြစ်သည်။

၃။ ၄။ လုံခြုံကာကွယ်ပေးရေး မူဝါဒများ၊ လုပ်ငန်းစဉ်များကို အားဖြည့်ပေး၍ လူအများလက်ခံ ကျင့်သုံးလာစေရေး ဆောင်ရွက်ရန်၊ ယင်းသည် နစ်နာဖွယ်ရှိသည့် လူအုပ်စုများအပေါ် လူ့အခွင့်အရေးချိုးဖောက်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း နှင့် ဘေးအန္တရာယ်ကျရောက်စေခြင်းတို့ကို တုံ့ပြန်ကာကွယ်ပေးရန်အတွက်လည်း တပြေးညီ ဖြစ်စေရမည်။

၃။ ၅။ လိင်မှုဆိုင်ရာ နှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများကို ရပ်ရွာက ဦးဆောင်သည့် တုံ့ပြန်မှုများ ဆောင်ရွက်သွားရန်၊ ယင်းတို့တွင် လွှဲပြောင်းကုသရေး ဝန်ဆောင်မှုများ၊ နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်း၊ လုံခြုံရာ ဂေဟာများ အပါအဝင်ဖြစ်၍ အားဖြည့်ပေးရမည်။

၃။ ၆။ နေရာပြောင်းရွှေ့ထွက်ပြေးရသူ လူထုများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ စခန်းများ၏အပြင် ဒုက္ခသည်များ၏ ဘဝအတွက် အစီအစဉ်ရေးဆွဲခြင်းနှင့် ပြင်ဆင်မှုဆိုင်ရာ လုပ်ငန်းများကို ကောင်းစွာ ထိတွေ့ဆက်ဆံ၍ ပြင်ဆင်နိုင်ရန်။ ဒုက္ခသည်များကို သတင်းများသိရှိ၍ သူတို့အနာဂတ်များအတွက် ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန်။

## ၄။ ဒေသန္တရ အုပ်ချုပ်မှုစနစ်ကို အားကောင်းသန်မာစေခြင်း

အစီအစဉ်များနှင့် ဝန်ဆောင်ပေးမှုများတွင် ကိုယ်ပိုင်သဘော ဖြစ်စေမှုနှင့် ကြီးကြပ်မှုများတွင် ကိုယ်စားပြုမှု စုံလင်ထွေပြား စေရေး ဆောင်ရွက်သွားရန် နှင့် တာဝန်ယူတာဝန်ခံမှု အားကောင်းလာစေရန်၊ ဒုက္ခသည်များ၊ အရပ်ဘက်လူမှု အဖွဲ့အစည်း မိတ်ဖက်များ၊ ဒေသခံ အာဏာပိုင်များနှင့် အခြား အရေးပါသည့်အင်အားစုများအကြား ပူးပေါင်းဆောင်ရွက်၍ အပြောင်းအလဲ များကို တာဝန်သိစွာနှင့် ပွင့်လင်းမြင်သာစွာ စီမံခန့်ခွဲသွားရန်။

၄။ ၁။ TBC အဖွဲ့၏ ဖွဲ့စည်းပုံနှင့် အစီအစဉ်များသည် ဒေသခံမိတ်ဖက် အဖွဲ့အစည်းများ၍ တိုး၍ စီမံအုပ်ချုပ်လာနေပြီး အပြောင်းအလဲများကို အခြေအနေအရ၊ အိုးအိမ်စွန့်ပစ် ထွက်ပြေးရသည့်၊ စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်နစ်နာရသည့် ရပ်ရွာလူထုများ၏ လိုအပ်ချက်များအရ နှင့် စိုးရိမ်ပူပန်မှုများအရ တာဝန်သိစွာ ချိန်ညှိဆောင်ရွက်နေသည်။
၄။ ၂။ ဘဏ္ဍာရေး၊ အုပ်ချုပ်ရေးနှင့် လူသားရင်းမြစ် စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် စွမ်းဆောင်ရည်များကို မြှင့် တင်အားကောင်းစေ၍၊ TBC အဖွဲ့နှင့် ဒေသခံ မိတ်ဖက် အဖွဲ့အစည်းများအကြား တာဝန်ယူတာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု နှင့် ရေရှည်တည်တံ့သည့် အင်စတိကျူးရှင်း (အဖွဲ့အစည်းစနစ်များ) အဖြစ် မြှင့်တင်ဆောင်ရွက်သွားရန်။
၄။ ၃။ နည်းပညာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေး၍၊ စောင့်ကြည့်လေ့လာမှု၊ ပြန်လည်သုံးသပ်မှုများဖြင့် TBC အဖွဲ့နှင့် ဒေသခံ မိတ်ဖက်အဖွဲ့အစည်းများ နှစ်ခုလုံး၏ တုံ့ပြန်မှုကောင်းသည့်၊ ထိရောက်ထက်မြက်သည့် ဝန်ဆောင်မှုများ အရည်အသွေး မြင့်မာလာစေရေး သေချာဆောင်ရွက်ပေးရန်။
၄။ ၄။ အကျိုးခံစားခွင့်ရှိသူများ တုံ့ပြန်တိုင်ကြားမှု လုပ်ငန်းစဉ်များတွင် အကျယ်အပြန့်သော ရပ်ရွာလူထုများ ပါဝင်ဆောင်ရွက် မှု ရှိလာစေရန် အားပေး၍၊ ယင်းလုပ်ငန်းစဉ်များတွင် လွှမ်းမိုးထားသည့်အုပ်စု မဟုတ်သော လူနည်းစုများ ပါဝင်လာစေရန်။ TBC အဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ရပ်ရွာလူထုအပေါ် တာဝန်ယူတာဝန်ခံမှုများကို သေချာကူညီ ပံ့ပိုးပေးနိုင်စေရန်။
၄။ ၅။ TBC အဖွဲ့က အလှူရှင်များနှင့် ညှိနှိုင်းဆွေးနွေး၍ ဒေသခံမိတ်ဖက်အဖွဲ့အစည်းများ၏ ရပ်ပိုင်းဆိုင်ရာ အန္တရာယ်ရှိမှု လျှော့နည်းကျဆင်းစေရန် ဦးစားပေး ဆောင်ရွက်ခြင်း၊ မလိုလားအပ်သည့် ယုံကြည်ကိုးစားမှုဆိုင်ရာ လုပ်ဆောင်ရမှု စွန့်စား ရမှုများ လျှော့နည်းသက်သာစေသည်။
၄။ ၆။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ကိုယ်စားပြုမှုရှိ၍ တာဝန်ယူတာဝန်ခံမှုရှိသော အုပ်ချုပ်မှု အဖွဲ့အစည်းများ ဖြစ်ပေါ်စေရေးအတွက် ဒီမိုကရေစီ အခြေခံမူများ၊ ပြည်သူ့အုပ်ချုပ်ရေး စွမ်းရည်များ နှင့် ဖက်ဒရယ်စနစ်ကို အောက်ခြေမှ စတင်၍ တည်ဆောက်ခြင်း... စသည့်ကိစ္စများတွင် ရင်းနှီးမြှုပ်နှံမှုများ၏ဖြင့် မြှင့်တင်ဆောင်ရွက်ခြင်း။

## အခန်း (၅) ဘဏ္ဍာရေး

## အထွေထွေ

TBC အဖွဲ့သည် ယူနိုက်တက်ကင်းဒမ်းနိုင်ငံတွင် မှတ်ပုံတင်ထားပြီး၊ UK နိုင်ငံ၏ အလှူရှင်အဖွဲ့အစည်းများ (Charities) ကျင့်သုံးရမည့် အကြံပြုချက် ဖော်ပြချက်များအတိုင်း လိုက်နာပါသည်။ TBC အဖွဲ့သည် ၂၀၁၅ ခုနှစ်မှစတင်၍ ဥပဒေပြဋ္ဌာန်းထားသည့် FRS 102 SORP ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံမှုကို ချမှတ်ကျင့်သုံးပါသည်။ ရရှိမှု (ဝင်ငွေ) နှင့် ပေးချေမှု (အသုံးစားရိတ်) နှစ်ခုလုံးကို မတိုင်မီ ကြိုတင်တွက်ချက်မှု (accrual basis) ဖြင့် အစီရင်ခံမှု ပြုပါသည်။ ယင်းသည် ကန့်သတ်နှင့် အထွေထွေ ရန်ပုံငွေများကို ရှင်းလင်းစွာ ခွဲခြားဖော်ပြထား မှု ဖြစ်ပါသည်။ အုပ်ထိန်းရေးဘုတ်အဖွဲ့၏ အစီရင်ခံစာ (Trustees report) နှင့် စာရင်းစစ်ဆေးထားသည့် ၂၀၂၂ ခုနှစ်အတွက် ငွေကြေးဆိုင်ရာ ဖော်ပြချက်ကို၊ KPMG UK LLP ကုမ္ပဏီက သီးခြားထပ်မံ စာရင်းစစ်ဆေးခဲ့ပြီး၊ UK နိုင်ငံ၏ Charity Commission နှင့် Companies House တို့တွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ TBC အဖွဲ့၏ ငွေစာရင်းမှတ်တမ်းများကို ထိုင်းဘတ် ငွေ (THB) ဖြင့် ထိန်းသိမ်းထားရှိပါသည်။ စာရင်းစစ်ဆေးထားသော ငွေကြေး ဖော်ပြချက်များကို တင်ပြ၍ ထိုင်းဘတ်ငွေဖြင့် တွက်ချက်ထားရှိပါသည်။ TBC အဖွဲ့က QuickBooks Enterprise ၏ ငွေ စာရင်းဆိုင်ရာ နည်းပညာ ဆော့ဖ်ဝဲယားကို အသုံးပြုပါသည်။

ယခုအခန်းတွင် TBC အဖွဲ့၏ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု ဘတ်ဂျက်ဆိုင်ရာ  စွမ်းဆောင်မှုများကို တင်ပြထားပါသည်။ ကိန်းဂဏန်းများနှင့် သုံးသပ်မှုများကို အခြားပြဋ္ဌာန်းချက်များ မရှိသောကြောင့် ထိုင်း ဘတ်ငွေ (THB) ဖြင့် တွက်ချက်ဖော်ပြထားပါသည်။

## TBC ဘဏ္ဍာရေး ဆန်းစစ်ချက်- ဇန်နဝါရီ- ဒီဇင်ဘာလ ၂၀၂၂ ခုနှစ်

**ဇယား ၅။ ၁။**

| ဘဏ္ဍာရေး အကျဉ်းချုပ် ၂၀၂၂ ခုနှစ် | | | |
|---|---|---|---|
| ထိုင်းဘတ် (သန်းဖြင့်) ပစ္စည်း အမျိုးအမည် | မူရင်းဘတ်ဂျက် | အမှန်စာရင်း | ကွဲလွဲမှု |
| ဝင်ငွေ | ၆၂၇ | ၉၁၄ | ၂၈၇ |
| ကုန်ကျစားရိတ်များ | (၇၇၇) | (၈၇၅) | ၉၈ |
| ရန်ပုံငွေတွင် စုစုပေါင်း ရွှေ့ပြောင်းမှု | (၁၅၀) | ၃၉ | ၁၈၉ |
| စာရင်းဖွင့် ရန်ပုံငွေစာရင်း | ၄၉၂ | ၄၉၂ | |
| စာရင်းပိတ် ရန်ပုံငွေစာရင်း | ၃၄၂ | ၅၃၁ | ၁၈၉ |
| | | | |
| ထိန်းချုပ်ထားသည့် ရန်ပုံငွေ | ၂၄၉ | ၄၅၁ | ၂၀၂ |
| သတ်မှတ်ထားသည့် ရန်ပုံငွေ | ၆၁ | ၅၇ | (၄) |
| အထွေထွေ ရန်ပုံငွေ | ၃၂ | ၂၃ | (၉) |
| စုစုပေါင်း ရန်ပုံငွေ လက်ကျန် | ၃၄၂ | ၅၃၁ | ၁၈၉ |
| ငွေစာရင်းရှင်းတမ်း | | | |
| စုစုပေါင်း မရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှု | ၁ | ၁ | ၀ |
| အလှူရှင်များထံမှ ရရှိရန်ငွေ | ၂၄၁ | ၄၄၈ | (၂၀၇) |
| ပစ္စည်းထောက်ပံ့သူများထံ ပေးရန်ကျန် | (၅၀) | (၄၃) | (၇) |
| ဘဏ်လက်ကျန်စာရင်း | ၁၅၀ | ၁၂၆ | ၂၄ |
| စုစုပေါင်း ပိုင်ဆိုင်မှု | ၃၄၂ | ၅၃၁ | ၁၈၉ |

| | | | |
|---|---|---|---|
| **ငွေသား လှည့်ပတ်နိုင်မှု (Liquidity)** | ၁၀၀ | ၈၅ | |

## ၂၀၂၂ ခုနှစ်အကုန် ဘဏ္ဍာရေးအခြေအနေ အကျဉ်းချုပ် နှင့် အလေးပေးဖော်ပြချက်များ

၂၀၂၂ ခုနှစ်အတွက် တစုံလုံး စုစုပေါင်း ကုန်ကျစားရိတ်များမှာ ထိုင်းဘတ် ၈၇၅ သန်းရှိပြီး၊ အမှန်တကယ် ဝင်ငွေမှာ ထိုင်းဘတ် ၉၁၄ သန်းရှိပါသည်။ စုစုပေါင်း ထိုင်းဘတ် ၃၉ သန်း တိုးများလာခြင်းကြောင့် ကုန်ဆုံးချိန်တွင် ရန်ပုံငွေလက်ကျန်ငွေ စာရင်းမှာ ထိုင်းဘတ် ၅၃၁ သန်း ရှိပါသည်။ ရန်ပုံငွေ လက်ကျန်စာရင်းကို အလှူရှင်များက ကန့်သတ်ထားသည့် ရန်ပုံငွေများ အဖြစ် ထိုင်းဘတ် ၄၅၁ သန်းနှင့် ထိုင်းဘတ် ၅၇ သန်းကို သတ်မှတ်ထားသည့် ရန်ပုံငွေအဖြစ် ထားရှိသည်။ ထိုင်းဘတ် ၂၃ သန်းကို အထွေထွေအဖြစ် ထားရှိပြီး လွတ်လပ်စွာသုံးစွဲနိုင်သည့် အရန်ကျန်ငွေ နှင့် မရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုများ ဖြစ်ပါသည်။

TBC အဖွဲ့၏ လုပ်ငန်းဆောင်တာများကို COVID-19 ကူးစက်ကပ်ဘေး၏ အကျိုးဆက်များနှင့် ဆက်၍ဖြစ်ပေါ်လာသော ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံရှိ အကျပ်အတည်းများကြောင့် ပိတ်သိမ်းရမှုများ ဖြစ်စေခဲ့သည်။ မြန်မာနိုင်ငံသို့ အိမ်ပြန် နိုင်ရေးဆိုသည်မှာ မျှော်မှန်းရနိုင်သမျှသော အနာဂတ်ကာလ တခုအထိ ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းတခု မဟုတ်တော့ပါ။ ထို့အပြင် ၂၀၂၀ ခုနှစ်တွင် COVID ကူးစက်ကပ်ဘေး စတင်ဖြစ်ပွားလာခြင်းကြောင့် စခန်းဒုက္ခသည်လူဦးရေ မှာ ၈၁,၀၀၀ ဦး မှ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် တဖြည်းဖြည်း တိုးတက်လာသည်။ လွတ်လပ်စွာ သုံးစွဲနိုင်သည့် အထွေထွေ အရန်ငွေကို TBC အဖွဲ့၏ လုပ်ငန်းနှင့် မျှော်မှန်းချက် လက်ရှိအခြေအနေနှင့် နှစ်စဉ် ပြန်လည်သုံးသပ်ခဲ့ပါသည်။ ထို့နောက် TBC အဖွဲ့က ငွေ ကြေးဆိုင်ရာ စွန့်စားရမှုကို ကျော်လွှား လျှော့ချနိုင်ရေးအတွက် ထိုင်းဘတ် ၂၅ သန်းကို အရန်ငွေထိန်းသိမ်းထားရန် ကြိုးပမ်း ခဲ့ပါသည်။

ယခုတနှစ်လုံးတွင် TBC အဖွဲ့အနေဖြင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စိန်ခေါ်မှုများ ဆက်လက်၍ ကြုံတွေ့ရပါသည်။ TBC အဖွဲ့က မိတ်ဖက်အဖွဲ့အစည်းများ အရေးပေါ်အခြေအနေများ တုံ့ပြန်ရာတွင် အရည်အသွေးမြှင့်တင်ရေးအတွက် အားဖြည့်ပေးရေး ပံ့ပိုးခဲ့ပါသည်။ တချိန်တည်းတွင် ကဏ္ဍပေါင်းစုံလိုအပ်ချက်များ ပေါ်ပေါက်လာသည်ကိုလည်း ဖြေရှင်းခဲ့ရသည်။ မိတ်ဖက်အဖွဲ့ အစည်းများကို ခွဲဝေပေးသည့် ဂရန့်ငယ်များသည် ၂၀၂၀ ခုနှစ်တွင် ၂၈ ခုရှိရာမှ ၂၀၂၂ ခုနှစ်တွင် ၉၅ ခုအထိ တိုးများလာခဲ့ သည်။ အချို့သော မိတ်ဖက်အဖွဲ့များသည် စီမံချက်မျိုးစုံအတွက် ကြိုတင်ထုတ်ပေးငွေ မျိုးစုံ ရရှိခဲ့ကြသည်။ ပျမ်းမျှအားဖြင့် တနှစ်လုံးတွင် ကြိုတင်ထုတ်ပေးငွေ ထိုင်းဘတ် ၄၁ သန်းခန့်ရှိသည်။ သို့ဖြစ်ရာ လုပ်ရှားမှုများ ဖြည်းဖြည်းချင်းဖြစ်ပေါ် စီးဆင်း နေသည်ကို ဖော်ပြနေသည်။ နယ်စပ်တလျှောက်နှင့် မြန်မာနိုင်ငံတွင် ငွေကြေးစနစ် တရားဝင်မရှိကြခြင်းကြောင့် ထောက်ပံ့ ပစ္စည်းများနှင့် ဝန်ဆောင်ပေးမှုများအတွက် တိုက်ရိုက် ငွေသားပေးမှု ပို၍လိုအပ်သည်။ သို့ဖြစ်ရာ TBC အဖွဲ့အတွက် ငွေသား ဖော်၍ လည်ပတ်မှုလုပ်ဆောင်ရန် ပို၍ လိုအပ်လာသည်။ TBC အဖွဲ့က စွန့်စားရမှုအန္တရာယ်ကို သိရှိသော်လည်း မကြာခဏ အစီရင်ခံခြင်း၊ ပစ္စည်းထောက်ပံ့ပေးမှု မှတ်တမ်းများကို တင်းကျပ်စွာ အဖွဲ့အတွင်းပြန်လည် သုံးသပ်ခြင်းဖြင့် တာဝန်သိစွာ ဤ ပြဿနာကို လျှော့ချနိုင်ခဲ့သည်။

မြန်မာနိုင်ငံရှိ ဘဏ်စနစ်မှာ အန္တရာယ်များနေဆဲဖြစ်ပြီး၊ ဒေသဆိုင်ရာ စည်းကမ်းထိန်းသိမ်းသူများက ငွေထုတ်ယူသည့်အပေါ် ကန့်သတ်ချုပ်ချယ်မှုများ ပို၍ထားရှိနေသည်။ သို့သော်လည်း TBC အဖွဲ့က ငွေစာရင်းမှ တဖြည်းဖြည်းချင်း ပြန်ထုတ်ယူနိုင်ခဲ့ ပြီး၊ ၂၀၂၃ ခုနှစ် အစောပိုင်းတွင် ဘဏ်များအပြည့်အဝ ပြန်၍နာလံထသည့်တိုင် ဆောင်ရွက်ခဲ့ရသည်။ နောက်ပိုင်းတွင် ငွေ စာရင်း ပိတ်သိမ်းခဲ့ရသည်။

ယူကေနှင့် ထိုင်းနိုင်ငံရှိ Standard Chartered Bank (SCB)-UK ဘဏ်တွင် ငွေစာရင်း မရှိတော့ခြင်းကြောင့်နှင့် SCB-UK ဘဏ် များ၏ မဟာဗျူဟာ အပြောင်းအလဲကြောင့်၊ TBC အဖွဲ့က ထိုင်းနိုင်ငံရှိ Siam Commercial Bank နှင့် ဆက်လက် လုပ်ကိုင်ရန် ဖြစ်နိုင်ခြေ အဖြေကို ဆုံးဖြတ်ခဲ့ရသည်။ အမေရိကန်ဒေါ်လာ၊ ဗြိတိန်ပေါင် နှင့် ထိုင်းဘတ် ငွေစာရင်းများကို ဖွင့်လှစ်ထားရှိ နိုင်ရာ TBC အဖွဲ့အနေဖြင့် ငွေများကို မလဲလှယ်မီအထိ၊ အများဆုံးငွေကြေး ပမာဏကို ထိန်းချုပ်ထားရှိနိုင်သည်။ သဘောမှာ အကောင်းဆုံး နိုင်ငံခြားငွေလဲလှယ်နိုင်သည့် နှုန်းရသည်အထိ စောင့်ဆိုင်းနိုင်ခြင်း ဖြစ်သည်။ TBC အဖွဲ့က ယူကေနိုင်ငံတွင် ရောသောက်မြစ်သဖွယ် ဘဏ်စာရင်းဖွင့်လှစ်ထားရန် အရေးကြီးသည်ဟု ယူဆသည်။ သို့သော်လည်း ယခုတိုင် မည်သို့ဘဏ် စာရင်းဖွင့်လှစ် လုပ်ကိုင်ရမည်ကို နည်းလမ်းရှာဆဲ ဖြစ်သည်။

ယခုနှစ်၏ ပထမ ၆-လပိုင်းတွင် ခရီးသွားလာမှု ကန့်သတ်ချက်များကြောင့် အထူးစုံညီ အထွေထွေအစည်းအဝေး (EGM) နှင့် ၃-လတကြိမ် အုပ်ထိန်းရေး ဘုတ်အဖွဲ့ (Trustees) အစည်းအဝေးများကို အွန်လိုင်းဖြင့်သာ ကျင်းပခဲ့ရသည်။ သို့ သော်လည်း နှစ်စဉ် အထွေထွေအစည်းအဝေး (AGM) ကို လူကိုယ်တိုင်ကိုယ်ကျဖြင့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အောင်မြင် စွာ ကျင်းပနိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ်မှစ၍ တဖန်ပြန်ကျင်းပနိုင်ခြင်း ဖြစ်သည်။ ယင်းရက်သတ္တပတ်တွင်ပင် TBC အဖွဲ့က ပါဝင် တက်ရောက်သူများကို မဲလဒုက္ခသည်စခန်းသို့ သွားရောက်လည်ပတ်ကြည့်ရှုရန် တရက်သတ်မှတ်ထားခဲ့သည်။ နေထိုင်သူ ဒုက္ခသည်များနှင့် တိုက်ရိုက်စကားပြောဆိုနိုင်ပြီး COVID-19 ကူးစက်ကပ်ဘေး ကာလတွင် သူတို့၏ ဘဝမည်သို့ရှိ မည်ကို မေးမြန်းနိုင်ခဲ့ကြသည်။ ထိုသူများက စစ်အာဏာသိမ်းမှုကြောင့် မြန်မာပြည်ရှိ အိမ်ပြန်ရေးမဖြစ်နိုင်တော့ရာ မည်သို့ ထိခိုက် နစ်နာရသည်ကို ဒုက္ခသည်များ၏ ခံစားမှုများကိုလည်း ကြားသိနိုင်ခဲ့သည်။ ထို့အပြင်၊ TBC အဖွဲ့က ယင်းရက်သတ္တပတ်တွင် ပင် နှစ်စဉ် အလှူရှင် အစည်းအဝေး ကျင်းပ၍ အနာဂတ် ရန်ပုံငွေလိုအပ်ချက်များ၊ ဖြစ်နိုင်ခြေများနှင့်ပတ်သက်၍ မေးခွန်းများ ကို ပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ကြသည်။

နောက်ဆုံးအနေဖြင့်၊ TBC အဖွဲ့က ၂၀၂၂ ခုနှစ်အတွင်း စီစဉ်ထားသည့်အတိုင်း အမျိုးမျိုးသော စာရင်း၊ လုပ်ငန်းစစ်ဆေးမှု ၁၂ ကြိမ် ပြုလုပ်ခဲ့သည်။ စစ်ဆေးမှု ၆-ခုမှာ စီမံချက်များအလိုက် ဖြစ်ပြီး၊ ၅-ခုမှာ စည်းမျဉ်းများ လိုက်နာမှုနှင့် လုပ်ငန်းစဉ်လုပ်ထုံး လုပ်နည်းများ (due diligence) နှင့် ပတ်သက်၍ ဖြစ်သည်။ စစ်ဆေးမှု တခုမှာ ပြင်ပအဖွဲ့အစည်းနှင့် နှစ်စဉ် စစ်ဆေးမှုဖြစ် သည်။ တွေ့ရှိသုံးသပ်ချက် အနည်းငယ် ရှိသော်လည်း စိုးရိမ်ဖွယ်အဖြစ် မည်သည့်အရေးကိုမှ သတ်မှတ်ဖော်ထုတ်ခဲ့ခြင်း မရှိ ပါ။ ဤသတင်း အချက်အလက်များဖြင့်၊ TBC အဖွဲ့က မိမိတို့၏ သက်ဆိုင်ရာနယ်ပယ်များကို အာမခံချက်ပေးလိုပါသည်။ TBC အဖွဲ့၏ စနစ်များနှင့် လုပ်ငန်းလည်ပတ်မှုများသည် ပုံမှန်အားဖြင့် တည်ကြည်ယုံကြည်ရမှုနှင့် ပွင့်လင်းမြင်သာမှုအတွက် စစ် ဆေးနေပြီး၊ နှစ်စဉ် များစွာသော ပြင်ပအဖွဲ့အစည်းများနှင့် စစ်ဆေးခဲ့ပါသည်။

**ဝင်ငွေ**

TBC အဖွဲ့က ယူကေနိုင်ငံ၏ ငွေစာရင်းထားရှိမှု စံနှုန်း (FRS 102 SORP) ကို လိုက်နာကျင့်သုံးပါသည်။ ဝင်ငွေအဖြစ် သတ်မှတ်ရာ၌ ဂရန့်တခု အခွင့်အရေး ရရှိသည့်အခါ ဖြစ်ပေါ်လာပြီး၊ ရရှိမည်ဟု သေချာကျိုးကြောင်း ဖြစ်ပေါ်လာသည့်အခါတွင်ဖြစ်သည်။ ယင်းကို လုံလောက်စွာငွေကြေးတန်ဖိုးဖြင့် တိုင်းတာနိုင်ရမည်။ ဝင်ငွေကို ငွေသားမရရှိမီတွင် အသိအမှတ်ပြုသည်။ ပုံမှန်အားဖြင့် ကန်ထရိုက်လက်မှတ်ထိုးသည့်အခါနှင့် ငွေပေးချေမှု ပြုသည့်အခါ လက်ခံရရှိငွေအဖြစ် ရရှိသိမ်းဆည်းသည်။

TBC အဖွဲ့၏ အချို့သော အစီအစဉ်များနှင့် စီမံခန့်ခွဲမှုများအတွက် ရန်ပုံငွေများမှာ TBC အဖွဲ့ထံ တိုက်ရိုက်ရောက်ရှိ မလာကြပါ။ သို့သော် ယင်းကို မိတ်ဖက်အဲန်ဂျီအို အဖွဲ့အစည်းများက သူတို့တည်ရှိရာနိုင်ငံများတွင် လက်ခံရရှိကြပြီး၊ TBC အဖွဲ့ထံသို့ လက်ခွဲဂရန့် ပြန်၍ပေးသည်။ ဤသို့သော ရန်ပုံငွေပေးသည့် မိတ်ဖက်အဖွဲ့အစည်းအချို့သည် TBC ညွန့်ပေါင်းအဖွဲ့ဝင် အဖွဲ့အစည်းများ ဖြစ်ကြသည်။ သူတို့နှင့်အတူ အခြားအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များက အလှူများနှင့် တသီးပုဂ္ဂလဂရန့်များပြု ၍ ကူညီပေးကြသည်။

**ဇယား ၅။ ၂။ ဘဏ္ဍာရေးအရင်းအမြစ်များ- ၂၀၂၂ ခုနှစ် (ထိုင်းဘတ် ၉၁၃ သန်း)**




၂၀၂၂ ခုနှစ်အတွက် စုစုပေါင်းဝင်ငွေမှာ ထိုင်းဘတ် ၉၁၃ သန်း ဖြစ်သည်။ ယင်းမှာ ဘတ်ဂျက်သတ်မှတ် ရေးဆွဲထားသည်ထက် ထိုင်းဘတ် ၂၈၇ သန်း (၄၆%) ပိုများပါသည်။ သို့သော် ထိုင်းဘတ် ၂၀၂၁ ခုနှစ်ထက်စာလျှင် ထိုင်းဘတ် ၁၁၃ သန်း လျော့နည်းပါသည်။ TBC အဖွဲ့က နိုင်ငံခြားငွေလဲလှယ်မှုကြောင့် ဆုံးရှုံးရငွေ ထိုင်းဘတ် ၂၃ သန်း ရှိပါသည်။ ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် နိုင်ငံခြားငွေလဲလှယ်မှုမှ ၁၂ သန်း အမြတ်ရခဲ့ပါသည်။ အကြောင်းမှာ နှစ်၏နှောင်းပိုင်းတွင် အမေရိကန်ဒေါ်လာနှင့် ဗြိတိန်ပေါင်ငွေ တန်ဖိုးလျှင်မြန်စွာ လျော့နည်းကျဆင်းခဲ့ခြင်းကြောင့် အဓိကဖြစ်သည်။

TBC အဖွဲ့၏လုပ်ငန်းဆောင်တာများအတွက် အစိုးရ ၇-ခုက ပံ့ပိုးပါသည်။ (အမေရိကန် ပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်း၊ နယူးဇီလန်၊ ဩစတြေလျ၊ ဒိန်းမတ်၊ ဆွီဒင်၊ ပိုလန်တို့ ဖြစ်ကြပြီး လှူဒါန်းငွေ ပမာဏအလျှောက် ရှေ့နောက်စီစဉ်ထားပါသည်။) TBC အဖွဲ့က ဥရောပသမဂ္ဂမှလည်း ပံပိုးကူညီမှုများကို UNOPS က စီမံခန့်ခွဲသည့် နက်ဆပ်စ်တုံ့ပြန်မှု လုပ်ငန်းစဉ် (Nexus Response Mechanism) မှတဆင့် လက်ခံရရှိပါသည်။ အလှူရှင်အဖွဲ့များစွာပါသည့် သက်မွေးဝမ်းကျောင်းမှုများနှင့် စားနပ် ရိက္ခာလုံခြုံရေး ထရပ်စ်အဖွဲ့ (LIFT) ထံမှလည်း အကူအညီ လက်ခံရရှိသည်။ ယင်းကိုလည်း UNOPS က စီမံခန့်ခွဲပါသည်။ အလှူရှင်များစွာ ပါသည့် မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေအဖွဲ့ (Myanmar Humanitarian Fund) ထံမှလည်း အကူအညီ ရရှိသည်။ ယင်းကိုမူ UNOCHA က စီမံခန့်ခွဲပါသည်။ အစိုးရများကို အခြေပြုသည့် အလှူရှင်များထံမှနေ၍ TBC အဖွဲ့၏ နှစ်စဉ်ဘတ်ဂျက် ၉၉% ကို ရန်ပုံငွေအဖြစ် ကူညီပေးနေပါသည်။

အမေရိကန်ပြည်ထောင်စု အစိုးရ၏ လူဦးရေဆိုင်ရာကိစ္စများ၊ ဒုက္ခသည်နှင့် ရွှေ့ပြောင်းအခြေချမှု ဗျူရို (BPRM) သည် TBC အဖွဲ့ အတွက် အကြီးဆုံးအလှူရှင်ဖြစ်ပြီး၊ စုစုပေါင်း ဝင်ငွေများ၏ ၅၆% ရှိပါသည်။ BPRM ၏ ရန်ပုံငွေများမှနေ၍ မီးထိုးဆီ များ၊ စားနပ်ရိက္ခာကဒ် (FCS) နှင့် ဒုက္ခသည်စခန်းများအတွင်း အခြားသက်ဆိုင်သည့် လုပ်ငန်းဆောင်တာများအတွက် ထောက်ပံ့ ပေးသည်။ ရရှိသော ရန်ပုံငွေသည် COVID-19 ကူးစက်ကပ်ဘေး ကာလအတွင်း တနှစ်ပတ်လုံး ရိက္ခာခွဲတမ်း အဆင့်ကို ထိန်းသိမ်းထားနိုင်စေရန် လုံလောက်စေခဲ့သည်။ ထို့အပြင် အခြား အမေရိကန်ဒေါ်လာ ၁.၃ သန်းကို မြန်မာနိုင်ငံ တွင် စစ်ပွဲ တိုက်ခိုက်မှုများမှ ထွက်ပြေးလာရသူများ၏ အရေးပေါ် အကူအညီပေးနိုင်ရန် ဆောင်ရွက်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် နောက်ထပ် ၃-နှစ်စာ သဘောတူညီမှု အသစ်ရရှိခဲ့ပါသည်။

ယူကေနိုင်ငံမှ FCDO သည် TBC အဖွဲ့၏ ဒုတိယအကြီးဆုံး အလှူရှင်ဖြစ်သည်။ ၂၀၂၁-၂၀၂၂ ခုနှစ် ကန်ထရိုက်စာချုပ်ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိ ၃-လ သက်တန်းထပ်တိုးခဲ့ပြီး၊ နောက်ထပ် ၁.၅ နှစ်ကြာ သဘောတူညီချက်ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် စတင်မည် ဖြစ်သည်။ ထိုင်းနိုင်ငံတွင် ဤရန်ပုံငွေဖြင့် အမိုးအကာ ရရှိရေး၊ အာဟာရ ရရှိရေးနှင့် စခန်း ၉-ခုတွင် စခန်းစီမံခန့်ခွဲမှု အစီအစဉ်များအတွက် အသုံးပြုပါသည်။ မြန်မာနိုင်ငံတွင် ဤရန်ပုံငွေဖြင့် ဆေးဝါးဆိုင်ရာ လိုအပ် ချက်များ၊ ဖွံ့ဖြိုးရေး စီမံချက်များနှင့် ဒေသခံကျေးရွာလူထုများကို သင်တန်းနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်ပေးသော အရပ် ဘက် လူမှုအဖွဲ့အစည်းများ (CSOs) အတွက် အသုံးပြုပါသည်။ FCDO အဖွဲ့က နယ်စပ်နှစ်ဖက်လုံးတွင် အရေးပေါ်တုံ့ပြန်မှု အကူအညီများအတွက်လည်း ဆက်လက်၍ ထောက်ပံ့ပေးနေပါသည်။

နယူးဇီလန်နိုင်ငံမှ MFAT သည် ၂၀၂၁ ခုနှစ်တွင် အသစ်သောအလှူရှင် ဖြစ်လာသည်။ ၂၀၂၂-၂၀၂၄ ခုနှစ်များတိုင် နောက်ထပ် သက်တန်း ၂- နှစ်တိုးပေးရန် သဘောတူညီခဲ့သည်။ သို့ဖြစ်ရာ TBC အဖွဲ့၏ တတိယအကြီးဆုံး အလှူရှင် ဖြစ်လာသည်။ နှစ်စဉ် ကူညီထောက်ပံ့ငွေ ထိုင်းဘတ် ၅၅ သန်းသည် COVID-19 ကူးစက်ကပ်ဘေးကြောင့် နှောင့်နှေးရသည့် အစီအစဉ်များ အတွက် ဖြေရှင်းနိုင်ရန် ကူညီပေးခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ အကျပ်အတည်းအတွက်လည်း ကူညီပေးသည်။

ဩစတြေလျနိုင်ငံ၏ DFAT သည် IRC အဖွဲ့ မှတဆင့် TBC အဖွဲ့၏ မရှိမဖြစ် အရေးပါသည့် အလှူရှင်တဦးအဖြစ် ဆက်လက် ရပ်တည်နေသည်။ ၃-နှစ်တာ ဂရန့်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ပြီးဆုံးမည်။ ၃-နှစ်တာ အသစ်သော အဆိုပြုချက်ကို လက်ရှိတွင် ညှိနှိုင်းဆွေးနွေးနေဆဲ ရှိသည်။ DFAT သည် နယ်စပ်တလျှောက် စခန်း ၉-ခု စီမံခန့်ခွဲမှုများအတွက် အရေးပါသည့် ထောက်ပံ့ပေးသူ ဖြစ်သည်။ ယင်းလုပ်ငန်းဆောင်တာများသည် TBC အဖွဲ့၏ ဦးတည်ချက် ၄-ခုလုံးကို လွှမ်းခြုံမှုရှိပြီး ယင်း တွင် အမိုးအကာ၊ အစားအစာ၊ အာဟာရ ရရှိမှု၊ ရပ်ရွာအခြေပြုအဖွဲ့အစည်း (CBO)/ အရပ်ဘက် လူမှုအဖွဲ့အစည်း (CSO) အုပ်ချုပ်ရေး နှင့် ထောက်ပံ့ကြေးလစာများ နှင့် အဖွဲ့အစည်းဆိုင်ရာ ကုန်ကျစားရိတ်များ ပါဝင်သည်။ DFAT က ၎င်း၏ ရန်ပုံ ငွေကို တိုးမြှင့်၍ ကူညီခဲ့သောကြောင့်၊ TBC အဖွဲ့က နယ်စပ်နှစ်ဖက်လုံးတွင် အရေးပေါ်တုံ့ပြန် ကူညီပေးမှုများ ဆောင်ရွက်နိုင် ခဲ့သည်။

TBC အဖွဲ့၏ ထိုင်းနိုင်ငံရှိ ပုံမှန် အစီအစဉ်များအတွက် အခြားသော အစိုးရငွေကြေး ထောက်ပံ့မှုများမှာ ANCP ထံမှ Act-for-Peace အဖွဲ့ မှတဆင့်လည်းကောင်း၊ ဒိန်းမတ်နိုင်ငံမှ (DANIDA) က Danish Church Aid (DCA)

မှတဆင့်လည်းကောင်း၊ ပိုလန်သမ္မတနိုင်ငံ သံရုံး (ထိုင်းနိုင်ငံ) တို့မှ ရရှိပါသည်။ အစိုးရများထံမှ မဟုတ်သည့် ရန်ပုံငွေများမှာ Caritas-Australia  အဖွဲ့ ထံမှ အာဟာရ ရရှိရေးအတွက်၊ ICCO နှင့် အခြားသော တသီးပုဂ္ဂလ ပုံမှန်အလှူရှင်များထံမှ တနှစ်ပတ်လုံး ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ၏ UNOPS-Myanmar သည် LIFT ညွန့်ပေါင်းအဖွဲ့အစည်းမှတဆင့် မြန်မာနိုင်ငံတွင် အဆင့် (၂) Phase II ကို ကူညီပေးရန် သဘောတူညီခဲ့သည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ နောက်ထပ် ၁၅ လ သက်တန်းတိုးမည် ဖြစ်သည်။ ယင်းဂရန့်တွင် ပြန်လည်ထူထောင်ရေး/ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများအတွက် အကောင်အထည်ဖော်နေကြသည့် ဒေသခံမိတ်ဖက် အဖွဲ့အစည်းများကို လက်ခွဲဂရန့်များ ထပ်၍ပေးနိုင်မည် ဖြစ်သည်။




ခန့်မှန်း ထိုင်းဘတ် ၁၇၁ သန်း၊ သို့မဟုတ် ယခုနှစ် နှစ်စဉ် ဝင်ငွေ၏ ၂၀% ကို အရေးပေါ်တုံ့ပြန်ကူညီမှုအတွက် တိုက်ရိုက် ပံ့ပိုးခဲ့သည်။ ထိုင်းနယ်စပ်နှင့် မြန်မာနိုင်ငံ အတွက် အဓိကထည့်ဝင်ကြသည့် အလှူရှင်များမှာ USA-BPRM- (ထိုင်းဘတ် ၅၁ သန်း)၊ Australia-DFAT (ထိုင်းဘတ် ၃၀ သန်း)၊ MFAT-New Zealand (ထိုင်းဘတ် ၅၅ သန်း)၊ FCDO-UK (ထိုင်းဘတ် ၂၀ သန်း)၊ UNOPS-NEXUS- DCA မှတဆင့် (ထိုင်းဘတ် ၁၁ သန်း)၊ World Vision (ထိုင်းဘတ် ၃၃၃,၀၀၀)၊ နှင့် Sida- NRC မှတဆင့် (ထိုင်းဘတ် ၄ သန်း) တို့ ဖြစ်သည်။

**ဇယား ၅။ ၃။ တွင် အလှူရှင်တခုချင်းအလိုက် ရရှိသည့် ရန်ပုံငွေများကို ခွဲခြားဖော်ပြထားပါသည်။ အစိုးရများထံမှ ရရှိသည့် ရန်ပုံငွေသည် ယခုတိုင် ဝင်ငွေအားလုံး၏ ၉၉% ရှိဆဲဖြစ်ပြီး၊ အမေရိကန်ပြည်ထောင်စု US BPRM တခုတည်းထံမှပင် စုစု ပေါင်းဝင်ငွေ၏ ၅၆% ရရှိပါသည်။ ဤသို့ ရန်ပုံငွေရရှိမှုအဆင့်နှင့် TBC အဖွဲ့က လက်ငင်း အစီအစဉ်များ လိုအပ်ချက်များကို ဖြည့်ဆည်းပြည့်မှီနိုင်မည်ဟု မျှော်လင့်ထားပါသည်။ သို့အတွက်ကြောင့် လုပ်ငန်းလည်ပတ်နိုင်ပြီး ငွေကြေးအရ တည်ငြိမ် သည်ဟု ယူဆနိုင်ပါသည်။**

## ဇယား (၅။ ၃) ဝင်ငွေ- ၂၀၂၂ ခုနှစ်

| ဝင်ငွေ ၂၀၂၂ ခုနှစ် (ထိုင်းဘတ် ,၀၀၀) | | | | | | | |
|---|---|---|---|---|---|---|---|
| ရန်ပုံငွေ ရင်းမြစ် | | ၂၀၂၂ ခုနှစ် မူရင်းဘတ်ဂျက် | | ၂၀၂၂ ခုနှစ် အမှန်တကယ်သုံးစွဲ | | မူရင်းဘတ်ဂျက်မှ ပြောင်းလဲမှု | |
| အစိုးရများက ပေးသည့် ရန်ပုံငွေများ | ငွေကြေး | နိုင်ငံခြားငွေကြေး | ထိုင်းဘတ် ,၀၀၀ | နိုင်ငံခြားငွေကြေး | ထိုင်းဘတ် ,၀၀၀ | ထိုင်းဘတ် ,၀၀၀ | ရာခိုင်နှုန်း |
| **အစိုးရများက ပေးသည့် ရန်ပုံငွေများ** | | | | | | | |
| သြစတြေးလျ ANCP (Act for Peace) | AUD | ၂၃၈,၀၀၀ | ၅,၂၃၆ | ၁၆၁,၀၀၀ | ၃,၉၆၄ | (၁,၂၇၂) | -၂၄% |
| သြစတြေးလျ DFAT Thailand (IRC) | AUD | ၈၁၉,၉၆၅ | ၁၈,၀၃၉ | ၉၃၉,၉၆၅ | ၂၂,၁၆၅ | ၄,၁၂၆ | ၂၃% |
| ဒိန်းမတ်- DANIDA | DKK | ၁,၂၂၅,၈၄၀ | ၆,၁၂၉ | ၁,၇၇၄,၂၉၆ | ၈,၆၃၄ | ၂,၅၀၅ | ၄၁% |
| ယူကေ FCDO ၂၀၂၁-၂၀၂၂ | GBP | ၁,၃၉၈,၉၁၁ | ၅၈,၇၅၄ | ၂,၄၄၅,၄၃၀ | ၁၀၈,၆၈၈ | ၄၉,၉၃၄ | ၈၅ % |
| ယူကေ FCDO ၂၀၂၂-၂၀၂၃ | GBP | ၁,၅၀၀,၀၀၀ | ၆၃,၀၀၀ | ၂,၀၄၇,၀၀၀ | ၈၅,၄၀၇ | ၂၂,၄၀၇ | ၃၆% |
| UNOPS-LIFT Fund မြန်မာ | USD | ၁,၀၃၅,၉၅၈ | ၃၃,၁၅၁ | ၁,၁၆၃,၁၂၀ | ၃၈,၅၄၅ | ၅,၃၉၄ | ၁၆% |
| USA BPRM ၂၀၂၁-၂၀၂၂ | USD | | | ၂၀၃,၆၉၀ | ၆,၇၅၀ | ၆,၇၅၀ | - |
| USA BPRM ၂၀၂၂-၂၀၂၃ | USD | ၁၂,၀၀၀,၀၀၀ | ၃၈၄,၀၀၀ | ၁၂,၆၀၁,၄၁၀ | ၄၅၇,၈၀၉ | ၇၃,၈၀၉ | ၁၉% |
| UNOCHA-MHF | USD | | | (၅,၂၁၆) | (၁၉၃) | (၁၉၃) | - |
| ပိုလန်သံရုံး | USD | | | ၂၄,၅၉၇ | ၈၆၄ | ၈၆၄ | - |
| **အရေးပေါ် ရန်ပုံငွေ** | | | | | | | |
| နယူးဇီလန် MFAT | NZD | | | ၂,၅၀၀,၀၀၀ | ၅၅,၀၄၇ | ၅၅,၀၄၇ | - |
| SIDA- NRC | USD | | | ၁၂၀,၀၀၀ | ၄,၂၁၆ | ၄,၂၁၆ | - |
| ယူကေ FCDO | GBP | ၅၀၀,၀၀၀ | ၂၁,၀၀၀ | ၄၅၃,၀၀၀ | ၁၉,၀၂၆ | (၁,၉၇၄) | -၉% |
| UNOPS/DCA/NEXUS | USD | | | ၃၄၀,၇၇၆ | ၁၁,၀၉၆ | ၁၁,၀၉၆ | - |
| USA BPRM | USD | | | ၁,၃၉၈,၅၉၀ | ၅၀,၈၁၁ | ၅၀,၈၁၁ | - |

| | | | | | | | |
|---|---|---|---|---|---|---|---|
| DFAT | AUD | ၁,၂၀၀,၀၀၀ | ၂၇,၆၀၀ | ၁,၁၉၉,၆၈၂ | ၃၀,၀၉၂ | ၂,၄၉၂ | ၉% |
| **စုစုပေါင်း အစိုးရများမှ ထောက်ပံ့ငွေ** | | | **၆၁၆,၉၀၉** | | **၉၀၂,၉၂၁** | **၂၈၆,၀၁၁** | **၄၆%** |
| အစိုးရမဟုတ်သည့် ရန်ပုံငွေများ | | | | | | | |
| Caritas Australia | AUD | ၂၂၀,၀၀၀ | ၅,၁၅၇ | ၂၅၀,၀၀၀ | ၆,၃၂၅ | ၁,၁၆၈ | ၂၃% |
| Church World Service | USD | ၅၀,၀၀၀ | ၁,၅၅၀ | ၅၀,၀၀၀ | ၁,၇၆၅ | ၂၁၅ | ၁၄% |
| ICCO | EUR | ၅၀,၀၀၀ | ၁,၈၀၀ | ၅၀,၀၀၀ | ၁,၈၇၃ | ၇၃ | ၄% |
| | | | | | | | |
| **မြန်မာအရေးပေါ် ရန်ပုံငွေ** | | | | | | | |
| World Vision | USD | ၁၀,၀၀၀ | ၃၂၀ | ၁၀,၀၀၀ | ၃၃၃ | ၁၃ | ၄% |
| | | | | | | | |
| အခြားဝင်ငွေများ | | | ၁,၂၀၀ | | ၃၀၇ | (၈၉၃) | - ၇၄% |
| အတိုးနှုန်းမှ ဝင်ငွေ | | | | | ၃၁၄ | | - |
| **စုစုပေါင်း အခြား** | | | **၁၀,၀၂၇** | | **၁၀,၉၁၆** | **၅၇၅,၄၈၆** | **၆%** |
| **စုစုပေါင်း ဝင်ငွေ** | | | **၆၂၆,၉၃၆** | | **၉၁၃,၈၃၇** | **၂၈၆,၅၈၇** | **၄၆%** |
| | | | | | | | |
| အသုံးစားရိတ်များ | | | ၇၇၇,၀၆၁ | | ၈၇၅,၁၅၆ | ၉၈,၀၉၅ | ၁၃% |
| လက်ရှိနှစ်တွင် စုစုပေါင်း လွှဲပြောင်းမှု | | | (၁၅၀,၁၂၅) | | ၃၈,၆၈၁ | | |
| ယခင်မှ ဆက်၍သယ်ဆောင်လာသည့် ရန်ပုံငွေ | | | ၄၉၂,၃၀၂ | | ၄၉၂,၃၀၂ | | |
| စုစုပေါင်း ရှေ့ဆက်သယ်ဆောင်လာသည့် ရန်ပုံငွေ | | | **၃၄၂,၁၇၇** | | **၅၃၀,၉၈၃** | ၁၈၈,၈၀၆ | ၅၅% |
| လျှော့နည်းငွေ- ကန့်သတ်ထားသည့် ရန်ပုံငွေ | | | ၂၄၉,၀၀၂ | | ၄၅၀,၇၂၄ | ၂၀၁,၇၂၂ | ၈၁% |
| သတ်မှတ်ထားသည့် ရန်ပုံငွေ | | | ၆၁,၀၀၀ | | ၅၇,၂၂၀ | | |
| စုစုပေါင်း မရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှု | | | ၇၉၉ | | ၅၀၁ | | |
| | | | | | | | |
| **လွတ်လပ်စွာသုံးစွဲနိုင်သည့် အထွေထွေ ရန်ပုံငွေ** | | | **၃၁,၃၇၆** | | **၂၂,၅၃၈** | **(၈,၈၃၈)** | **- ၂၈%** |

**အသုံးစားရိတ်- ၂၀၂၂ ခုနှစ်**

**ဇယား ၅။ ၄။ မဟာဗျူဟာ ရည်မှန်းချက်များအလိုက် အသုံး**စားရိတ်**များ**

| **မဟာဗျူဟာ ရည်မှန်းချက်များ ၂၀၂၀-၂၀၂၂** | **ဘတ်ဂျက်** | **တိုက်ရိုက် အမှန်စာရင်း** | **အရင်းအမြစ်များ** | **စုစုပေါင်း အမှန်စာရင်း** |
|---|---|---|---|---|
| ၁။ လူသားချင်းစာနာမှု လိုအပ်ချက် | ၆၀၉,၀၀၀,၀၀၀ | ၆၄၈,၃၃၇,၇၄၆ | ၂,၇၁၉,၆၀၃ | ၆၅၁,၀၅၇,၃၄၉ |
| ၂။ စားနပ်ရိက္ခာ လုံခြုံမှု & အာဟာရ ရရှိမှု | ၂၃,၀၀၀,၀၀၀ | ၃၇,၀၂၈,၉၃၇ | ၈၇၄,၁၅၈ | ၃၇,၉၀၃,၀၉၅ |
| ၃။ ကာကွယ်ပေးမှုရှိသော ဝန်းကျင် & လုံခြုံသော အနာဂတ်များ | ၃၉,၀၀၀,၀၀၀ | ၄၇,၄၀၈,၉၈၈ | ၅၈၂,၇၇၂ | ၄၇,၉၉၁,၇၆၀ |
| ၄။ တာဝန်ယူတာဝန်ခံမှု & မိတ်ဖက်ပြုမှု | ၁၀၅,၃၀၀,၀၀၀ | ၁၁၂,၆၆၁,၉၅၀ | ၁,၇၄၈,၃၁၆ | ၁၁၄,၄၁၀,၂၆၆ |
| လုပ်ရှားမှုကုန်ကျစားရိတ်များ စုစုပေါင်း sub-total | ၇၇၆,၃၀၀,၀၀၀ | ၈၄၅,၄၃၇,၆၂၂ | ၅,၉၂၄,၈၄၉ | ၈၅၁,၃၆၂,၄၇၀ |
| ရန်ပုံငွေများ ရှာဖွေရန် ကုန်ကျစားရိတ် | ၇၀၀,၀၀၀ | ၅၄၆,၉၆၃ | ၁၄၂,၃၃၄ | ၆၈၉,၂၉၇ |

| | | | | |
|---|---|---|---|---|
| နိုင်ငံခြားငွေလဲလှယ်ရာတွင် ဆုံးရှုံးမှု | ၁,၀၀၀,၀၀၀ | ၂,၂၂၃,၆၄၃ | ၂၀,၈၈၀,၄၀၄ | ၂၃,၁၀၄,၀၄၇ |
| **စုစုပေါင်း ကုန်ကျစားရိတ်** | **၇၇၈,၀၀၀,၀၀၀** | **၈၄၈,၂၀၈,၂၂၉** | **၂၆,၉၄၇,၅၈၇** | **၈၇၅,၁၅၅,၈၁၅** |

TBC အဖွဲ့သည် ၂၀၂၀-၂၀၂၂ ခုနှစ်တွင် မဟာဗျူဟာ အစီအစဉ် ၃-နှစ်သို့ ဝင်ရောက်ပြီ ဖြစ်သည်။ TBC အဖွဲ့၏ အဓိကကျသည့် အစီအစဉ်များသည် အထက်ဖော်ပြပါ ဇယားတွင် ဖော်ပြထားသည့် မဟာဗျူဟာမြောက် ရည်မှန်းချက် ၄-ခုတွင် အတူ တကွ ပါဝင်ပေါင်းစည်းနေပါသည်။ တိုက်ရိုက်အမှန်တကယ် အသုံးစားရိတ်များကို မဟာဗျူဟာ ရည်မှန်းချက်များအလိုက် ပြန်၍ သုံးသပ်ပါသည်။ လုံလောက်သော အာဟာရ ဆက်လက်ရရှိနိုင်ရေးအတွက် သက်ဆိုင်သည့် ကုန်ကျစားရိတ်များနှင့် ဒုက္ခသည်စခန်းများအကြား သင့်လျော်သည့် အမိုးအကာ ခွဲဝေပေးနိုင်ရေး (လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ) အတွက် နှင့် ပြည်တွင်းဒုက္ခသည်များ (အရေးပေါ် ကယ်ဆယ်ရေးအကူအညီ) အတွက် အသုံးပြုခဲ့သည်။ အချို့သော ဖြစ်ရပ်များတွင် ဥပမာအားဖြင့် အာဟာရ ရရှိရေး၊ အမိုးအကာ၊ လစာ (ထောက်ပံ့ကြေး) နှင့် စခန်းစီမံခန့်ခွဲမှု စသည့် မတူခြားနားသော လုပ် ငန်းဆောင်တာများသည် ရည်မှန်းချက်တွင် အများတွင် ကိုက်ညီအံဝင်နေကြသည်။ယင်းကို ကုန်ကျစားရိတ် စင်တာများ အလိုက်၊ သီးခြားကုဒ်များဖြင့် ငွေစာရင်းတွင် ခွဲဝေဖြည့်သွင်းပါသည်။

ယေဘုယျအားဖြင့် ရည်ရွယ်ချက်တခုချင်းစီတွင် အောက်ဖော်ပြပါ အစီအစဉ် ကုန်ကျစားရိတ်များ ရှိသည်။
၁။ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ- ရိက္ခာကဒ် စနစ်၊ မီးထိုးဆီ၊ အမိုးအကာနှင့် အများစုသော အရေးပေါ်တုံ့ပြန် ကူညီမှုများ။
၂။ စားနပ်ရိက္ခာ လုံခြုံရေးနှင့် အာဟာရ ရရှိမှု- သဘာဝရင်းမြစ် စီမံခန့်ခွဲမှု၊ စိုက်ပျိုးရေး တိုးချဲ့ဆောင်ရွက်မှု၊ အာဟာရ ရရှိရေး မြှင့်တင်ပေးရေး၊ သန့်ရှင်းသော သောက်သုံးရေ၊ မိလ္လာနှင့် တကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ ကြားဝင်ကူညီပေးမှုများ။
၃။ ကာကွယ်ပေးမှုရှိသော ဝန်းကျင်နှင့် လုံခြုံသည့် အနာဂတ်များ- စခန်းစီမံခန့်ခွဲမှု လစာ (ထောက်ပံ့ကြေးများ) နှင့် အုပ်ချုပ် ရေး၊ အိမ်ပြန်ရေးနှင့် ပတ်သက်သည့် ကုန်ကျစားရိတ်များနှင့် လူမှုကာကွယ်ပေးရေးဆိုင်ရာ ကြိုးပမ်းမှုများ။
၄။ တာဝန်ယူ တာဝန်ခံမှုနှင့် မိတ်ဖက်ပြုမှု- လူသုံးကုန်ပစ္စည်းများကို အရည်အသွေး ထိန်းသိမ်းခြင်း၊ လုံခြုံမှု ကာကွယ်ပေး ခြင်းနှင့် စည်းမျဉ်းလိုက်နာမှု စောင့်ကြည့်လေ့လာခြင်း၊ အမိုးအကာ စောင့်ကြည့်လေ့လာမှုနှင့် ကူညီပေးမှု၊ ဒေသဆိုင်ရာ ပံ့ပိုး မှုနှင့် TBC အဖွဲ့၏ အဖွဲ့အစည်းဆိုင်ရာ ကုန်ကျစားရိတ်များ။

၂၀၂၂ ခုနှစ်အတွက် အစီအစဉ်များ အမှန်တကယ် အသုံးစားရိတ်မှာ ထိုင်းဘတ် ၈၅၂ သန်းရှိသည်။ (၂၀၂၁ ခုနှစ်ထက် ၁၇% ပို များပါသည်)။ နှစ်ကုန်တွင် TBC အဖွဲ့အနေဖြင့် နိုင်ငံခြားငွေလဲလှယ်မှုမှ ဆုံးရှုံးရငွေ ထိုင်းဘတ် ၂၃ သန်း ရှိခဲ့ပါသည်။ သို့ဖြစ်ရာ စုစုပေါင်းဖော်ပြသည့် အသုံးစားရိတ် ထိုင်းဘတ် ၈၇၅ သန်း ရှိခဲ့သည်။

အရင်းအမြစ်ဆိုင်ရာ ကုန်ကျစားရိတ်များတွင် လစာများ၊ အကျိုးခံစားခွင့်များနှင့် အစီအစဉ်များနှင့် အကောင်အထည်ဖော်မှု နှင့်ပတ်သက်၍ အခြားတိုက်ရိုက် ကုန်ကျစားရိတ်များ ပါဝင်သည်။ အချို့သော အရင်းအမြစ်ဆိုင်ရာ ကုန်ကျစားရိတ်များသည် လှုပ်ရှားမှုတခုကို တိုက်ရိုက်အကျိုးပြုသော်လည်း၊ အချို့မှာ စီမံခန့်ခွဲမှုအရ မတူခြားနားသည့် လှုပ်ရှားမှုများတွင် သတ်မှတ် ထားသည့်ဝန်ထမ်းများက သုံးစွဲရမည့်အချိန်ကို ခန့်မှန်းတွက်ချက်ပြီး ခွဲဝေသုံးစွဲခြင်း

ဖြစ်သည်။ စခန်းများတွင် ဒုက္ခသည် တဦးကို ထောက်ပံ့ပေးရန် ကုန်ကျစားရိတ်သည် ၂၀၂၂ ခုနှစ်တွင် ခန့်မှန်း ထိုင်းဘတ် ၆,၈၀၇ (GBP ၁၆၀) ကုန်ကျပါသည်။ ၂၀၂၁ ခုနှစ်တွင် ကုန်ကျစားရိတ် ထိုင်းဘတ် ၆,၄၅၃ နှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ အရင်းအမြစ်များနှင့် အုပ်ချုပ်မှုစနစ် ကုန်ကျစားရိတ်များမှာ တနှစ်တာအတွက် စုစုပေါင်းအသုံးစားရိတ်များ၏ ၁% အောက်သာ ကျသင့်ပါသည်။

အစီအစဉ်များနှင့် ပတ်သက်၍ အများဆုံး အပြောင်းအလဲကြီးသည့် အသုံးစားရိတ်များမှာ မြန်မာစစ်အာဏာသိမ်းမှုကြောင့် ဖြစ် ပေါ်လာသည့် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းကို တုံ့ပြန်ဖြေရှင်းရခြင်းနှင့် COVID-19 ကူးစက်ကပ်ဘေး၏ ထိခိုက် သက်ရောက်မှုများ ဆက်ရှိနေခြင်းကြောင့် ကုန်ကျရခြင်း ဖြစ်သည်။ TBC အဖွဲ့က ၂၀၂၁ ခုနှစ်မှ ကန့်သတ်ထားသည့် ရန်ပုံငွေမှ ဆက်လက်သယ်ဆောင်၍ ၂၀၂၂ ခုနှစ်တွင် ရှာဖွေနိုင်သည့် ရန်ပုံငွေအသစ်များ၏ အချိုးနှင့် နှိုင်းစာလျှင် ကုန်ကျစားရိတ်များ တိုးတက်သုံးစွဲခဲ့ရသည်။

အရေးပေါ်တုံ့ပြန်မှုများနှင့် တိုက်ရိုက်သက်ဆိုင်သည့် စုစုပေါင်းအသုံးစားရိတ်သည် ထိုင်းဘတ် ၂၃၃ သန်း ရှိပါသည်။ ယင်း အနက် ထိုင်းဘတ် ၃၇ သန်းကို ထိုင်းနိုင်ငံတွင် သုံးစွဲ၍ မြန်မာနိုင်ငံတွင် ပံ့ပိုးကူညီရန် ထိုင်းဘတ် ၁၉၆ သန်းသည် တိုက်ရိုက် ကူညီပေးခဲ့ပါသည်။ ဤကိန်းဂဏန်းများကို ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။

အများစုသော TBC အဖွဲ့၏ ထိုင်းနိုင်ငံတွင်းရှိ စခန်းများ အသုံးစားရိတ်မှာ ကြိုတင်ခန့်မှန်းထား၍ ရပါသည်။ လူဦးရေ၊ ရိက္ခာ ခွဲတမ်းနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းပြောင်းလဲမှသာ အပြောင်းအလဲများ ရှိတတ်ပါသည်။ ထိုင်းနိုင်ငံရှိ TBC အဖွဲ့၏ လုပ်ငန်းလည်ပတ်စားရိတ်များမှာ အစီအစဉ်များအတွက် စုစုပေါင်းကုန်ကျစားရိတ် ထိုင်းဘတ် ၅၄၀ သန်း ရှိပါသည်။ မြန်မာ နိုင်ငံတွင် အစီအစဉ်များ ကုန်ကျစားရိတ်မှာ ထိုင်းဘတ် ၆၈ သန်း ရှိပါသည်။

ယခုနှစ်၏ အများစုကာလတွင် COVID-19 ကူးစက်ကပ်ဘေးကြောင့် TBC အဖွဲ့၏ လုပ်ငန်းဆောင်တာများအပေါ် ဆက်လက် ၍ ထိခိုက်သက်ရောက်မှုများ ရှိခဲ့သည်။ သို့ဖြစ်ရာ မပြောင်းလဲတည်ငြိမ်နေသည့် ဒုက္ခသည်ဦးရေ ၈၀,၀၀၀ အတွက် ဘတ်ဂျက် များ အဆင်သင့်ပြင်ဆင်ထားရန် လိုအပ်သည်။ ထို့အပြင် ဒုက္ခသည်များအတွက် သက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေရရှိရေး အခွင့်အလမ်းများ နည်းပါးသွားသောကြောင့် အိမ်ထောင်စုများအတွက် COVID-19 ကာလရိက္ခာခွဲတမ်း ပေးရာတွင်၊ ယခင် အခြေအနေအတိုင်းဆိုလျှင် 'ထိခိုက်နစ်နာဖွယ်ရှိသော' အိမ်ထောင်စုများနှင့် 'အထူးထိခိုက်နစ်နာဖွယ်ရှိသော' အိမ်ထောင် စုများကို အဆင့်မြင့်၍ ထောက်ပံ့ပေးနေခဲ့ပြီး၊ စံနှုန်းကျသာမန် အိမ်ထောင်စုများကို 'အထူးထိခိုက်နစ်နာဖွယ်' အိမ်ထောင် စုများ၏ အဆင့် ထောက်ပံ့ပေးနေသည်။

COVID-19 ကူးစက်ကပ်ဘေးအပေါ် ကန့်သတ်မှုများကြောင့် TBC အဖွဲ့ဝန်ထမ်းများ၏ ခရီးသွားလာမှုကို အကန့်အသတ်ဖြစ် စေခဲ့ပြီး၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများကို မဆောင်ရွက်နိုင်ခဲ့ပါ။ စခန်းများသို့ ကိုယ်တိုင်ကိုယ်ကျ စောင့်ကြည့်လေ့လာမှု များကိုလည်း ဆောင်ရွက်ရာတွင် တနှစ်ပတ်လုံး အကန့်အသတ်များ ရှိခဲ့သည်။ မိတ်ဖက်အဖွဲ့အစည်းများက စခန်းများအတွင်း စောင့်ကြည့်လေ့လာမှုကို တင်းကျပ်စွာပြု၍ TBC အဖွဲ့က ကြီးကြပ်ပေးခဲ့သည်။ ယခင်နှစ်၏ IT နှင့် ဆက်သွယ်ရေးပစ္စည်းများ တွင် ရင်းနှီးမြှုပ်နှံထားမှုများကြောင့် TBC အဖွဲ့က ဤအပြောင်းအလဲအပေါ် အခြေအနေနှင့် ကိုက်ညီစွာ ထိရောက်သောနည်း လမ်းများ ပြောင်းလဲကြီးကြပ်မှု ပြုနိုင်ခဲ့သည်။

TBC အဖွဲ့က တင်းကျပ်ကန့်သတ်မှုများ မည်မျှအတိုင်းအတာအထိ စခန်းများ အတွင်း လျှင်မြန်စွာ ရုပ်သိမ်းနိုင်မည်ကို မသေချာသေးပါ။ နောက်ထပ် ပိတ်ဆို့ကန့်သတ်မှုများ ဆောင်ရွက်ရပါလျှင် အဆင် သင့် ဖြစ်နေစေရေး မီးသွေးများနှင့် စားနပ်ရိက္ခာ သိုလှောင်ထားမှုများ လုပ်ဆောင်ရန် လိုအပ်ပါသည်။

## **<u>၂၀၂၂ ခုနှစ် အမှန်တကယ် အသုံးစားရိတ်အပေါ် အလေးပေးဖော်ပြချက်များ</u>**

တစုံလုံးခြုံသည့် အစီအစဉ်ဆိုင်ရာ အသုံးစားရိတ်များ နှင့် အဓိကကုန်ကျစားရိတ်များကို အောက်တွင် ဖော်ပြထားပါသည်။

စားနပ်ရိက္ခာကဒ် (FCS) သည် TBC အဖွဲ့၏ ဒုက္ခသည်စခန်းများအတွက်နှင့် စုစုပေါင်း ကုန်ကျစားရိတ်အတွက် အကြီးမားဆုံး ဘတ်ဂျက်ကုန်ကျစားရိတ်အဖြစ် ဆက်လက်ရှိနေသည်။ ယင်းတွင် ဝန်ဆောင်ပေးမှုစားရိတ်များလည်း ပါဝင်ပြီး စုစုပေါင်း ထိုင်းဘတ် ၂၈၃ သန်း ရှိပါသည်။ ယင်းသည် ဘတ်ဂျက်ရေးဆွဲထားမှုနှင့် ကိုက်ညီပါသည်။ US-BPRM ထံမှ ရန်ပုံငွေများကို အမှတ်တကယ် လိုအပ်နေသည့် COVID ကူးစက်ကပ်ဘေးကြောင့် ရိက္ခာခွဲတမ်း မြှင့်ပေးခဲ့ရပြီး ယင်းအတိုင်း တူညီစွာ ဆက်လက် ရှိနေပါသည်။

မီးသွေးသည် TBC အ၏ဖွဲ့၏ စခန်းများနှင့်ပတ်သက်၍ ဒုတိယအကြီးမားဆုံး ဘတ်ဂျက်ကုန်ကျငွေ ဖြစ်သည်။ အသုံးစားရိတ် ထိုင်းဘတ်အားဖြင့် ၉၈ သန်း သို့မဟုတ် ဘတ်ဂျက်၏ ၁၃% ရှိနေသည်။ ဤကုန်ကျစားရိတ်တွင် အချို့မှာ စုဆောင်းသို လှောင်ထားခြင်းကြောင့်လည်း ပါဝင်ပြီး၊ နှစ်ဝက် စာရင်းပိတ်ပြီးနောက် ဂရန့်များမှ အမေရိကန်ဒေါ်လာ နိုင်ငံခြားငွေလဲလှယ် ရာမှ အမြတ်ရငွေများသည် ဆယ်စုနှစ် ၂-ခုအတွင်း နှိုင်းယှဉ်လျှင် အမြင့်မားဆုံး ရရှိခဲ့သည်။

အမိုးအကာပစ္စည်းများအတွက် ဘတ်ဂျက်တွင် ပုံမှန်အားဖြင့် စခန်းများတွင် အနိမ့်ဆုံးလိုအပ်ချက်အပေါ်တွင်သာ လွှမ်းခြုံမှု ရှိပါသည်။ ယခုနှစ်ဆန်းပိုင်းတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း သာလွန်ကောင်းမွန်ခြင်းကြောင့် TBC အဖွဲ့အစည်းအတွက် အပိုဆောင်း ဆောက်လုပ်ရေးပစ္စည်း လိုအပ်ချက်များ ဝယ်ယူနိုင်ရန် အခွင့်အလမ်းဖြစ်ပေါ်စေခဲ့သည်။ ယင်းအတွက် ဘတ်ဂျက်သည် စုစုပေါင်း၏ ၁၄% သို့မဟုတ် ထိုင်းဘတ် ၁၉ သန်း ရှိသည်။

စခန်းစီမံခန့်ခွဲမှု ကုန်ကျစားရိတ်များသည် ဘတ်ဂျက်အရ ထိုင်းဘတ် ၄ သန်း ရှိသည်။ ဤအချက်သည် နှစ်လယ်ပိုင်းတွင် နိုင်ငံ ခြားငွေလဲလှယ်နှုန်း လျှင်မြန်စွာ မြင့်တက်လာခြင်းနှင့် သက်ဆိုင်နေသည်။ စခန်းများအတွင်း လုံခြုံရေးကိစ္စအတွက် ယမန်နှစ် က ရင်းနှီးမြှုပ်နှံမှုများ နှင့် ရေရှည်ကတည်းက လိုအပ်နေသည့် ကွန်ပြူတာများနှင့် ပစ္စည်းကိရိယာများ ဝယ်ယူနိုင်မှုကြောင့် စခန်းကော်မီတီများနှင့် ဆက်သွယ်ရေး ပို၍တိုးတက် ကောင်းမွန်လာစေသည်။ ထိုင်းနိုင်ငံရှိ ပိုလန်သံရုံးက ကော်မီတီများ အတွက် ဆက်သွယ်ရေးနှင့် IT ပစ္စည်းများ ပို၍ဝယ်ယူနိုင်ရန် ထိုင်းဘတ် ၈၀၀,၀၀၀

လှူဒါန်းခဲ့သည်။ နိုဝင်ဘာလတွင် TBC အဖွဲ့က ဒုက္ခသည်စခန်းများရှိ ရာထူးအားလုံးအတွက် လစဉ်လစာ (ထောက်ပံ့ကြေး) ၂၀% တိုးမြှင့်ပေးခဲ့သည်။ ဤသို့တိုးမြှင့် ပေးမှုကြောင့် နှစ်စဉ်ဆက်၍ ထိုင်းဘတ် ၅.၇ သန်း ကုန်ကျမည် ဖြစ်သည်။

စားနပ်ရိက္ခာ လုံခြုံမှုနှင့် သက်မွေးဝမ်းကျောင်း အစီအစဉ်သည် အလားတူပင် သတ်မှတ်ထားသည့် ဘတ်ဂျက်ထက် ထိုင်းဘတ် ၁.၅ သန်း ကျော်လွန် ကုန်ကျခဲ့သည်။ အကြောင်းမှာ နှစ်လယ်ပိုင်းတွင် မိမိတို့အတွက် အခြေအနေပေးသော နိုင်ငံခြားငွေလဲနှုန်းဖြင့် ရရှိသောကြောင့် ဖြစ်သည်။ ယင်းငွေကို မွေးကင်းစကလေးများနှင့် ကလေးသူငယ်များ ကျွေးမွေးရေး အစီအစဉ်အတွက် ဘေဘီဘရိုက် (BabyBRIGHT) ဖြည့်စွက်စာများ ဝယ်ယူစုဆောင်းထားနိုင်သည်။

အဖွဲ့အစည်းဆိုင်ရာ ကုန်ကျစားရိတ်များမှာ ထိုင်းဘတ် ၉၀ သန်း ရှိသည်။ ယင်းသည် ဘတ်ဂျက်နှင့် ကိုက်ညီပါသည်။ လူပုဂ္ဂိုလ်ဆိုင်ရာ သက်ဆိုင်သည့်ကုန်ကျစားရိတ်များမှာ လစာများ၊ အကျိုးခံစားခွင့်များ၊ အာမခံကြေးများ နှင့် အိမ်ပြန်ခရီးထွက် ခြင်းများ ဖြစ်ပြီး၊ ဘတ်ဂျက်တွင် ထိုင်းဘတ် ၁ သန်း ပါဝင်သည်။ အထူးသဖြင့် တန်ဖိုးသင့်တော်သည့် ကျန်းမာရေးအာမခံ ကြေး ရရှိနိုင်ခြင်းကြောင့် ဖြစ်သည်။ ဝန်ထမ်းများ ရပ်ဆိုင်းမှုအတွက် စုစုပေါင်းကုန်ကျစားရိတ်မှာ ထိုင်းဘတ် ၅၈၇,၅၀၀ ရှိ သည်။ ခရီးသွားလာမှုနှင့် သက်ဆိုင်သည့် ငွေစာရင်းမှ စုစုပေါင်း စုဆောင်းငွေ ထိုင်းဘတ် ၆၀၀,၀၀၀ ခန့် ရှိသည်။ စခန်းများ သို့ ခရီးသွားလာမှုများ ပြန်လည်ဖြေလျှော့ပေးလာသည့်တိုင် ဤသို့စုဆောင်းမိခြင်း ဖြစ်သည်။ စုစုပေါင်း ခရီးသွားလာမှု အတွက် ဘတ်ဂျက် ထိုင်းဘတ် ၅.၄ သန်း ရှိသည်။ IT နှင့် ဆက်သွယ်ရေးပစ္စည်းများအတွက် ဘတ်ဂျက် ထိုင်းဘတ် ၂.၅ သန်း ရှိသည်။ အသစ်သော အမှုဆောင်ဒါရိုက်တာအတွက် လူသစ်စုဆောင်းမှု ကုန်ကျစားရိတ်မှာ ထိုင်းဘတ် ၁ သန်း ဖြစ်သည်။ TBC အဖွဲ့အတွက် နှစ်စဉ်လုပ်ငန်းစစ် ကုန်ကျစားရိတ်မှာ မျှော်လင့်ပြင်ဆင်ထားခြင်း မရှိဘဲ ၃၀% တိုးမြှင့်လာရာ စုစုပေါင်း ကုန်ကျစားရိတ် ထိုင်းဘတ် ၂.၄ သန်း ကုန်ကျခဲ့သည်။ ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် ထိုင်းဘတ် ၁.၈ သန်း ရှိသည်။

မြန်မာနိုင်ငံရှိ အသုံးစားရိတ်သည် ဘတ်ဂျက်တွက်ချက်ထားသည်ထက် ၁၂% ပို၍ ကုန်ကျခဲ့ပါသည်။ ဖြစ်ရသည့်အကြောင်း တစိတ်တပိုင်းမှာ ဂရန့်အကြီးနှစ်ခုကို ကုန်ကျစားရိတ်ဖြင့် တိုးချဲ့ခဲ့ခြင်းကြောင့် ဖြစ်သည်။ ယင်းတို့မှာ UNOPS-LIFT နှင့် UNOPS-NEXUS (DCA မှတဆင့်) ဂရန့်များ ဖြစ်သည်။ TBC အဖွဲ့က ယခင်နှစ်မှ မျှော်လင့်ထားသော်လည်း မသုံးဖြစ်သည့် လက်ကျန်ငွေစာရင်းကို ဆက် လက်သယ်ဆောင်လာခဲ့ပါသည်။ စုစုပေါင်း အသုံးစားရိတ်သည် ထိုင်းဘတ် ၆၈ သန်းနှင့် ညီမျှပါသည်။ ဂရန့်နှစ်ခုလုံးသည် ၂၀၂၃ ခုနှစ် နှစ်ကုန်အထိ ဆက်လက် ဆောင်ရွက်နေမည် ဖြစ်သည်။

မူလက လျာထားသည့် ဘတ်ဂျက်များထက် ပို၍ကုန်ကျသုံးစွဲခဲ့ရခြင်းမှာ စခန်း ၉-ခုရှိ ဒုက္ခသည်လူထုများ၏ အခြေခံလိုအပ်ချက်များနှင့် ကာကွယ်ပေးမှုများအပေါ် TBC အဖွဲ့က သေချာတုံ့ပြန် ဆောင်ရွက်ပေးနိုင်ရေးအတွက် ဖြစ်သည်။ အလားတူပင် ဤသို့ ထပ်တိုးသုံးစွဲရခြင်းမှာ မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှုကို တုံ့ပြန်ကူညီနိုင်ရန် (အသက်ကယ်ရေး လုပ်ငန်းဆောင်တာများနှင့် အစီအစဉ်များအတွက်) TBC အဖွဲ့က နောက်ထပ်အပို ရန်ပုံငွေ မြှင့်တင်နိုင်ခြင်းကြောင့်လည်း ဖြစ်သည်။ အလားတူပင် ယခုနှစ်အတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်းမှနေ၍ အမြတ်ငွေ ရရှိခဲ့သည်။

**ငွေစာရင်းရှင်းတမ်း (Balance Sheet)**

**ဇယား ၁။ ၁။ ဤနောက်ဆက်တွဲသည် နှစ်ကုန်တွင် ငွေသားနှင့် ဘဏ်စာရင်း လက်ကျန်များကို ဖော်ပြထားပြီး စုစုပေါင်း ထိုင်းဘတ် ၁၂၆ သန်း ရှိပါသည်။ ယခင်နှစ်နှင့် တူညီပါသည်။**

ဝင်ငွေ ရရှိမှုကို ငွေသားမရရှိမီတွင် အသိအမှတ်ပြုထားသည့်အခါ လက်ခံရရှိဖွယ် ရှိငွေ (receivable) အဖြစ် စာရင်းသွင်းပါသည်။ အချို့သော ရန်ပုံငွေများကို အရစ်ကျလွှဲပြောင်းပေးမှုပြုပြီး၊ အစီရင်ခံစာ လက်ခံရရှိပြီးမှသာ အသုံးစားရိတ် လက်ခံဖြတ် ပိုင်းများ အသိအမှတ်ပြုပြီးမှသာ ရရှိနိုင်သည်။ နှစ်တနှစ်တွင် လက်ခံရရှိဖွယ် ရှိငွေ (receivable) အဆင့်သည် အပြောင်းအလဲ ရှိနိုင်ပါသည်။ သဘောတူညီချက်များကို မည်သည့်အချိန်တွင်လက်မှတ်ရေးထိုးသည်၊ ငွေလွှဲပေးမှု မည်သည့်အချိန်တွင်ဆောင် ရွက်သည့်အပေါ် မူတည်သည်။ အလှူရှင်ထံမှ လက်ခံရရှိဖွယ် ရှိငွေ (receivable) များသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ အကုန် တွင် စုစုပေါင်း ထိုင်းဘတ် ၄၂၄ သန်း ရှိသည်။

TBC အဖွဲ့၏ စခန်းများသို့ ပစ္စည်း တင်သွင်းထောက်ပံ့ပေးနေသူများသို့ ပုံမှန်ငွေပေးချေမှု ပြုသည်မှာ ပစ္စည်းပို့ဆောင်ပြီးချိန်မှ စ၍ ရက် ၃၀ ဖြစ်ပါသည်။ ငွေပေးချေရမည့် စာရင်းတွင် ပေးချေရမည့် ကုန်ကျစားရိတ် တန်ဖိုးများကို ဖော်ပြထားပြီး၊ ယင်းကို ပစ္စည်းတင်သွင်းသူ၊ ဈေးသည်များသို့ ပေးချေရခြင်း မပြုရသေးပါ။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအကုန်တွင် ပေးချေရမည့် ငွေ စာရင်းတန်ဖိုးမှာ ထိုင်းဘတ် ၂၂ သန်း ဖြစ်ပါသည်။

၂၀၂၂ ခုနှစ် အကုန်တွင် စာရင်းပိတ်လက်ကျန်ငွေမှာ စုစုပေါင်း ထိုင်းဘတ် ၅၃၁ သန်း ရှိပါသည်။ စုစုပေါင်း အပေါင်းလက္ခဏာ ဆောင်သည့် ငွေအရွှေ့အပြောင်း (positive net movement) ထိုင်းဘတ် ၃၈ သန်း ရှိပါသည်။

ရန်ပုံငွေ ငွေလက်ကျန်စာရင်းကို အမျိုးအစား ၅ ခုအဖြစ် ခွဲခြားနိုင်သည်။

- ကန့်သတ် ရန်ပုံငွေ (Restricted) ဆိုသည်မှာ အလှူရှင်များက သီးခြားရည်ရွယ်ချက် သို့မဟုတ် လှုပ်ရှားမှုများအတွက် စည်းကမ်းသတ်မှတ် ပြဌာန်းထားသည့် ရန်ပုံငွေများ ဖြစ်သည်။ စုစုပေါင်းတန်ဖိုး ထိုင်းဘတ် ၄၅၁ သန်းရှိသည်။
- TBC အဖွဲ့၏ စုစုပေါင်း သတ်မှတ်ထားသည့် ရန်ပုံငွေများမှာ ထိုင်းဘတ် ၅၇ သန်း ရှိပြီး အောက်ပါကိစ္စများ ပါဝင်သည်။
    - ထိုင်းဘတ် ၂၇ သန်းမှာ ဝန်ထမ်းများ လုပ်ငန်းရပ်စဲရပါလျှင် ပေးဆောင်ရမည့် ကုန်ကျစားရိတ် အပြည့်အဝ (ဖြစ်နိုင်ခြေ) ကို ကာမိစေရန် ဖြစ်သည်။ အကယ်၍ TBC အဖွဲ့က မြန်မာနိုင်ငံမှ ထွက်ပြေးလာသူများကို ဆက်လက် ထောက်ပံ့ပေးရန် မလိုအပ်တော့ပါလျှင် ဝန်ထမ်းများလည်း လိုအပ်တော့မည် မဟုတ်ပေ။ ဤရန်ပုံငွေကို နှစ်စဉ် ပြန်လည်ချိန်ညှိသတ်မှတ်ပြီး ထွက်ခွာရမည့် ဝန်ထမ်းများနှင့် ရေရှည်ဝန်ဆောင်ပေးခဲ့မှု စသည့်အချိုးကို တွက် ချက်ထားသည်။
    - ထိုင်းဘတ် ၃၀ သန်းမှာ အကယ်၍ အဖွဲ့အစည်းကို နောက်ဆုံးပိတ်သိမ်းရမည်ဆိုလျှင် ကုန်ကျမည့်စားရိတ်ကို ကာမိစေရန် ဖြစ်သည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် TBC ဘုတ်အဖွဲ့က ပိတ်သိမ်းမှုဆောင်ရွက်ရာတွင် လုပ်

ငန်းဆောင်တာများအပေါ် ပြန်၍ချိန်ညှိထားသော ဘတ်ဂျက်ကို ပြန်လည်သုံးသပ် ထားခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ဆုံးဖြတ်ချက်အရ ထိုင်းဘတ် ၅,၀၀၀,၀၀၀ လျှော့၍ ပြန်လည် အသိအမှတ်ပြုထားသည်။
    - မရွှေ့ပြောင်းနိုင်သော ပစ္စည်းများပိုင်ဆိုင်မှု စုစုပေါင်းတန်ဖိုးမှာ ထိုင်းဘတ် ၅၀၀,၈၆၇ ဖြစ်သည်။
- လက်ကျန်စာရင်းတွင် ထိုင်းဘတ် ၂၃ သန်း ရှိသည်။ လွတ်လပ်စွာ သုံးစွဲနိုင်သည့် အရန်ချန်ထားငွေ ဖြစ်သည်။

**ငွေသားစီးဆင်းမှု (Cash Flow) ဇယား ၁။ ၂။ နောက်ဆက်တွဲတွင် ဖော်ပြထားရာ၌ ထိုင်းဘတ် (ထောင်ဂဏန်း၊ ,၀၀၀ ဖြင့်) လစဉ် အမှန်တကယ် ငွေစီးဆင်းမှု နှင့် ငွေလည်ပတ်မှု- အပိုငွေသား liquidity surplus/ (လိုအပ်ချက်) များကို ၂၀၂၂ ခုနှစ် အတွက် ဖော်ပြထားသည်။ ယခုနှစ်အတွက် စုစုပေါင်း ငွေစီးဆင်းမှုမှာ ထိုင်းဘတ် ၁.၅ သန်း ဖြစ်သည်။ ယင်းတွင် ငွေသားရရှိ မှု စုစုပေါင်း ထိုင်း ဘတ် ၈၄၁ သန်း နှင့် ပစ္စည်းထောက်ပံ့သူများထံ ပေးချေရမှု ထိုင်းဘတ် ၈၃၉ သန်း ပါဝင်သည်။**

ငွေသားလည်ပတ်မှု (Liquidity) ပြဿနာကို အနီးကပ်စောင့်ကြည့် လေ့လာမှုပြုသည်။ ယင်းမှာ အလှူရှင်များက အချိန်မီ ငွေ လွှဲပြောင်းပို့ပေးသည့်အခါ အဓိကပြဿနာတခု မဟုတ်ပါ။ သို့သော်လည်း TBC အဖွဲ့က အလှူရှင်များထံမှ ကြိုတင်ထုတ်ပေး ငွေ နှောင့်နှေးရရှိသည့်အခါ အကဲဆတ် ပြဿနာ ရှိပါသည်။ အထူးသဖြင့် ဒုတိယနှင့် တတိယ ၃-လပိုင်းတွင် အမိုးအကာ နှင့် မီးသွေးတို့နှင့် ပတ်သက်၍ စုဆောင်းဝယ်ယူမှု အကြီးအကျယ်ပြုကြရသည့် အခါမျိုးတွင် ဖြစ်သည်။ TBC အဖွဲ့က ပုံမှန်အား ဖြင့် ၆၀%+ ကျော်သော ဘတ်ဂျက်ကို နှစ်တနှစ်၏ ပထမနှစ်ဝက်တွင် အသုံးပြုကြရပါသည်။

၂၀၂၂ ခုနှစ်တွင် TBC အဖွဲ့အနေဖြင့် အဓိကကျသည့် ငွေသားလည်ပတ်မှု ပြဿနာများ မကြုံတွေ့ခဲ့ရသော်လည်း၊ အရေးပေါ် အခြေအနေများ တုံ့ပြန်ကူညီရန် မိတ်ဖက်အဖွဲ့အစည်းများသို့ ကြိုတင်ငွေ ထုတ်ပေးရမှုများ တိုးတက်များပြားလာသည်။ အလှူရှင်အဖွဲ့များက TBC အဖွဲ့ထံ မည်မျှမြန်မြန်ဆန်ဆန် ကြိုတင်ငွေ ထုတ်ပေးနိုင်မည် ဆိုသည်နှင့် TBC အဖွဲ့က ယင်း ပမာဏတူ ရန်ပုံငွေကို မိတ်ဖက်အဖွဲ့အစည်းများထံသို့ ပြန်ထုတ်ပေးနိုင်မည် ဟူသော အချက်အပေါ် မူတည်၍ စီမံခန့်ခွဲမှု ပြုရန် ဆက်လက်၍ စိန်ခေါ်မှုများ ကြုံနေရဆဲ ဖြစ်ပါသည်။

မိတ်ဖက်အဖွဲ့အစည်းများသို့ လက်ခွဲဂရန့် (subgrants) အရေအတွက်မှာ ၂၀၂၀ ခုနှစ်တွင် ၂၈ ခုမှ ၂၀၂၂ ခုနှစ်တွင် ၉၅ ခုသို့ တိုးများလာသည်။ အချို့အဖွဲ့များမှာ အမျိုးမျိုးသော စီမံကိန်းများအတွက် ကြိုတင်ပေးရငွေများ အမျိုးမျိုး ပေးခဲ့ရသည်။ တနှစ်ပတ်လုံးတွင် ပျမ်းမျှအားဖြင့် ကြိုတင်ထုတ်ပေးရငွေ ထိုင်းဘတ် ၄၁ သန်း ပုံမှန်အားဖြင့် ရှိခဲ့သည်။ ငွေလက်ကျန်စာရင်း တွင် နည်းသည့်အခါ ဤငွေပမာဏသည် TBC အဖွဲ့က အချိန်ကာလတခုတွင် မည်မျှအတိုင်းအတာ ဆောင်ရွက်နိုင်မည်ဆို သည်ကို အကန့်အသတ် ဖြစ်စေသည်။

အလှူရှင်များအနေဖြင့် သဘောတူညီချက် လက်မှတ်ရေးထိုးပြီးသည်နှင့် မကြာမီတွင် အရေးပေါ် ရန်ပုံငွေများ လွှဲပြောင်း ထုတ်ပေးရန် လိုအပ်ပါသည်။ သို့မဟုတ်ပါက လုပ်ငန်းအကောင်အထည်ဖော်ရာတွင် နှောင့်နှေးမှုများ ဖြစ်ပေါ် နိုင်ပါသည်။

ဤ အချက်မှာ အလှူရှင်များက အရေးပေါ်ရန်ပုံငွေများကို ပုံမှန် ဂရန့်ထောက်ပံ့မှုများနှင့် ပေါင်းစည်းတွဲချိတ်သည့်အခါ TBC အဖွဲ့ အနေဖြင့် လုပ်ငန်းစဉ်စက်ဝိုင်း အပြည့်အဝဖြစ်စေရန် စောင့်ဆိုင်းနေရသည့်အခါမျိုး၌ အထူးသဖြင့် ဖြစ်တတ်ပါသည်။

**ဂရန့် ခွဲဝေသတ်မှတ်မှုများ**

**ဇယား ၁။ ၃။** နောက်ဆက်တွဲ ဇယားများတွင် အလှူရှင်တဖွဲ့ချင်း၏ အသုံးစားရိတ်များကို TBC အဖွဲ့၏ တစုံလုံးဆိုင်ရာ မဟာဗျူဟာ ရည်မှန်းချက်များအတိုင်း ခွဲခြားဖော်ပြထားပါသည်။

ကန့်သတ်ထားသည့် ရန်ပုံငွေများကို သတ်မှတ်ထားသည့်၊ အထွေထွေ ရန်ပုံငွေများနှင့် ခွဲခြားထားရှိပါသည်။ ကန့်သတ်ရန်ပုံငွေများ၏ ဝင်ငွေများနှင့် အသုံးစားရိတ် ပေးဆောင်မှုများကို TBC ၏ စာရင်းဇယား မှတ်တမ်းထိန်းသိမ်းမှုအရ ဦးတည်ချက်များ အတိုင်း တိုက်ရိုက်ခွဲဝေမှု ပြုသည်။ အတိအကျ ခွဲဝေသုံးစွဲပေးရန် မလိုအပ်သည့် အလှူရှင်များ၏ လှူငွေများအဖို့ ရန်ပုံငွေများကို ဇယား၏ အောက်ခြေတဝက်တွင် မဟာဗျူဟာရည်မှန်းချက်များအတွက် off-line သဘော ခွဲဝေချမှတ် အသုံးပြုသည်။ ရှေ့သို့ယူဆောင်လာသည့် ငွေစာရင်းလက်ကျန်များသည်၊ ယခုတိုင်မပြုရသေးသည့် အသုံးစရိတ်များကို ဝင်ငွေများ အလိုက် ကိုယ်စားပြုဖော်ပြထားခြင်း ဖြစ်သည်။

## ၂၀၂၂ ခုနှစ် အမှန်တကယ် ဘတ်ဂျက်နှင့် ၂၀၂၃ ခုနှစ်အတွက် ဘတ်ဂျက်ကြိုတင် ခန့်မှန်းချက်

| မဟာဗျူဟာ ရည်မှန်းချက်များ | ၂၀၂၂ အမှန်စာရင်း | ၂၀၂၃ ဘတ်ဂျက် |
|---|---|---|
| ၁။ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဦးစားပေးခြင်း | ၄၁၈,၀၀၀,၀၀၀ | ၄၆၆,၀၀၀,၀၀၀ |
| မြန်မာနိုင်ငံတွင် အရေးပေါ်အခြေအနေ | ၁၉၇,၀၀၀,၀၀၀ | ၁၁၅,၀၀၀,၀၀၀ |
| ထိုင်းနိုင်ငံတွင် အရေးပေါ်အခြေအနေ | ၃၆,၃၀၀,၀၀၀ | ၆၃,၀၀၀,၀၀၀ |
| ၂။ ကြံ့ကြံ့ခံနိုင်မှုနှင့် ပြန်လည်နာလံထမှုကို အားဖြည့်ပေးခြင်း | ၃၇,၀၀၀,၀၀၀ | ၅၄,၀၀၀,၀၀၀ |
| ၃။ ကာကွယ်ပေးမှုနှင့် လုံခြုံသော အနာဂတ်များအတွက် မြှင့်တင်ပေးခြင်း | ၄၇,၀၀၀,၀၀၀ | ၆၂,၀၀၀,၀၀၀ |
| ၄။ ဒေသန္တရအုပ်ချုပ်ရေးစနစ်ကို သန်မာအားကောင်းစေခြင်း | ၂၆,၀၀၀,၀၀၀ | ၃၄,၀၀၀,၀၀၀ |
| အဖွဲ့အစည်းဆိုင်ရာ ကုန်ကျစားရိတ် | ၁၁၃,၀၀၀,၀၀၀ | ၁၀၆,၀၀၀,၀၀၀ |
| **စုစုပေါင်း (ထိုင်းဘတ်ဖြင့်)** | **၈၇၄,၃၀၀,၀၀၀** | **၉၀၀,၀၀၀,၀၀၀** |
| **စုစုပေါင်း (အမေရိကန်ဒေါ်လာဖြင့်)** | **၂၆,၄၉၃,၉၃၉** | **၂၇,၃၀၀,၀၀၀** |

**ဝင်ငွေ**

မျှော်လင့်ထားသည့် ဝင်ငွေမှာ ၂၀၂၃ ခုနှစ်အတွက် ထိုင်းဘတ် ၈၀၃ သန်း ရှိပါသည်။ တည်ဆဲ အလှူရှင်များအပေါ်တွင် လုံးဝ မှီခိုတွက်ချက်ထားခြင်း ဖြစ်ပြီး၊ ထိုင်းနိုင်ငံတွင်းရှိ စခန်းများ၏ ပုံမှန်လိုအပ်ချက်အပေါ် ပြည့်မှီစေရန် အနိမ့်ဆုံးတွက်ချက်ထား ခြင်း ဖြစ်သည်။ ဤကိန်းဂဏန်းသည် ၂၀၂၂ ခုနှစ်ထက် ထိုင်းဘတ် ၁၀၀ သန်း လျှော့နည်းကြောင်း

ထင်ဟပ်ဖော်ပြနေပါ သည်။ ဤသို့ လျှော့နည်းခြင်းမှာ အရေးပေါ်အကူအညီများနှင့် ပတ်သက်၍ ဆက်လက်ထောက်ပံ့ပေးရန် သေချာမသိနိုင်သော ကြောင့် ဖြစ်ပါသည်။

**<u>အသုံးစားရိတ်အပေါ် ခန့်မှန်းချက်များ</u>**

- တနှစ်လုံးအတွက် TBC အဖွဲ့က လူဦးရေ ၈၂,၀၀၀ အထက် ၃% တိုးတက်မှန်း၍ ဘတ်ဂျက်ကို ရေးဆွဲပါသည်။
- ရိက္ခာကဒ်စနစ် (FCS) သည် စုစုပေါင်းအသုံးစားရိတ် ဘတ်ဂျက်၏ ၃၆% ရှိပါသည်။ FCS စနစ်ဖြင့် လူသုံးကုန်ပစ္စည်း များ အဆမတန်ဈေးကြီးမြင့်လာခြင်းကြောင့် ဒုက္ခသည်များအပေါ် ကျရောက်စေပါသည်။ TBC အဖွဲ့က စခန်းများ အတွင်း ဈေးသည်များက ရောင်းချနေသည့် လူသုံးကုန်ပစ္စည်းများ၏ ဈေးနှုန်းများကို စောင့်ကြည့်လေ့လာနေပြီး၊ ရိက္ခာကဒ်ဖြင့် ဝယ်ယူနိုင်သည့်စွမ်းအား တည်ငြိမ်မှုရှိစေရန်၊ လျော်ကန်သင့်တော်သည့် ဈေးနှုန်းဘောင်အတွင်း ရှိနေ စေရန် စီမံပေးပါသည်။
- TBC အဖွဲ့က ခန့်မှန်းသည်မှာ COVID-19 ကူးစက်ကပ်ဘေးကာလ စားနပ်ရိက္ခာခွဲတမ်း ထောက်ပံ့ပေးမှုအတိုင်း ဆက်လက်၍ မထောက်ပံ့နိုင်ပါ။ ၂၀၂၃ ခုနှစ် နောက်ပိုင်းကာလ တချိန်ချိန်တွင် ကပ်ဘေးမတိုင်မီ ခွဲဝေထောက်ပံ့မှုသို့ ပြန်လျှော့ချမည် ဖြစ်ပါသည်။
- မြန်မာနိုင်ငံဆိုင်ရာ အစီအစဉ်များသည် အားလုံးနီးပါး မိမိဘာသာ ရန်ပုံငွေဖြင့် လည်ပတ်နေပြီး၊ TBC အဖွဲ့အပေါ် မှီခိုနေသည့် ရန်ပုံငွေများကို မြှင့်တင်နိုင်ပါသည်။
- မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် အကျပ်အတည်းကြောင့် အိမ်ပြန်ရေးအစီအစဉ်များ ရပ်ဆိုင်းထားရပြီး၊ လူသားချင်း စာနာမှုဆိုင်ရာ အကျပ်အတည်း ကြီးမားဆိုးရွားလာသည်။ အရေးပေါ်လုပ်ငန်းများအတွက် လိုအပ်ချက်များ များပြား လာသည်။ TBC အဖွဲ့က လက်ဦးမှုရှိတက်ကြွစွာဖြင့် ရန်ပုံငွေရှာဖွေ၍ ရရှိသည့်ငွေများအလျှောက် တုံ့ပြန်ကူညီပေးမှု ပြုပါသည်။
- ဘတ်ဂျက်ကို စောင့်ကြည့်လေ့လာရာ၌ နိုင်ငံခြားငွေလဲနှုန်း (FX rates) သည် အရေးကြီးသည့် ကိန်းရှင်တခု ဖြစ်သည်။ အကြောင်းမှာ နိုင်ငံခြားငွေများဖြင့် ထောက်ပံ့ပေးလာသည့် ဂရန့်များကို လဲလှယ်ရမည် ဖြစ်သည်။ သို့အတွက်ကြောင့် ထိုင်းဘတ်ငွေဖြင့် ဝယ်နိုင်စွမ်းအားမှာ တည်ငြိမ်နေမည် ဖြစ်သည်။
- TBC အဖွဲ့က ပြီးခဲ့သည့်နှစ်များတွင် ဝန်ထမ်း ၅၈ ဦးဖြင့် စီမံလည်ပတ် ဆောင်ရွက်နေပါသည်။ သို့သော် ပို၍တိုးများ လာသည့် အလုပ်ဝန်များနှင့် တောင်းဆိုချက်များကြောင့် လူအင်အား ပို၍လိုအပ်မည်ဟု ဆုံးဖြတ်ထားပါသည်။ နောက်ထပ်လိုအပ်မည့် ရာထူးတာဝန်များအတွက် လူသစ်စုဆောင်းမှုကို ၂၀၂၂ ခုနှစ် အကုန်ပိုင်းကာလများအထိ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်တွင်လည်း စုစုပေါင်း ၆၂ ဦး ပြည့်သည်အထိ ဆက်လက်၍ စုဆောင်း သွားပါမည်။
- စခန်းတွင်း အလုပ်အကိုင်များအတွက် လစာ (ထောက်ပံ့ငွေ) မှာ နှစ်ပေါင်းများစွာ မပြောင်းလဲပဲ ရှိနေခဲ့သည်။ သို့ဖြစ် ရာ ၂၀% တိုးမြှင့်ပေးရန် ဘတ်ဂျက်တွက်ချက်ထားပါသည်။
- ဤအချက်များအပေါ် မူတည်၍ TBC အဖွဲ့က စုစုပေါင်း အသုံးစားရိတ်များအတွက် ထိုင်းဘတ် ၉၀၀ သန်း ခန့်မှန်း ထားပါသည်။ ၂၀၂၂ ခုနှစ် အမှန်တကယ် အသုံးစားရိတ်ထက်စာလျှင် ထိုင်းဘတ် ၅၀ သန်း တိုးများလာသည်။ (နိုင်ငံခြားငွေ လဲလှယ်နှုန်းကြောင့် နစ်နာရမှုများ မပါဝင်ပါ)။

# ရန်ပုံငွေ ရရှိမှု

**ဇယား ၅။ ၅။ ၂၀၁၄-၂၀၂၂ ခုနှစ် ဝင်ငွေနှင့် သုံးငွေ နှင့် ၂၀၂၃ ခုနှစ်အတွက် ခန့်မှန်းထားချက်များ (ထိုင်းဘတ် သန်း)**




## ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် ဘဏ္ဍာရေး အလားအလာ

TBC အဖွဲ့က စခန်းများ၏ ပြင်ပတွင် ဒုက္ခသည်များအတွက် သူတို့၏မိမိဘာသာ ဖူလုံရေးတိုးမြင့်လာစေရန် သက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ရှာဖွေဆဲ ဖြစ်ပါသည်။ ထို့အပြင် စခန်းများအတွင်း ကျန်ရှိနေသော အထူးထိခိုက်နစ်နာဖွယ်ရှိသည့် လူအုပ်စုများကို ဆက်လက်၍ ပံ့ပိုးပေးနေဆဲ ဖြစ်သည်။ မြန်မာနိုင်ငံတွင် အကြမ်းဖက် ဆူပူအုံကြွမှုများ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ဖြစ်ပွားလာခဲ့ရာ နိုင်ငံ၏ ပို၍ဆိုးရွားလာသည့် အခြေအနေများကြောင့် အိမ်ပြန်ရေးမှာ ဖြစ်နိုင်ခြေ မရှိပါ။ လာမည့်နှစ်အချို့တိုင် ဖြစ်နိုင်ဖွယ် မမြင်သေးပါ။ သို့အတွက်ကြောင့် TBC အဖွဲ့၏ နယ်စပ်တွင် အဓိကအခန်းကဏ္ဍမှာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ မိတ်ဖက်အဖွဲ့အစည်းများနှင့် လုပ်ကိုင်၍ ယခင်ကအတိုင်း ဆက်လက်အရေးပါတည်ရှိနေရမည် ဖြစ်ပါသည်။ သို့တိုင်အောင် TBC အဖွဲ့က ဝင်ငွေရရှိရေး မျှော်မှန်းချက်များအပေါ် မှီခိုကိုးစားနိုင်သည်ဟု ယုံကြည် ချက် အပြည့်ရှိနေပါသည်။ ၂၀၂၃ ခုနှစ်အတွင်း စခန်းများလိုအပ်ချက်အတွက် ဖူလုံနိုင်ပါသည်။ တိုး၍ဖြစ်ပေါ်နေသည့် တောင်းဆိုချက်များကြောင့် နောက်ထပ်ရန်ပုံငွေများ လိုအပ်နိုင်ပါသည်။

TBC အဖွဲ့၏ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသမှ မိတ်ဖက်အဖွဲ့အစည်းများနှင့် လုပ်ဆောင်မှုများသည် အရေးပေါ်တုံ့ပြန်ကူညီမှုများအတွက် ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပြီး၊ ရန်ပုံငွေလိုအပ်ချက်များ ဆက်လက်ရှိနေမည်သာမက တိုးချဲ့လာ မည်ဟု မျှော်လင့်ထားပါသည်။ မြန်မာနိုင်ငံရှိ အစီအစဉ်များနှင့် ပတ်သက်သည့် ကုန်ကျစားရိတ်များမှာ ၂၀၂၃ ခုနှစ်အတွင်း ၁၀၀% ပြည့် မိမိဘာသာ တည်တံ့နေအောင် ထိန်းသိမ်းထားနိုင်မည်ဟု မျှော်လင့်ပါသည်။ UNOPS- LIFT’s,

FCDO, UNOPS-Nexus အဖွဲ့အစည်းများနှင့် USAID ထံမှ အပြည်ပြည်ဆိုင်ရာ ရပ်ရွာမိတ်ဖက်များ အဖွဲ့ Community Partners International (CPI) နှင့် မိတ်ဖက်ပြု၍ ဂရန့်ရရှိနိုင်မည်ဟု မျှော်လင့်ထားပါသည်။

**နောက်ဆက်တွဲများ**

**နောက်ဆက်တွဲ (က) CCSDPT ၏ ဖွဲ့စည်းပုံ**

**နောက်ဆက်တွဲ (ခ)** ***ဘဏ္ဍာရေးဆိုင်ရာ ဇယားများ***

- ဇယား ခ ၁ ငွေစာရင်းရှင်းတမ်း- ဒီဇင်ဘာလ ၃၁၊ ၂၀၂၁ နှင့် ဒီဇင်ဘာလ ၃၁၊ ၂၀၂၂ ခုနှစ်
- ဇယား ခ ၂ ငွေစာရင်းရှင်းတမ်း- ဇန်နဝါရီမှ ဒီဇင်ဘာလ ၂၀၂၂ ခုနှစ် (ထိုင်းဘတ် ထောင်ဂဏန်း)
- ဇယား ခ ၃- ဂရန့်ခွဲဝေသတ်မှတ်မှု ဇန်နဝါရီ- ဒီဇင်ဘာလ ၂၀၂၂ ခုနှစ်

**နောက်ဆက်တွဲ (ဂ) အမည် အတိုကောက်များ**